


ဟာသစာစုများ
ပရော်ဖက်ရှင်နယ်
ပထမဆုံးနှင်းကျတဲ့နေ့

ပြည်ထောင်စုမပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
-ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
-ဒို့အရေး

**ပြည်သူ့သဘောထား**
ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား
ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
နိုင်ငံတော်တည်ငြိမ်ရေး
ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်
ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်
ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်
အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်
အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို
ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်
အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်
ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်
ပညာရည်မြင့်မားရေး

အကြည့်တော်
ဓ ၀ ဥ ၍
ကိုဆန်း
တ ည် း ဖြ တ် သ ည် ။

**တာဝန်ခံအယ်ဒီတာ**
ဥက္ကာမင်းဆက်

**အယ်ဒီတာအဖွဲ့**
ဆူပရာနို၊ သမီးချော၊
မိုးမိုး(B,sc)

**Layoutနှင့်အတွင်းသရုပ်ဖော်**
KO SAN
Art work group

**ကွန်ပျူတာစာစီ**
ကေသီ

**ဖြန့်ချိရေးမန်နေဂျာ**
ကိုမိုး

**ဖြန့်ချိရေး**
စိုးမိုးစာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

## ကဗျာခလုတ်

| | | |
|---|---|---|
| အန္တရာယ်ရှိသည် | မောင်နီတာ | 6 |
| လံကွတ်တီဝတ်ထားတဲ့ မိုးတိမ်ပေါ်က နယူတန်ရဲ့ပန်းသီး | ဇော်ဂနီ | 7 |

## ဟာသုတ ခလုတ်

| | | |
|---|---|---|
| မြစ်ပြင်ပေါ်ထင်ကျန်နေသော မြေမြေရာများ | အကြည်တော် | 8 |

## ဝတ္ထု ခလုတ်

| | | |
|---|---|---|
| တစ်ခါပြင် | မြေထက်လူ | 40 |
| လမ်းပြတ်မှတ်တိုင် | ဥက္ကာမင်းဆက် | 92 |
| ရောင်စုံသကြားလုံးလေးများ | ထိပ်တင်လက် | 84 |
| ပထမဆုံးနှင်းကျတဲ့နေ့ | ပြည့်ပိုင်မှူးအိမ် | 14 |
| အချစ်နှလုံးရောဂါ | မိုးဆက်လင်းထက် | 76 |
| ဂလိုဗယ်ချက်ဖောင်း | ဂ. ကြည်သူ | 126 |
| ကျွန်မတို့ ထမင်းမစားရသေးဘူး | ဆုမြတ်မွန်မွန် | 150 |

## ရုပ်ကွက်ထဲမှာ ရယ်စရာ ခလုတ်

| | | |
|---|---|---|
| သုံးဘဝကူး | သမီးချော | 60 |

## ကျန်းမာရေး ခလုတ်

| | | |
|---|---|---|
| ခေါင်းရှုံး ပုန်းရှောင် | ဝံ့ဗလုံး | 24 |
| အာလီ တိုင်စန် | အိုက်ဒီယာဘကျောက် | 140 |
| အတွေး | ဆူပရာနို | 37 |

## ရာဇဝင်ခလုတ်

| | | |
|---|---|---|
| ဒိုက်တမန် | အဂ္ဂသူရာစည်သူပါမွှား | 100 |

## အိုက်ဒီယာ ခလုတ်

| | | |
|---|---|---|
| ဟားခလုတ်မေတ္တာစာ | မဟာဗလာ | 110 |

## ထိုင်ရာ ခလုတ်

| | | |
|---|---|---|
| ရွှေပေမယ့်လည်း ပြုံးနေတယ် | မောင်နန်းမိုး | 168 |
| ဆရာ၏အသံသာနည်း နိသာရည်း | ဂျက်ကိုးကင်း | 178 |
| ပရော်ဖက်ရှင်နယ် | မျိုးကိုမျိုး | 184 |

## ဆော်မြိုင်ခလုတ်

| | | |
|---|---|---|
| ဆွိုးတီးအက်ဖ်အမ် | ဆွိုးတီး | 116 |

## ဘာသာပြန်ခလုတ်

| | | |
|---|---|---|
| ကလန်းဖလန်း ကံတရား | ရဲစတိုင်း | 52 |
| ထမင်းဝေးနှင့်အပေးအယူ | မျိုးဒါလင်မိုးလေး | 162 |

## ဒဿန ခလုတ်

| | | |
|---|---|---|
| ခိုင်ကြောင်မျက်နှာစာ | မိုးမိုး(B,Sc) | 23 |

## ကိုယ်တွေ့ခလုတ်


| | | |
|---|---|---|
| ပဟေဠိစာမျက်နှာ | စံမိမိ | 83 |
| အကြေး | အောင်နိုင်မင်း | 71 |
| ရောမရောက် ၂၁ရာစု လူသား | ခွင်း | 138 |
| ညီမလေးကို ခေါ်လိုက်မယ် | ကောင်းကင်သစ် | 183 |
| ဟားကြည့်အားရှိ | ဂျပ်ကြီး | 123 |
| ရန်များအောင်စကားပြောနည်း | ဆရာကြပ်ခိုး | 161 |


## အသုပ်သင့် ခလုတ်

ဟာသ


| | | |
|---|---|---|
| ထာဝရအတွက်ဟာသတစ်ခွက် | အေနွန် | 191 |


ပုံပြင်


| | | |
|---|---|---|
| ကြွက်မင်းကြီးရဲ့သမီးတော် | မရွှေနွယ် | 195 |


ဥာဏ်စမ်း


| | | |
|---|---|---|
| ဘယ်လိုဖြစ်သင့်လဲ | အုပ်လှကြီး | 199 |



အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၈၀၀၊
အဖုံးပန်းချီဒီဇိုင်း- ကိုဆန်း၊ အဖုံးဖလင်- EAGLE
အတွင်းဖလင်- ဦးထွန်းဆိုင်၊
ထုတ်ဝေသူ- ဒေါ်မိုးသီတာ(စိုးမိုးစာပေ)(မြ-၀၃၈၅၁)
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်သူ- ဦးမြင့်သန်း(မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
စာအုပ်ချုပ်- ကိုသန်းဌေး၊
ပုံနှိပ်ခြင်း-၂၀၁၁ခုနှစ်၊ ဩဂုတ်လ၊
စာမူခွင့်ပြုအမှတ်-၅၀၀၇၃၁၀၆၁၁
မျက်နှာဖုံးခွင့်ပြုအမှတ်-၅၀၀၇၅၇၀၇၁၁


# ဟာသခလုတ်


အယ်ဒီတာအဖွဲ့ရုံးခန်း
အမှတ်(၁၁၃)၊
ကန်သာယာလမ်း၊
၂၆ ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း- ၅၉၅၀၁၅


အနယ်နယ်အရပ်ရပ်မှ
စာမူများကို ဖိတ်ခေါ်ပါသည်။
ရွေးချယ်ဖော်ပြခံရပါက ထိုက်တန်သောစာမူခကို
ချီးမြှင့်ပါမည်။


၈၉၅. ၈၃

ကလောင်စုံ
ဟားခလုတ်(၁၀)/ကလောင်စုံ။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၀၂-စာ၊ ၁၃. ၅× ၂၀. ၅ စင်တီ။
(၁) ဟားခလုတ်(၁၀)။




## အန္တရာယ်ရှိသည်

မိန်းမလှလှ တစ်ယောက်ရဲ့
မျက်စောင်း၊

အကွပ်မရှိတော့လို့
အနားဖွာလန်နေတဲ့တောင်း၊

ဒိုက်,အမှိုက်တွေနှင့်
ပြည့်ကျပ်နေတဲ့မြောင်း၊

ယမ်းငွေ့မသေသေးတဲ့
သေနတ်တစ်လက်ရဲ့ပြောင်း၊

သုံးယောက်ပေါင်းချိန်လို့
တစ်ကျပ်သားမပြည့်တဲ့
လူတချို့ရဲ့ခေါင်း၊

ခင်ဗျားအတွက်
ကျုပ်အတွက်
ပြီးတော့ ဟောဒီကမ္ဘာကြီးအတွက်ပါ
အန္တရာယ်ရှိတယ် ကိုယ့်လူ။

မောင်နီတာ




## လံကွတ်တီဝတ်ထားတဲ့ မိုးတိမ်ပေါ်က
## နယူတန်ရဲ့ပန်းသီး

တချို့လူတွေ ကဏန်းဘဝနဲ့
လက်မထောင်နေတဲ့အချိန်မှာ
ကပ်ဖကာရဲတိုက်အောက်ဘက်
ဂလက်ဇီတွင်းနက်ထဲ
မိုက်မဲစွာရှောင်ပုန်းရင်း(ငါဟာ)
ပုစွန်လုံးတစ်ကောင်ဖြစ်ခဲ့ပေါ့။
လံကွတ်တီဝတ်ထားတဲ့မိုးတိမ်ပေါ်က
နယူတန်ရဲ့ပန်းသီး. . (သူ့အမည်က ရှုရွှန်စတုံးတဲ့)
ဒါကိုကိုက်မြည်းဖို့အတွက်
မဲနယ်ပြာမြင်းရိုင်းပေါ်က
မာရီလင်မွန်ရိုးကိုချစ်တဲ့သူဟာ
မစ္စစ္စပီမြစ်ထဲမှာ
ရေနစ်သေတဲ့တီတစ်ကောင်အဖြစ်
ဘဝတစ်ခုကိုသစ်လိုက်သတဲ့. .
မင်းရဲ့အချစ်နွံနစ်ခဲ့တဲ့ငါ့မှာသာ. .
အခွံမာလိပ်ကိုစီးရင်း. .
ခရီးပြင်းနှင်လို့. . ။

ဇော်ဂနီ


မြစ်ပြင်ပေါ်
ထင်ကျန်နေသော
မြွေခြေရာများ

ဟာသဝတ္ထုရေးတဲ့နေရာမှာ ပုံစံအစုံရှိတယ်လို့ ဆရာပြောဖူးတယ်။ ရေးပြနေတာတွေလည်း တွေ့ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တချို့ဟာသရေးနည်းတွေကို အတော်များများ ကျွန်တော်သဘောပေါက်ပါတယ်။ ဒါပေမယ့် နှိုင်းယှဉ်ရေးသားတဲ့ ဟာသရေးနည်းကိုတော့ ကျွန်တော် အခုထိ ရှာမတွေ့သေးဘူး။ နှိုင်းယှဉ်ပြီးရေးတယ်ဆိုတာ ဘယ်လိုမျိုးလဲ။ ဥပမာတစ်ခုအနေနဲ့ ရေးပြပေးပါ။ ကျေးဇူးတင်ပါတယ်။

ဦးမျိုးအောင်
ကော့သောင်းမြို့။

နှိုင်းယှဉ်ပြီးရေးတာတွေ ကျွန်တော်တို့ဆီမှာ အများကြီးပါ။ သတိမထားမိတာလည်း ဖြစ်နိုင်ပါတယ်။ ရှေးခေတ်ကတည်းက ဒီလိုနှိုင်းယှဉ်ပြီး ရေးခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။ သရော်စာအမျိုးအစားထဲမှာလည်း အကျုံးဝင်ပါတယ်။ ဒါကြောင့် ကိုယ်နှိုင်းယှဉ်ရေးမယ့်အကြောင်းအရာတွေဟာ သရော်စာသဘောတရားအတိုင်း လူသိများတဲ့ အဖြစ်အပျက် ဖြစ်နေဖို့လိုပါတယ်။ ဒါမှလည်း ကိုယ်ရေးပြတဲ့ အကြောင်းအရာဟာ အားလုံးရဲ့ မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်လာမှာဖြစ်ပါတယ်။ အခုတော့ ဝတ္ထုတိုလေးတစ်ခု ရေးပြလိုက်ပါတယ်။ မျက်လုံးထဲ မြင်ယောင်ကြည့်ပါဦး။



"မင်္ဂလာပါ"

ထိုအသံကြားသည်နှင့် ငြိမ်သက်နေသောသူများကို လှုပ်နှိုးလိုက်သလို ခေါင်းထောင်ကုန်၏။ စောင့်မျှော်ရင်း ငိုက်မြည်းနေသူများပင် မျက်လုံးကျယ်ကုန်၏။

"ပရိသတ်ကြီး အဆင်ပြေရဲ့လား။ အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါတယ်"

ဟိုတစ်စဒီတစ်စ၊ လက်ခုပ်သံ ဖြိုးဖြိုးဖျောက်ဖျောက် ကြားရ၏။

အပေါ်ထပ်မှလူများကို လှပစွာ လက်လှမ်းပြပြီး

"အိုကေ အိုကေ အားလုံးအဆင်ပြေစေရမယ်"

တချို့သူများ လက်နှစ်ချောင်း ထောင်ပြသည်။

"သိတယ်၊ သိတယ်၊ အကြိုက်လေးတွေ လုပ်ပေးရမှာပေါ့။ ဟိုးဖက်အခြမ်းက ငြိမ်နေပါလား။ အဆင်ပြေရင် လက်ခုပ်သံလေးကြားချင်ပါသေးတယ်"

## ပဲပြုတ်သည်ထဲမှာမှ
## ထူးထူးခြားခြားပါဖောမင့်အသစ်နှင့်
## ရောင်းချတတ်သောသူမကို
## ရပ်ကွက်အတွင်းမှလူများ ငေးမောဆဲ

ငြိမ်နေကြသော အခြမ်းဖက်မှ လက်ခုပ်သံ ဖြူတိုးဖြောက်တောက် ထွက်ပေါ်လာတော့ သူမကပြုံးပြီး

"ဒီလိုမှပေါ့၊ အားပေးနေကြသူတွေပဲ၊ ဒီတစ်ခါ"

". . . . . "

အော်သံတစ်ခု ကြားရသည်။ သူမက နားစွင့်ပြီး

"ဒီလိုအချိန်မှာ ဒါကိုချပြလိုက်ရင် မိမဲတို့သေသွားမှာပေါ့၊ ဒါကိုလိုချင်ရင် နောက်ဆုံးထိစောင့်ပါ၊ အားလုံးကျေနပ်သည်အထိ ပေးဆပ်သွားမှာပါ"

သူမက ပေတစ်ရာကျယ်သော လျှောက်လမ်းပေါ် ဖြိုးဖြိုးဖြတ်ဖြတ်နှင့် လူးလွန့်ပျော်ပါးနေသည်။ အဝတ်အစားက ဘိုသီဘတ်သီပေမယ့် အသေအချာ စီစဉ်ထားပုံ။

"ဒီတစ်ခါ မိမဲတင်ပြမယ့်ဟာကတော့ စတန့်ထွင်တာမဟုတ်ပါဘူး"

တစ်စုံတစ်ခုကို လှမ်းယူလိုက်သည်။

"ဒါက ဆရာ့ရဲ့နည်းစနစ်ပါ၊ ဒါပေမယ့် ဆရာ့ရဲ့ခြေဖျားကိုတောင် မမီပါဘူး၊ မိမဲရဲ့ဆရာနာမည်ကို မပြောပြချင်တော့ပါဘူး၊ ပြောပြလိုက်လို့ရှိရင် ဆရာက သူ့ကိုယ်သူ သတ်သေသွားမှာစိုးလို့ပါ၊ အားလုံး ကြိုက်နှစ်သက်မယ်လို့ ထင်လို့ပါ၊ အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါတယ်"

လက်ခုပ်သံ တစ်စွန်းတစ်စ ကြားရပြန်၏။

သူမကတော့ ပြေးလွှားလှုပ်ရှားနေဆဲ။

"အိုကေ အားလုံးကို နှုတ်ဆက်ပါတယ် ပရိသတ်ကြီး"

လက်ခုပ်သံများ ကြားရပြန်၏။ တချို့က မချင့်မရဲ။



"အိုကေ ဟိုဘက်ကို ဆက်ရဦးမှာမို့ သီးခံပါ"

သူမ အားလုံးကိုနှုတ်ဆက်ပြီး ခရီးဆက်၏။ နောက် အသံ ကျယ်ကျယ်နှင့် အားရဝမ်းသာ အော်လိုက်သည်။

"ပဲ. . ပြုတ်"

အားလုံးက သူမကိုငေးဆဲ။

နံနက်ခင်းကို လှုပ်နှိုးသွားသော သူမကတော့ ရင်ကိုကော့ ခေါင်းကိုမော့၍ တခြားလမ်းသို့ ဝင်သွားသည်။

ပဲပြုတ်သည်ထဲမှာမှ ထူးထူးခြားခြား ပါဖောမင့်အသစ်နှင့် ရောင်းချတတ်သောသူမကို ရပ်ကွက်အတွင်းမှလူများ ငေးမောဆဲ

"အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါတယ်"

သူမအား လက်ခုပ်တီးခေါ်လိုက်သည်နှင့် ပဲပြုတ်က ရောက်ပြီးသား။ တချို့ကလည်း နှစ်ရာဖိုးလိုချင်ကြောင်း၊ လက်နှစ်ချောင်း ထောင်ပြရသည်။

သူ၏ဆရာဖြစ်သူ တီထွင်ထားသော ဖော်မြူလာအသစ်နှင့် ပဲပြုတ်ကို ဆော်ဒါများများနှင့် ပြုတ်ထားသည်ကိုလည်း ဂုဏ်ယူစွာ ထုတ်ရောင်းတတ်သည်။

သို့သော် လူကြိုက်များလှသော ပဲကတ္တီပါပြုတ်ကိုတော့ ဘယ်တော့မှ စောလျင်စွာ ထုတ်မရောင်း၊ နောက်ဆုံးကျမှ နောက်ဆုံးပိတ် အိတ်နှင့်လွယ် ထုတ်ရောင်းတတ်ပေသည်။ ပဲကတ္တီပါပြုတ်ရောင်းပြီး သူမ ပဲပြုတ်ကုန်ပြီ။

သို့သော် မည်သူမျှ သူမကို မငြီးငြင်၊ နံနက်စောစောစီးစီး

"ပရိသတ်ကြီး မင်္ဂလာပါ"

ဆိုသည့်အသံ နားစွင့်ကြဆဲ။

"အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်ပါတယ်"

ဆိုသောစကားနောက် သူမကိုခေါ်သော လက်ခုပ်သံများကြားရဆဲ။ သူ့ခေတ်ကိုး။

အကြည်တော်


ပထမဆုံး
နှင်းကျတဲ့နေ့

# ပထမဆုံး နှင်းကျတဲ့နေ့

လမ်းလျှောက်ရင်း ဖျတ်ခနဲ လှမ်းမြင်ရသော အရာတစ်ခု အနီးနား ရောက်တော့မှ ထိုအရာက ပီပြင်လာသည်။

ဓာတ်ပုံတစ်ပုံ။

ဘာရယ်မဟုတ် ကောက်ကြည့်မိသည်။

"အားပါးပါး အပျံစားပါလားဟ"

သူ တော်တော် သဘောကျသွားသည်။ တော်တော်လှသည့် ကောင်မလေး။ မြင်ရရုံနှင့်ငြိမ်းချမ်းသွားစေသော အလှမျိုးဖြင့် သူမကပြုံးပြလို့နေသည်။ နောက်ကို လှန်ကြည့်တော့ ပလပ်စတစ်လောင်းထားသော ဓာတ်ပုံမှာ ဘာမှ ရေးမှတ်ထားခြင်းမရှိ။ ဓာတ်ပုံဆိုင်၏ လိပ်စာလေးသော်မှမပါ။

ဆိုင်လိပ်စာလေး ဘာလေးပါခဲ့လျှင်လည်း ဘာဘာညာညာ ဇာတ်



လမ်းရှာကာ ကွိစိကွစလုပ်လို့ရသေးတယ်။ အခုတော့ အားလုံးအပျောက်၊ အာခြေရာခံစရာ ဘာသဲလွန်စမှမပါ။ ဘေးဘီမှာကလည်း ဘာမှရှာမတွေ့။ မြန်ခဲ့ရင် ကောင်းမလားဟု တွေးမိသော်လည်း ဓာတ်ပုံထဲက ကောင်မလေး၏ အပြုံးက သူ့ကို တားလို့နေသည်။ လမ်းပေါ်မှာကလည်း လူရှင်းလို့နေသည်။ မှတ်ခင်း၏ နှင်းဝေဝေကြားမှာ ပြန်ချထားခဲ့ရမှာတော့ မဟုတ်သေး။

ဆုံးဖြတ်ချက်ချကာ ပါလာသောစာအုပ်ကြားထဲညှပ်ပြီး စာအုပ်ကို ခါးကြားပြန်ထိုးလိုက်သည်။ ပြီးတော့ လေကိုချွန်ကာ ဆက်လျှောက်လာခဲ့သည်။

မှတ်မှတ်ရရ ထိုနေ့က တောင်ကြီးမြို့မှာ ပထမဆုံးသောနှင်းကျသည့်နေ့ဖြစ်သည်။

ပထမဆုံးနှင်းကျသောနေ့မှာ တွေ့ရသော ဓာတ်ပုံထဲက သူမကို 'နှင်း'ဟု သူခေါ်မိဖြစ်သည်။

အိမ်ပြန်ရောက်တော့ အခန်းထဲတန်းဝင်ကာ ခုတင်ပေါ်ဝမ်းလျားမှောက်ရင်း ခါးကြားမှ စာအုပ်ကိုဆွဲထုတ်ဖြစ်သည်။ စာအုပ်ထဲမှ သူမက ချတ်ခနဲခုန်ထွက်ပြီး ကျလာသည်။ ဓာတ်ပုံထဲမှ သူမကိုကြည့်ရင်း သူ ရင်တွေ ခုန်လာသည်။

"တောက် တော်တော်ချစ်စရာကောင်းတာပဲ"

ကြည့်လေ လှလေ ချစ်စရာကောင်းလေ ဖြစ်သော သူမ၏ဓာတ်ပုံကို စာအုပ်ကြားထဲ ပြန်ညှပ်ထားလိုက်ရမှာ နှမြောနေမိသည်။

"အား ဟုတ်ပြီ"

စာကြည့်စားပွဲပေါ်က သူ့ပုံနှစ်ပုံထည့်ထားသော Photo Standကို သွမ်းယူပြီး သူ့ပုံတစ်ပုံကိုထုတ်ကာ သူမ၏ပုံကို ထည့်ကြည့်သည်။ ပလပ်စတစ်လောင်းထားသောအနားတို့ ခံနေသဖြင့် ဓာတ်ပုံကStandထဲမဝင်။ ကတ်ကြေးဖြင့်တိကာ အနားကို ညှပ်ထုပ်ပြီးထည့်ကြည့်သည်။

ဓာတ်ပုံကလျှောခနဲ ထည့်လို့ရသွားသည်။

Photo Standထဲမှာ ကိုယ်တစ်ပိုင်းပုံနှင့် လက်ပိုက်နေသော သူ့ဘေးကကျန်နေရာမှာ သူမ၏ကိုယ်တစ်ပိုင်းပုံက ခပ်ပြုံးပြုံးဖြင့် နေရာယူသည်။



"နှင်း"

သူပေးထားသောနာမည်ဖြင့် သူမကို ခပ်ဖွဖွခေါ်ကြည့်ဖြစ်သည်။ ဓာတ်ပုံထဲက သူမကတော့ ပြုံးပြနေဆဲ။

ရုပ်ရှင်တွေထဲကလို ဆိုရင်လည်း အကောင်းသားဟု သူတွေးဖြစ်သည်။ ဒါက ကိစ္စမရှိ၊ အိမ်ထောင်ရှင်များဖြစ်နေမလားဟု စိတ်မသက်မသာဖြင့် တွေးမိသည်။ နုနယ်ပုံရသောသူမ၏အသက်ကို ခန့်မှန်းကြည့်ရင်း အိမ်ရှင်မတော့ မဟုတ်လောက်ဟု ဖြေတွေးတွေးဖြစ်ပြန်သည်။ မင်း ဘယ်မှာနေလဲ နှင်း ဟု အသံတိတ်မေးရင်း သူ့ရင်တွေ အုံ့သြစရာကောင်းလောက်အောင် ခုန်နေခဲ့သည်။

× × ×

"မင်းစလိုက်တဲ့ကောင်မလေးတိုင်း သူများနောက်ပါပါသွားလို့ ချိန်ပါကြီးလို့ ငါတို့က နောက်နောက်နေတာ၊ ဒီတစ်ခါကတော့ ငါတို့ကောင်ကြီး အမှန်အကန်ကို စွဲသွားပြီပဲကွ"

"အေးကွာ၊ စွဲမယ့်စွဲတော့လည်း တကယ့်အမိုက်စားကြီးကွာ၊ တောက်မနာလိုချင်စရာကြီး၊ ဒီကောင့်ကိုအဖြစ်မရှိဘူးလို့ ထင်နေတာ၊ နေပါဦး နာမည်က ဘယ်လိုခေါ်လဲ"

ဓာတ်ပုံ Standကြီးကိုကိုင်ရင်း ဆက်နိုင်နှင့်ခိုင်ဝင်းက တအံ့တသြကြီးဖြစ်နေကြသည်။

"နှင်း"တဲ့။



ဆက်နိုင်၏အမေးကို သူ ခပ်တည်တည်ဖြင့် ဖြေလိုက်သည်။ သကောင့်သားများက သူ့ကောင်မလေးဟု တစ်ထစ်ချတွက်နေကြသည်ကို သူ ကျေကျေနပ်နပ်ကြီး ချော့လဲရာရောထိုင်ပစ်လိုက်သည်။ ဒီလိုအလှအပနှင့် အထင်ခံရ နည်းလားဟု။

"ဘယ်မှာနေတာလဲ"

"မစပ်စုစမ်းပါနဲ့ကွာ"

ခိုင်ဝင်း၏အမေးကိုမဖြေဘဲ မိန့်မိန့်ကြီး ငြိမ်နေပစ်လိုက်သည်။ ဖြေရအောင်ကလည်း သူမ ဘယ်မှာနေမှန်းမှ မသိ။ ဒီတောင်ကြီးကတောင် ဟုတ်ချင်မှဟုတ်မည်။

"လုပ်ပါကွာ၊ ညီမတွေ ဘာတွေရှိရင်လဲ"

"တစ်ဦးတည်းသော သမီးကွ"

ခိုင်ဝင်း၏စကားမဆုံးခင်မှာ ဝင်ကာဖြတ်ပြောသော သူ့စကားကြောင့် ဆက်နိုင်က 'သွားရော'ဟု မဆိုမဆိုင် နဖူးရိုက်ရင်းဆိုသည်။

"မင်းက ငါတို့ကို တော်တော်ကြီး လျှိုထားတာပဲ၊ ဘယ်တုန်းကဖြစ်သွားမှန်းတောင်မသိဘူး၊ ဟကောင် အရိပ်အမြွက်လောက်တော့ ပြောပြကွာ၊ မင်းရုပ်ကြီးနဲ့ တန်တောင် မတန်ဘူးကွာ တောက်"

ဆက်နိုင်က ဖွတ်ကြီးမေးသည်။ သူ ဘာကိုပြောပြလိုက်ရမှန်းမသိ။ သို့သော် ဆရာသမားများ၏ အထင်ကြီးသောမျက်လုံးများကို ကြည့်ရင်း ဘာကိုကျေနပ်မှန်းတော့မသိ၊ ကျေနပ်ကာနေသည်။

သကောင့်သားများကို ဆက်ကြွားလိုဇောဖြင့် ဓာတ်ပုံထဲက သူမကို ခပ်ဖွဖွနမ်းပြလိုက်ရင်း ဖြည်းဖြည်းပေါ့ကွာဟု ခန့်ခန့်ကြီးဆိုဖြစ်သည်။

"မပြောလဲနေကွာ"

ပြုံးပြုံးပြုံးပြုံးဖြင့် မိန့်မိန့်ကြီးလုပ်နေသော သူ့ကို အမြင်ကပ်လာဟန်ဖြင့် နှစ်ကောင်စလုံးက ခပ်ဆောင့်ဆောင့်ဆိုသည်။

နောက်ပိုင်းမှာ ငြိမ်ငြိမ်မနေသော သကောင့်သားများ၏နှုတ်ကြောင့် အိမ်သားများကပါ သူ့အခန်းထဲဝင်လိုက်ထွက်လိုက်ဖြင့် သူမ၏ဓာတ်ပုံကို လာလာကြည့်ကြသည်။

> မျက်နှာလည်း
> အတော်ပူသွားရသည်။
> သူဖြီးထားခဲ့သော
> ကိစ္စတို့က
> ဟိုနှစ်ကောင်ရှေ့မှာ
> နောက် မိသားစုထဲမှာ
> ဘူးပေါ်သလို
> ပေါ်တော့မည်ကိုး။

"ချောတာကတော့ တော်တော်ချောတာ၊ ကြည့်စမ်း ငါ့မောင်က ဘယ်ဆိုးလို့လဲ၊ အမေကြည့်ပါဦး အမေ့ချွေးမလောင်းကို"

အစ်မဖြစ်သူကတစ်ဆင့် အမေ၊ အမေမှတစ်ဆင့် အဖေ။ ဤသို့ တစ်အိမ်သားလုံး သူမကိုရင်းနှီးသွားကြသည်၊ နှင်းဆိုသည်ကလွဲပြီး ဘာရှင်းပြရမှန်း ဘယ်လိုဖြီးလိုက်ရမှန်းမသိသည်မို့ ရင်တထိတ်ထိတ်ဖြင့် ချော်လဲရာရောထိုင်ရင်း အမှန်တကယ်ကြီး သူမကို ရင်းနှီးလာသည်။

ရုပ်ရှင်ထဲမှာသာဆို တစ်နည်းနည်းဖြင့်တော့ ပြန်ဆုံလောက်ပြီဖြစ်သည်။ အခုထိတော့ သူမနှင့်ပတ်သက်ပြီး အရိပ်အယောင်ပင်မသိရ၊ မတွေ့ရသေး။ ဓာတ်ပုံထဲက သူမကတော့ သူ့ကို ပြုံးပြမြဲ၊ ပြုံးပြနေဆဲ။

တစ်နေ့ ဂီတာသင်တန်းမှာတွေ့ကာ ခင်မင်သွားသော စိုင်းအောင်သူ သူ့အိမ်လိုက်လည်သည်။ ဆက်နိုင်တို့ ခိုင်ဝင်းတို့နှင့်အတူ လေးယောက်သား သူ့အခန်းထဲ ဝင်လာကြရင်းက စိုင်းအောင်သူ၏ မျက်လုံးတို့က နှင်း၏ ဓာတ်ပုံပေါ်မှာ ရောက်လို့နေသည်။

ပါးစပ်ကြီးဟကာ အံ့အားသင့်နေသော စိုင်းအောင်သူကိုကြည့်ရင်း သူ တော်တော်ရင်ခုန်လာသည်။ နှင်းနဲ့များ သိနေလေသလား။ ဘော်ဒါတွေလား။ စိုင်းအောင်သူက ကျိုင်းတုံမှပြောင်းလာတာ မကြာသေးသည်မို့ နှင်းသည်လည်း ကျိုင်းတုံကပဲလား။

'လား'ပေါင်းများစွာဖြင့် ရင်ပူနေသော သူ့ကိုကြည့်ရင်း စိုင်းအောင်သူက တစ်စုံတစ်ရာကိုမေးရန် ပါးစပ်ကိုဟသည်။

"မင်း သူနဲ့သိလား"



ဖြတ်ကာမေးသော သူ့အမေးကို စိုင်းအောင်သူက ခေါင်းညိတ်ရင်းဖြေသည်။

"ဒါ ငါ့အစ်မအရင်းပဲ"

သူ တော်တော်ရင်ခုန်သွားသည်။ မျက်နှာလည်း အတော်ပူသွားရသည်။ သူ ဖြီးထားခဲ့သောကိစ္စတို့က ဟိုနှစ်ကောင်ရှေ့မှာ နောက် မိသားစုထဲမှာ ဘူးပေါ်သလိုပေါ်တော့မည်ကိုး။

မထူးတော့။

'လာမယ့်ဘေး ပြေးတွေ့'ဆိုသည့်အတိုင်း ဓာတ်ပုံကောက်ရသည်မှစတော ဟိုအကောင်တွေထင်သမျှကို 'ချော်လဲရောထိုင်'လုပ်မိကြောင်း ဖာဖာထေးထေး ရှေ့မျက်နှာနောက်ထားကာ ရှင်းပြလိုက်သည်။ ပါးစပ်ဟကာ နားထောင်နေသော သကောင့်သားနှစ်ကောင်က သူ့စကားအဆုံးမှာ ပြုံးဖြီးဖြီးကြီးတွေနှင့် စိုင်းအောင်သူ မမြင်အောင် ပြောင်ပြသည်။ သူ့ဓာတ်ပုံ Standထဲမှ သူမပုံကို နှမြောစွာထုတ်ယူရင်း စိုင်းအောင်သူကို ပြန်ပေးလိုက်သည်။

စိုင်းအောင်သူကမယူ။ သူ့ရင်ထဲမှာတော့ နာကျင်နေသလိုလိုကြီး။

"ရပါတယ်၊ ဒီအတိုင်းပဲ ထားချင်ထားလိုက်ပါ"

"အေးလေ၊ ငါတို့လည်း မင်းဖြီးထားမှန်းသိကုန်ပြီပဲဟာ အဟီး"

ဆက်နိုင်က စပ်ဖြီးဖြီးဖြင့် ဆိုသည်။ သူ ဓာတ်ပုံကိုကမ်းပေးထားဆဲပြီ

"သူ့ သူ့နာမည်ဘယ်လိုခေါ်လဲ၊ စိတ်မရှိနဲ့နော်"

"နှင်းတဲ့ တစ်လုံးတည်းပဲ"

"ဟေ"

လှိုက်ခနဲဝမ်းသာသွားရသည်။ စောစောက သူ နောက်ကြောင်းပြန်တဲ့အထဲမှာ သူမကို'နှင်း'ဟု နာမည်ပေးထားကြောင်း ချန်လှပ်ထားခဲ့သည်ကိုး။ ဆက်နိုင်နှင့်ခိုင်ဝင်းက မျက်လုံးကြီးပြူးကာနေသည်။

"မထူးတော့ပါဘူးကွာ၊ ဘော်ဒါအချင်းချင်းပဲ၊ အားနာမနေတော့ပါဘူး။ မင်းအစ်မ ယောကျ်ားဟိုဒင်းပြီလား"

သူ့စပ်ဖြီးဖြီးဖြင့် အားနာစွာမေးသောအမေးကို စိုင်းအောင်သူက

ခပ်တည်တည်ဖြင့် ခေါင်းခါပြသည်။

“ယောက်ျားမယူရသေးဘူး၊ ဒါပေမယ့်”

လိုက်ခနဲဝမ်းသာရုံရှိသေး။ ဒါပေမယ့်လိုက်သည်မို့ စိုင်းအောင်သူကို သူကြည့်မိသည်။ ရင်ဝယ်က တထိတ်ထိတ်။

“ဒါပေမယ့် ဘာဖြစ်လဲ၊ ဟိုရုပ်ရှင်တွေထဲကလို စေ့စပ်ထားတဲ့လူ ရှိနေလို့လား”

“မရှိဘူး”

“ဒါ ဒါဆို မသန်မစွမ်း”

“မဟုတ်ပါဘူး”

“သိပြီ၊ ဆွဲ့အနားမကြား”

သူပြောသမျှကို စိုင်းအောင်သူက ခေါင်းခါသည်။ သူအတွေးရကျပ် သွားသည်။

“ဒါ ဒါဖြင့်”

“ငါ့အစ်မဆုံးတာ သုံးနှစ်လောက်ရှိပြီ”

“ဘာ”

သူ့လက်ထဲမှာ ကိုင်ထားဆဲဖြစ်သော ဓာတ်ပုံက ဖျတ်ခနဲလွတ်ကျ သည်။ ငုံ့ကြည့်တော့ ကြမ်းပြင်ပေါ်က ဓာတ်ပုံထဲမှ သူမက သူ့ကိုပြုံးပြနေဆဲ။

“နောင်ဘဝဆိုတာရှိခဲ့ရင် တောင်းဆုပြုနေမယ်၊ တူယှဉ်ကာပေါင်း ကြရစေသား”

သူ့ကိုရွဲ့ကာ ဆက်နှိုင်ဆိုနေကြသီချင်း။ ဆက်နိုင်၏သီချင်းအဆုံးမှာ နိုင်ဝင်းကလည်း နောက်နေကျအတိုင်း နောက်သည်။

“ဟကောင် မင်းရဲ့နှင်းနောက် လိုက်မသွားသေးဘူးလား”တဲ့။

x x x

သူ့အခန်းထဲက Photo Standမှာ သူမ၏ဓာတ်ပုံမရှိတော့ပါ။ တောင် ကြီးမြို့မှာ နှင်းများကတော့ ကျမြဲ၊ ကျဆဲ။

ပြည့်ပိုင်မှုအိမ်



# ဒိုင်ကြောင်

မိုးမိုး(B.Sc)

မျက်နှာ ၀၁

ကံစမ်းမဲပေါက်မယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ ပစ္စည်းတွေကို ဝယ် ...ပါနဲ့၊ သူ့ကံစမ်းမဲက သူ့တီဗီကြော်ငြာထဲမှာတင် ပေါက်ပြီးကုန်ပြီ။


မြေကြီးပေါ်ကလူက မိုးပေါ်ကလူကို ငေးကြည့်နေတယ်။ မိုးပေါ် ...လူက မြေကြီးပေါ်ကလူကို ငုံ့ကြည့်နေတယ်။ မြေကြီးပေါ်ကလူက မိုးပေါ် ...လူ ဘယ်တော့ကျလာမလဲ စဉ်းစားနေတယ်။ မိုးပေါ်ကလူက မြေကြီးပေါ် ...လူကို နင်းရမလားလို့တွေးတယ်။

ငွေလောက်အမျိုးချစ်တဲ့သူမရှိဘူး။ ငွေက ငွေရှိတဲ့လူတွေဆီပဲ ...တယ်လေ။

စစ်သည်ကောင်းဆိုတာ စစ်တပ်က တောင်ပေါ်လမ်းချီတက်နေ ...အချိန်မှာ ခြေချော်လက်ချော်နဲ့ ပြုတ်ကျခဲ့ရင်တောင် ခွင့်စာတင်ပြီးမှ ပြုတ် ...တတ်သူ။

လိမ္မာတဲ့ခွေးဟာ သခင့်အပေါင်ကိုစောင့်ပြီးမှ ပေါင်တယ်။

ကျွန်တော် အမြဲတမ်းတွေးနေတယ်။ ဘာအကြောင်းလဲဆိုတော့ ကျွန်တော်ဟာ စိတ်ကူးယဉ်သမားမဟုတ်ဘဲ လက်တွေ့သမားဖြစ်ချင်တယ်။ ...က်တွေ့သမားဖြစ်အောင် ဘာလုပ်ရမလဲ။ အဲဒါကို ကျွန်တော်တွေးနေတယ်။


ဗိုယလိုး
ပေါင်ရှုံး ပုန်းရှောင်

## ပေါင် ၅၈ ပုန်း ရှောင်

ရောက်လေရာနေရာတိုင်း အချိန်တိုင်း၊ ပြီးတော့ အသက်ရှုလိုက်တိုင်း သတိသရနဲ့ လွမ်းဆွတ်တသနေရတဲ့ ကိုယ့်ရဲ့ဘဝ ဘိန်မရယ်။ မင်းရဲ့ လှမ်းလိုက်တဲ့ခြေလှမ်းတိုင်း လှုပ်လိုက်တဲ့ လက်ကလေးတိုင်း၊ ပြောလိုက်တဲ့ စကားလေးတွေတိုင်းကို ရင်ခုန်လှိုက်မောစွာ မရဲတရဲ ရင်တထိတ်ထိတ်နဲ့လိုက်ကြည့်နေရတဲ့ ကိုယ့်ဘဝပါကွယ်။

မင်းက ငါ့ဘဝအတွက်တော့ ဘုရားပေးတဲ့ တစ်ခုတည်းသော လက်ဆောင်ပါ ဘိန်မ။ တကယ်ပြောတာပါ။ မင်းက ငါ့အတွက် ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရနိုင်တဲ့ ဘုရားပေးတဲ့ လက်ဆောင်တစ်ခုပါ ဘိန်မ။ ဒါကြောင့် ငါ့ကိုကူညီတဲ့အနေနဲ့ပဲဖြစ်ဖြစ် သနားငဲ့ညှာတဲ့အနေနဲ့ပဲဖြစ်ဖြစ်၊ ဘာတစ်ခုမှ လုပ်ဖို့ မစဉ်းစားပါနဲ့၊ ဘာမှမလုပ်ပါနဲ့၊ ဘယ်မှမသွား၊ ဘာမှမပြော၊ ဘာမှ မလုပ်လိုက်ပါနဲ့ ဘိန်မရယ်။



အို ကုန်ကုန်ပြောလိုက်မယ်။ ဘာတစ်ခုကိုမှ စိတ်နဲ့တောင် မလုပ်မိပါစေနဲ့လားကွယ် နော်။ မင်း ကစ်ခုခုကိုလုပ်လိုက်တိုင်း ငါ တစ်ခါငရဲကြီးထဲလို ဖြစ်ဖြစ်သွားလို့ပါ။ မာရ်နတ်မင်းရဲ့‘ကျိန်စာ’တစ်ခု ငါ့အပေါ်ကျရောက်တာသလို ဖြစ်ဖြစ်သွားလို့ပါ။ ဒါကြောင့်လေ အလုပ်ဆိုရင်လေ ဘာအလုပ်ကိုမှ စိတ်နဲ့တောင် ဘယ်တော့မှ မလုပ်လိုက်ပါနဲ့ ‘မဘုရား’ရယ်လို့။

သောက်ရှူးမကြီးကို ယူထားမိတဲ့ ကျွန်တော့်အဖို့ အမြဲ ယုယ ချော့မော့ပြီး ပြောနေဆိုနေ ချီနေရတယ်။ အဲလိုမှမဟုတ်ဘဲ ‘သောက်ရှူးမ၊ သောက်ကန်းမ နင်ဘယ်တော့မှ ဘာအလုပ်မှမလုပ်နဲ့၊ လုပ်လို့ကတော့ နင်နဲ့ငါနဲ့အဆုံးပဲ သိလား သောက်ကောင်မ’လို့ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောချလိုက်လို့ အရူးပိုထပြီး သောက်တလွဲတွေပိုလုပ်ချလိုက်ရင် ကျွန်တော်ပဲ ပိုနာမည်ပျက်မယ်၊ ပိုပြီးရှင်းရမယ်လေ။

ဟုတ်တယ်လေ။ ကျွန်တော့်မိန်းမက ကျွန်တော့်အတွက်တော့ တကယ့်ကို ‘ပြည်တည်ပတ္တမြား’ကြီးပါဆို။ ပေါက်လည်းမပေါက်၊ ပျောက်လည်း ပျောက်နဲ့။ တစ်ချက် သတိမလွတ်လိုက်နဲ့။ အအိပ်အစားလေး တစ်ချက်များလိုက်နဲ့။ ချက်ချင်းပြန်ပြန်ပြီးထလာတတ်တဲ့ နှစ်ချို့ ‘အနာစိမ်းအိုကြီး’ ပြည်တည်ပတ္တမြား’ကြီးလေ။ အမြဲ လူကို ဒုက္ခပေးဖို့ပဲ ချောင်းနေတာ။

တကယ်ပြောတာပါဗျာ။ ဘုရားဟောတွေထဲက ‘ငရဲသား’ဆိုတာတွေဟာ ကျွန်တော့်လောက် ငရဲကျခံဖူးမှာမဟုတ်ဘူး။ ကျွန်တော့်လောက်လည်း ဒုက္ခခံဖူးမှာမဟုတ်ဘူးလားမသိ။ အဲ ပြီးတော့ သူတို့က သေပြီးမှ ငရဲခံရတာ။ ကျွန်တော့်ကျ အရှင်လတ်လတ်ကြီးကိုဗျာ။ စဉ်းစားကြည့်ပါဦး။ တစ်စက်မှ မကြည့်ချင်တဲ့ရုပ်ကြီးကို တစ်ချက်မှအလစ်ပေးလို့မရဘဲ တစ်ချိန်လုံးထိုင်ကြည့်နေရတယ်။

မျက်စိလေးတစ်ချက်မှောက်တာနဲ့ ခဲက ကောက်ပြီးသား။ နည်းနည်းလေး မလစ်လိုက်နဲ့ လစ်တာနဲ့ ခဲနဲ့ပစ်ပြီးသား။ မျက်နှာလွှဲတာနဲ့ ထုခွဲလိုက်မယ်ဆိုတဲ့အကြံက သူ့ဆီမှာ အမြဲအသင့်။ မကြားချင်ဆုံးအသံကို အမြဲနားစွင့်နေရတယ်။ မရယ်ပြချင်ဆုံး မပြုံးပြချင်ဆုံးလူကို အမြဲ ရယ်ပြပြုံးပြနေရတယ်။ လုံးဝမချစ်ချင်ဆုံးဆိုတာကြီးကို အမြဲချစ်ဟန်ဆောင်နေရတယ်။

အာဘွားရှုလူးပေးနေရတယ်။ ကဲ ကြည့်စမ်း။ ကျွန်တော့်လောက် ဝင့်ကြီးတဲ့ 'ဝင့်ကောင်'ဆိုတာ ဘယ်မှာ ရှိနိုင်မလဲ။ 'ရန်သူ'ကို အားရှိအောင် ပိုးမွေးသလို မွေးနေရပါတယ်ဆို။ ကျွေးနေမွေးနေရပါတယ်ဆို။ မကျွေးမမွေးဘဲ အငတ်ထား တော့လည်း အငတ်ထားလို့ဆိုပြီးမွေ။ ဟော ကြည့်စမ်း။ ကျွေးမွေးပေးကမ်းနေ တော့လည်း အဲ ခုပြောသလိုပေါ့ဗျာ။ ငရဲက ကျ။ ဝင့်ကခံရပြန်ရော။

အဲဒါကြောင့် ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ဘယ်တော့မှ ကောင်းမှု ကုသိုလ်ဆိုတာမျိုး မလုပ်တော့ဘူးလို့။ စိတ်နဲ့တောင် မလုပ်တော့ဘူးလို့။ ဟုတ် တယ်လေ။ ခင်ဗျားစဉ်းစားကြည့်။ အဲဒီကောင်းမှုကုသိုလ်ဆိုတာတွေလုပ်ပြီ သေသွားတော့ 'နတ်သား'ဆိုတာမျိုးကြီးတွေဖြစ်၊ အဲ ဖြစ်ပြီးတော့ တစ်ဖက်ကို လေးငါးရာဆိုတာမျိုးကြီးတွေရ။ အဲ အဲလိုမျိုးသွားရလိုက်လို့ကတော့ သေ လိုက်တော့ပေါ့ဗျာ။ သေလိုက်တာက ပိုမကောင်းဘူးလား။

ခု တစ်ယောက်တည်းတောင် ဒီလောက်ဒုက္ခရောက်၊ ငရဲကျ ဝင့်ခံ နေရတာ။ တစ်ဖက် လေးငါးရာဆိုတော့ဗျာ၊ တွေးတောင်မတွေးရဲပါဘူး။ ကဲ ကဲ ထားတော့ဗျာ။ ကျွန်တော်ပြောလိုရင်းက

ကျွန်တော်က ခင်ဗျားတို့သိတဲ့အတိုင်း 'ပွဲစား'လေ။ နာမည်ကြီးပွဲစား အလုပ်များတဲ့ပွဲစား၊ အရာရာကို ကျွမ်းကျင်နှံ့စပ်တဲ့ပွဲစားကြီး၊ လုပ်ရည်ကိုင် ရည်ကလည်းရှိ၊ လူသိကလည်းများ လျှင်လိုက်တာကလည်း ဝှစ်ခနဲ ဝှစ်ခနဲ နေတာ။ လမ်းကြုံလို့ကတော့ ဆွမ်းတော်ပန်းကန်တောင်စွန့်ပြီး ကောက်တွတ် ပြီးသား။ အဲလိုဆို အဲလို။

ဆိုတော့ကာ ခရီးယာယီတွေက အရမ်းများကို။ ခုလည်း ထုံးစံအတိုင်း အစီအစဉ်မရှိဘဲ ခွင်ကြီးကြီးတစ်ခုမိပြီး ရုတ်တရက် ခရီးထွက်သွားလိုက်တာ တစ်ပတ်ကျော် ဆယ်ရက်လောက်ကြာသွားတယ်။ အဲ အဲဒီခွင်ပြီးလို့ အောင်မြင် စွာနဲ့ အိမ်ပြန်လာရော။

နေ နေကြပါဦးဗျာ။ ကျွန်တော့်မိန်းမဘိန်မက သမားရိုးကျမဟုတ် ပါဘူးဆို။ သမားရိုးကျအလုပ် သမားရိုးကျမြင်ကွင်းမျိုးတွေနဲ့ ကြုံမတွေးကြပ နဲ့။ မှားသွားမယ်။ ခင်ဗျားတို့သိထားတဲ့ ခေါက်ရိုးကျိုးနေတဲ့ ခပ်ပေါပေါ ဇီဇီယိုကား တွေထဲကလို တစ်ရက် တစ်ခဏလေးတာကို တစ်သက်တစ်ဘဝဆွေးရတဲ့ကိန္နရီ



ကိန္နရာလိုမျိုး တစ်ပတ်၊ ဆယ်ရက်လောက်မတွေ့ရတဲ့ ယောက်ျားပြန်လာတာ ကို အလွမ်းလေးနဲ့ ဝမ်းသာအားရစွာနဲ့ ကြိုနေမယ်။ အဲလိုလား ရှိတယ်။ အတော် ရှိတယ်။

ကဲ ဒါမှမဟုတ် နောက်တစ်မျိုး။ တစ်ပတ်လောက် ထမင်းအငတ် ထားတဲ့ ခွေးအိုမကြီးရဲ့ ဆာလောင်မွတ်သိပ်စွာ မာန်ဖီအော်ဟစ်နေတဲ့မြင်ကွင်း မျိုးမြင်ရမယ် ထင်တယ်ပေါ့။ 'နိုး. . ထားလိုက်'လေ။ 'နိုး. . ထားလိုက်' နိုးပဲ။ ဘယ့် နှယ်ဗျာ။ တစ်ပတ် ဆယ်ရက်ကျော်လောက် မတွေ့ရတဲ့ ခရီးသွားနေတဲ့ ကိုယ့် ယောက်ျားဆိုတဲ့ကောင်ကြီး အရှင်လတ်လတ် မောမောပန်းပန်းနဲ့ ပြန်ရောက် လာတဲ့ဟာကို ကျွန်တော့်မိန်းမ ဘိန်မတို့များ ဟိုမီးဖိုချောင်ထဲ ရှုတ်ထားတဲ့ 'ငပိ' လောက်တောင် သောက်ဂရုမစိုက်ဘူး။ မျက်စိလေးတောင် ဒေါ့ကြည့်ဖော် မရဘူး။ မြင်နေရတဲ့ မြင်ကွင်းကိုကြည့်။ ကျွန်တော်ပြမယ်။

ကျွန်တော့်မိန်းမ ဘိန်မဆိုတဲ့ ကောင်မကြီးက အိမ်ထရံကို အသေ အချာမှီ၊ အကျအနထိုင်ပြီး ထဘီအောက်နားနဲ့ ခန္ဓာကိုယ်အပေါ်အောက်ကို ဘရစပ် ယပ်ခတ်ရင်း သူ့ တပည့်ကျော်တွေကို ဖွတ်သလွတ် ဖွတ်သလွတ်နဲ့ ရုတ်တရက်ဆို ဘာမှန်းမသိနိုင်အောင် ညွှန်ကြားချက်များကို အဆက်မပြတ် ညွှန် ကြားပြသပြောကြားနေတယ်လေ။ တပည့်ကျော်ဆိုတဲ့ ဟာတွေကလည်း ငုတ်စိ ငုတ်စိနဲ့တစ်မျိုး၊ စနှံလျက်တစ်ဖုံနဲ့ သူ့အနားပတ်လည်မှာ နားထောင်နေတာလား၊ အိပ်ငိုက်နေတာလားမသိ။ ပုံစံအမျိုးမျိုးနဲ့ အားပေးနေကြတယ်။

ဒါနဲ့ ကိုယ်လည်း ကိုယ့်ဘာကိုယ် ပက်လက်ကုလားထိုင်အစုတ်ကလေး ကို အိမ်ရှေ့ကွက်လပ်ကလေးဆီဆွဲချပြီး ထိုင်အမောဖြေရင်းနဲ့ ဒင်းရဲ့အသံကို နားစွင့်လိုက်မိတယ်။

"အသီးမှာ ဘာတဲ့၊ အေး အသီးမှာ သရက်"

ကိုယ့်ဘာကိုယ်မေး။ ကိုယ့်ဘာသာကိုယ်ဖြေနဲ့ ဟိုက တပည့်ကျော် တွေက အင်း အဲ နဲ့ ယောင်တောင်ပေါင်တောင် လုပ်ပေးရှာသာ။

"အသားကျ ဝက်တဲ့၊ ဘာတဲ့ အသားမှာက ဝက်၊ အေး ပြီးတော့ မြန်မာတွေရဲ့ထမင်းပွဲမှာ အရေးအကြီးဆုံးဖြစ်တဲ့ မပါမဖြစ်အရာက 'ငါးပိရည် ကျို' ဟုတ်တယ်နော်၊ အေး ကိုယ်တွေလို အလုပ်ကများ။ အကောင်းလည်းစား

ချင်၊ အချိန်ကလည်းမရှိ အဲ ပြီးတော့ကျ ဦးနှောက်ကလည်း တအားကောင်းနေတဲ့လူမျိုးတွေကျတော့ အဲဒီ သုံးခုလုံး တစ်အိုးတည်းပေါင်းပြီး ရောသမမွှေလိုက်တော့ သရီးအင်ဝမ်း(Three in One)' ဝက်သရက်ငါးပိဟင်း'ဆိုတာကြီး ဖြစ်လာရောပေါ့"

လူတွေက တစ်ယောက်ပြီးတစ်ယောက် အထုပ်ကလေးတွေပိုက်ပြီး ဝင်လာလိုက်၊ ပိုက်ဆံလိပ်ကလေးကိုင်ပြီး ပြန်ထွက်သွားလိုက်နဲ့ တွေ့တွေ့နေရတာ၊ လေးငါးယောက်လောက်ဖြစ်လာတော့ စိတ်ထဲ သရိုးသရီနဲ့ တစ်မျိုးဖြစ်လာတယ်။ ရောက်ရောက်ချင်း ဒီကောင်မ ထူးတော့ထူးပါတယ်လို့ ထင်နေတဲ့စိတ်တွေဟာ

ကြည့်စမ်း။ အသံကြားရုံနဲ့တင် အော်ဂလီဆန်ပြီး စိတ်ကူးနဲ့တင် ကြက်သီးထစရာကောင်းတဲ့ဟင်း။ ဘာတဲ့ 'ဝက်သရက်ငါးပိဟင်း'တဲ့ 'သရီးအင်ဝမ်း'တဲ့။ ဒါကိုများ ဒင်းတပည့်ကျော်တွေက

"ဟုတ်ပါ့ဘိန်မရယ်၊ ဒီဟင်းမျိုးကို ဟို'ဘုရင်ခံ'ဆိုတဲ့ ကောင်တောင် စားဖူးမယ်မထင်ဘူး"

ကြည့်။ အရူးဘုံမြှောက်နေတာ၊ မြှောက်နေတာ။

"ဘယ်စားဖူးပါ့မလဲ ကောင်မရဲ့၊ နင်ပြောတာ လမ်းထိပ်က သတ္တုကုလားပဲကုလား 'မာမွတ်အဘ္ဘဒူလာဘုရင်ခံ'ကို ပြောတာမဟုတ်လား။ သူက ကုလားကြီးဟာ ဝက်သား ဘယ်စားပါ့မလဲ"

ကြည့်ဦးဆို၊ 'ဘုရင်ခံ'ဆိုလို့ အကောင်းမှတ်ပြီး တကယ်ထင်နေတာ။ လမ်းထိပ်က သံပုံးပုလင်းကုလား'မာမွတ်အဘ္ဘဒူလာ ဘုရင်ခံ'တဲ့။ ဒါကိုများ နောက်တစ်ယောက်က

"ကုလားလည်းလူ၊ ငါးခူလည်း ငါးပါတော်"တဲ့။

"အေးလေ၊ သူက ထမင်းဆိုတာ ဆားနဲ့ပဲစားရတဲ့အရာလို့ ထင်နေတဲ့လူမျိုးကို"



"အိုအေ နင်တို့ကလဲ တို့ဘိန်မရဲ့ဟင်းက ဟိုလေ ဘာတဲ့ ဘုရားဟောထဲမှာ အနာတပိန်သူဌေးကြီးက ခုနစ်ပြည်ထောင်က လူမျိုးတစ်ရာ့တစ်ပါးကို ခုနစ်ရက် ခုနစ်လီ လျှာတောင် မကုန်နိုင်မခမ်းနိုင်တဲ့ ဟင်းမျိုးလို့ ပြောထိုက်ပါတယ်"

ဟုတ်မှာပေါ့။ အသံကြားရုံ၊ ရုပ်ကြည့်ရုံနဲ့ ခုနစ်ရက်လောက် မစားနိုင် မသောက်နိုင်နဲ့ အော်ဂလီဆန် ခံတွင်းပျက်နေမယ့် ဟင်းမျိုးကိုး။ အဲဒါကိုများ ကျွန်တော်တို့ဘိန်မက သဘောတွေခွေ့ မနောတွေတွေ့ပြီး တဟီးဟီး တဟားဟားနဲ့ကို ဖြစ်နေတာ။

"အေး အေး နောက်လည်း နင်တို့စားရကံကြုံရင် အခုလိုမျိုး 'သရီးအင်ဝမ်း'တစ်ချက်ခုတ် သုံးချက်ပြတ်ဟင်းမျိုးအပြင် တစ်ချက်ခုတ်ရုံနဲ့ သုံးလေးငါးချက်ပြတ်တဲ့ 'ဖိုးအင်ဝမ်း' 'ဖိုက်အင်ဝမ်း'ဟင်းမျိုးတွေ ချက်ကျွေးဦးမယ် သိလား၊ 'အသံကြား ဒီးပလားဟင်း'တို့ 'ရှောမနိပ်ဟင်း'တို့ 'ခွေးပြေး ဝက်ငိုဟင်း'တို့ အို အစုံ အစုံကို ချက်ကျွေးဦးမယ် သိလား"

ဆိုပဲ။ အဲ အဲလို တန်ဖိုးသတ်မှတ်လို့မရတဲ့ တန်ဖိုးမရှိတဲ့ စကားတွေကို ဖွတ်သလွတ် ဖွတ်သလွတ်နဲ့ ပြောလိုက် စားလိုက်ဖြစ်နေချိန်မှာပဲ လူတွေက တစ်ယောက်ပြီးတစ်ယောက် အထုပ်ကလေးတွေပိုက်ပြီး ဝင်လာလိုက်၊ ပိုက်ဆံလိပ်ကလေးကိုင်ပြီး ပြန်ထွက်သွားလိုက်နဲ့ တွေ့တွေ့နေရတာ၊ လေးငါးယောက်လောက်ဖြစ်လာတော့ စိတ်ထဲ သရိုးသရီနဲ့ တစ်မျိုးဖြစ်လာတယ်။ ရောက်ရောက်ချင်း ဒီကောင်မ ထူးတော့ထူးပါတယ်လို့ ထင်နေတဲ့စိတ်တွေဟာ ဘယ်လိုမှ မအောင့်နိုင်မအီးနိုင် ဖြစ်လာတယ်။

ပထမတော့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတယ်ဆိုတာမျိုး မဖြစ်ချင်လို့ ညအိပ်ရာထဲရောက်မှ ထွင်းတော့မယ်ဆိုတဲ့ စိတ်တွေက ဘယ်လိုမှ ညကိုရောက်အောင် မစောင့်နိုင်တော့ဘူး ဖြစ်လာတယ်။ အဲဒါနဲ့ ပက်လက်ကုလားထိုင်စုတ်ကလေးပေါ် ထိုင် အမောဖြေနေရာက ကုတ်ကတ်ထ ဘိန်မနားသွားပြီး

"ဘာတွေလုပ်နေပြန်ပြီလဲ ဘိန်မ"

ကျွန်တော်လေ တကယ်ပြောတာ။ ဟောဒီလောကကြီးထဲမှာ ကျွန်

တော် အသနားဆုံး သနားစရာအကောင်းဆုံးဟာ ကျွန်တော်ပဲဆိုတာ ကျွန်တော် အဲဒီအချိန်ကျမှ သိတယ်။ အဟုတ်ပြောတာ။ ကိုယ်ကသာ ချိုချိုပိုပိုနဲ့ ချော့ချော့မော့မော့ပြောနေတာ။ ကိုယ့်မိန်းမဆိုတဲ့ဟာကြီးက ကိုယ့်ကို တစ်ချက်တောင် အဖက်မလုပ် လှည့်တောင်မကြည့်ဘဲနဲ့

"လှေမြော လှေနဲ့လိုက်၊ ငွေမြောငွေနဲ့လိုက်၊ ဆူးကိုဆူးနဲ့ပဲထွင်းရတယ်တဲ့၊ ဆောင်ပုဒ်တွေ ဆောင်ပုဒ်တွေ"

"အဲ အဲဒီတော့"

လို့ မရဲတရဲလေး ထောက်ပေးလိုက်တော့

"ဘိန်းမပါတော်၊ ပြီးခဲ့တဲ့လတုန်းက ငွေတိုးချလိုက်တာ၊ ငွေတွေချေးပေးလိုက်တာ၊ တစ်လအတွင်း သိန်းနှစ်ဆယ်ကျော်လောက် ပလုံသွားတာ စဉ်းစားမိတိုင်း ဟောဒီရင်ဘတ်ကြီးထဲက နာလွန်းလို့ မခံစားနိုင်လွန်းလို့"

"အင်းလေ"

"ပြီးတော့ ကျုပ်ဆိုတဲ့ ဘိန်းမက 'အခံပက်လက် ထမင်းချက်'ဆိုတာလို တစ်သက်လုံး 'ခံစား'နေမယ့် အစွမ်းအစမရှိတဲ့သူ မဟုတ်ဘူး၊ 'မုဆိုးမအိမ်က မီးပြောင်း'မဟုတ်ဘူးဆိုတာ ပြချင်လို့"

"ဘုရားရေ ဘုရား ဘုရား"

လို့ ကျွန်တော် တကယ်'တ'လိုက်မိတယ်။

"ခု အပေါင်ဆိုင် ဖွင့်ထားတယ်"

"လုပ် လုပ်ချလိုက်ပြန်ပြီပေါ့"

"ဒါပေါ့တော်၊ ဒါပေါ့၊ လုပ်ရမှာပေါ့၊ ကိုယ်က ကိုယ့်လင် ကိုယ့်သားကို ကိုယ့်အစွမ်းအစနဲ့ ခွံ့ချင် ကျွေးချင်တာလေ၊ ကိုယ့်လုပ်စာနဲ့ သူတို့ကို မန်မန်းမြိန်စေချင်တာ အပေး ပေး"

ပြောရင်း ပြောရင်းနဲ့ ဖင်က (တုတ်ကောင်ထသလို) ရွစလိ ရွစလိနဲ့ ဖြစ်လာပြီး ဒူးနှံ့ခြေခါနဲ့ လက်နှစ်ဖက်လုံးကလည်း အစအဆုံး ပူးကပ်လိမ်ကျစ်လိုက် တောင်ကုတ်မြောက်ကုတ် ဟိုကိုင်ဒီနှိုက်လုပ်လိုက်နဲ့ ဝမ်းသာအားရနဲ့ အားပါ ပါးပါဖြစ်လာပြီး

"တော်ခရီးသွားနေတုန်း ကျုပ် ပြင်းပြင်းရှိတာနဲ့ ဩကာသလောက



ကြီးကို ခြုံငုံသုံးသပ်လှေလာကြည့်ပြီး ကိုယ့်ရဲ့လုပ်ကိုင်ခဲ့တဲ့ လုပ်ရည်ကိုင်ရည် သုပ်ငန်းဆောင်တာတွေကို ပြန်ပြီး ဆင်ခြင်ကြည့်လိုက်တော့ ပြီးခဲ့တဲ့လက သုပ်ငန်းမှာ 'ပြောင်သလင်းခါ'သွားတာ၊ ဘာမှအခြေအမြစ်မရှိတဲ့ အလုပ်အကိုင်မရှိတဲ့ လုပ်ချင်ကိုင်ချင်စိတ်မရှိတဲ့ ဆင်းရဲသားအပေအတေတွေကို ယုံကြည်ကိုးစားပြီး လောဘရှေ့ထားပြီး 'ပစ္စည်းမဲ့ ချေးပစ်လိုက်လို့ပဲ'ဆိုတာ မြင်လာတယ်"

အမယ် ဒီအလုံးကတော့ ဟုတ်သားဟ လို့ စိတ်ထဲကြိတ်တွေးရင်း မျက်စိလေး ကလယ်ကလယ် ပါးစပ်ကြီး ဟစီဟစီနဲ့ ထောက်ခံမိသလိုတောင် ဖြစ်သွားတယ်။

"တော်ကတော့ ဉာဏ်ပညာနုံ့နဲ့သူဆိုတော့ ခု ကျုပ်မြင်သလောက် ဘယ်မြင်လိမ့်မလဲလေ၊ ဟုတ်ဘူးလား၊ ဒါပေမယ့် ခုလောက်ဆိုရင်တော့ နည်းနည်း ရိတ်တိတ်ရိတ်တိတ်လောက်တော့ တွေ့မှာပေါ့၊ ပစ္စည်းမဲ့ ငွေချေးလိုက်တော့ ဟော သူလည်း မလာရော သူလည်း ပြန်မဆပ်ရော ပလုံဆို ပျောက်သွားရော၊ ကဲ ခုလို ပစ္စည်းလေးယူထားပြီး ချေးလိုက်တော့ သူမလာလည်း ဘာအရေးပဲ၊ မလာလေ အေးလေပဲ၊ သတ်မှတ်ကာလ လွန်သွားတာနဲ့ 'ဘိန်းမ'ရေလို့တောင် လာမခေါ် နဲ့၊ အဟီးဟီးလို့လည်း လာမရယ်ပြန်နဲ့၊ အဟင့်ဟင့်လို့လည်း လာမငိုပြန်နဲ့၊ 'ဆောဒီး'ပဲ၊ 'ဆောဒီး'ပဲ၊ ဘိန်းမတို့က ချစ်တယ်နော် အာဘွား၊



အေး ပြတ်ပြီဆိုလည်း ကုလားပဲ၊ တော်သိပါတယ်"

အဲဒီတော့မှ လားလား အိမ်ထဲမှာ အထုပ်တွေ အထုပ်တွေ အလိပ်တွေ အလိပ်တွေဆိုတာ ပုံစံမျိုးစုံနဲ့ ပြည့်နှက်နေတယ်၊ သတ္တုအိုးအစုတ်ပလုပ်တွေ၊ ဒယ်အိုးပေါက်တွေ၊ နို့ဆီခွက်အလွတ်တွေပါ ပါတယ်။

"ဒါ ဒါတွေက"

လို့ ကြောက်ကြောက်လန့်လန့် ဆွံ့ဆွံ့အအနဲ့ ယောင်ပြီးအသံထွက်သွားမိပါတယ်။

"ဟုတ်တယ်လေ၊ အဲဒါတွေက ဘိန်းမအပေါင်ခံထားတာ အလုပ်လုပ်ထားတာလေ"

ဆိုပဲဗျ။

"နင့်အရင်း အရင်းက ဘယ်က ရ ရ"

"အိုတော် အရင်းအနှီးက ပေါပါတယ်၊ ကျုပ်တို့လို လုပ်ရည်ကိုင်ရည်လေးရှိ၊ အိုက်ဒီယာလေးကောင်း၊ တကယ်လည်း ရိုးရိုးသားသားအလုပ်လုပ်မယ့်လူတွေအတွက် အရင်းထုတ်ပေးမယ့် မြေတောင်မြှောက်ပေးမယ့်လူတွေက အဆင်သင့် ပေါမှပေါ။ အဲ ကျုပ်က အဲဒီလောက်ပေါများလွန်းလှတဲ့ 'စပွန်ဆာ'တွေထဲကမှ ကျုပ်မေတ္တာရှိတဲ့ ရေရှည်လည်း လက်တွဲလို့ကောင်းမယ့် ကျုပ်တို့'မကြီး'ကိုပဲ ရွေးလိုက်တယ်၊

သူကလည်း သူ့လယ်လေးတစ်ကွက်ရောင်းထားတဲ့ငွေတွေ ဟိုထားမတတ် ဒီထားမတတ်ဖြစ်နေတာနဲ့ ကျုပ်က(၅)ကျပ်တိုးနဲ့ယူပြီး ထိန်းသိမ်းပေးထားလိုက်တယ်၊ သိပ်မများပါဘူး သိန်းနှစ်ဆယ်ကျော်လေးပါ။ သူ့အကျိုးကိုယ့်အကျိုးပေ့ါတော်၊ ဒီမှာ အပေါင်ခံတာကျ ကျုပ်က သမာအာဇီဝကျကျပါပဲ၊ ၁၅ကျပ်တိုးနဲ့ ကူညီထားပေးလိုက်တယ်၊ အဲ ထွက်လာတဲ့ ၁၀ကျပ်ကတော့ တော်တို့ စားကြ ဝါးကြပေ့ါတော်၊ ကိုယ့်လင်ကိုယ့်သားတွေ ကိုယ့်အရှေ့မှာ မြိန်မြိန်ကြီး ဝါးတီးဖွင့်နေကြတာမြင်ရရုံနဲ့တင် ဘိန်းမတို့ ပင်ပန်းရကြိုးရင်းရကြိုးနပ်ပါပြီတော်"

ရှိရှိသမျှ ဘုရားတို့ရေ ကျွန်တော်မျိုးကြီးကို ကယ်မတော်မူကြပါ။ ဘုရား ဘုရား၊ ဒီမှာ ကျွန်တော်မျိုးရဲ့မိန်းမဘိန်းမက ကျွန်တော်မျိုးကြီးတို့ကို



တွေ့နေပြန်ပြီ ဘုရား ဘုရား ဆိုပြီးကို အော်ဟစ်ငိုယိုပြီးကို တလိုက်ချင်တော့တယ်။ ပြီးတော့ သူ အလုပ်လုပ်ထားတယ်၊ အပေါင်ခံထားတယ်ဆိုတဲ့ပစ္စည်းတွေ အထုပ်တွေကို လက်လှမ်းမီသလောက်လေး ယူကြည့်လိုက်မိတယ်။

(အကုန်လျှောက်မကြည့်နိုင်၊ ယူကြည့်စရာမလိုအောင်ကို သုံးခုလောက်နဲ့တင် လုပ်ငန်းသဘောနှင့် လုပ်ရည်ကိုင်ရည်ကို နားလည်နိုင်သည်)

၁။ဆင်ကြယ်ဖိနပ်အစုတ်တစ်ရန်

ညာဘက် ဖနောင့်နေရာပါး၍ပြတ်ပြီး ဘယ်ခြေမနေရာ ပေါက်နေသည်။

တန်ဖိုးငွေ(ပေးငွေ)တစ်သောင်း

တစ်လအဆုံး

မှတ်ချက်-ကိုကွန်ခွေး မသေခင်စီးခဲ့သောဖိနပ်။

၂။မယောင်ပြေး ယောထဘီတစ်ထည်

တန်ဖိုးငွေ(ပေးငွေ)သုံးသောင်း

တစ်လခွဲအဆုံး

မှတ်ချက်-မသောင်းစိန်၏မင်္ဂလာဦးထဘီ၊ စုတ်ပြတ် ပြဲရွဲနေသည်။

၃။ဒယ်အိုး(မျက်နှာ၁၀ တစ်တောင်ခန့်ရှိပြီး ဖင်အနည်းငယ်ပေါက်နေသည်)တစ်လုံးနှင့် နို့ဆီခွက်အလွတ်တစ်လုံး

တန်ဖိုးငွေ(ပေးငွေ)ငါးထောင်

သုံးလအဆုံး

မှတ်ချက်-ဦးခွေးပုနှင့်ဒေါ်ခွေးမကြီးတို့၏ လက်ထက်ပွား အမှတ်တရပစ္စည်းများ။

(ကဲ ကြည့် ခုလောက်ဆို ကျွန်တော့်မိန်းမ၏ လုပ်ကွင်းလုပ်ကွက်နှင့် လုပ်ရည်ကိုင်ရည်ကို ပရိသတ်များ မြင်လောက်ပြီဟု ထင်မိပါသည်)

"သောက်ရူးမ၊ သောက်ကမြင်းမ၊ သောက်ကန်းမ နင် ဒါတွေကို ဘယ်လိုစိတ်ကူး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ထားတာလဲ လုပ်ခဲ့တာလဲဟင်"

ဟု စိတ်ပျက်လက်ပျက်နှင့် မေးမိသောအခါ ဘိန်းမမှ ၎င်း၏မြင့်မားသွားကျိုးလှစွာသော မဟာစီမံကိန်းနှင့် သူမတူအောင် စူးရောက်လွန်းလှသည့်အတွေးအခေါ် အိုက်ဒီယာများအား မြိန်ယှက်စွာ ရှင်းပြလေသည်။

"ကျုပ်က တော့်ရဲ့ အဆင့်မြင့်မယား၊ တော်သေသွားပြီးတဲ့အထိ

ဂုဏ်ယူနေရမယ့် မဟာမယာ ပါတော်၊ ဘာလုပ်လုပ် ဘယ်တော့မှ လက်လွတ် စပယ်မလုပ်ပါဘူး၊ စာပေကျမ်းဂန် အကိုးအကားတွေနဲ့ လုပ်တာပါ၊ ဒီမှာကြည့်"

ကျွန်တော်ဝယ်ဖတ်ပြီး ပုံထားသော ဂျာနယ်အဟောင်းပုံများထဲမှ ဂျာနယ်တချို့အား ယူထုတ်၍ စာရွက်များအား ဗျတ်ဗျတ် ဗျတ်ဗျတ်နှင့်လှန် လှော၍ပြီးလျှင်

"ဟော တွေ့လား၊ ဟစ်တလာရဲ့ သွားတစ်ချောင်းက ဒေါ်လာ. . သန်းတဲ့၊ ဒီမှာက နပိုလီယံရဲ့ စစ်ထွက်အကျႌ အဲ သူကလည်း ကြမ်းခင်းဈေး တင် ဒေါ်လာ. . သန်း၊ ဒေးကာနက်ဂျီ ကိုင်ခဲ့တဲ့ ဖောင်တိန်က ဒေါ်လာ. . သန်း ဂန္ဒီကြီးရဲ့မျက်မှန်က. . ၊ ကဲ မြင်ပြီလား၊ ဈေးဟောင်းတွေ ဈေးဟောင်းတွေ ဟောင်းလေ တန်ဖိုးက ကောင်းလေတွေလေ၊ သူတို့တောင် ဒီလောက်ကြီးတွေ ရရင် ကျုပ်ရဲ့အခုပစ္စည်းတွေကတော့ ဒီလောက်လေးတော့ရမှာပေါ့ မဟုတ် လား၊ ပြီးတော့ ကျုပ်က စအလုပ်လုပ်ကတည်းက အပေါင်ခံကတည်းက ရှင်းအောင်ပြောထားပြီးသား၊ သတ်မှတ်ကာလအတွင်း လာမရွေးလို့ကတော့ ဟောဒီဈေးအရှေ့မှာတင် လေလံပစ် ပစ်မှာလို့၊ အဲဒီတော့မှ အရည်တရွှတ် ရွှတ် အဖတ်တပြွတ်ပြွတ်နဲ့ မျက်ရည်နဲ့မျက်ခွက်နဲ့ လာမလုပ်ကြနဲ့လို့"

× × ×

ကျွန်တော် လုံချည်ကို ခါးတောင်းမြှောင်နေအောင် ကျိုက်လိုက် တယ်၊ ပြီးတော့ အိမ်ရှေ့လမ်းမထွက်တယ်၊ လမ်းသွားလမ်းလာ တွေ့သမျှ လူ အရွယ်မျိုးစုံ တွေ့သမျှအကောင်ဗလောင်မျိုးစုံကို ဆဲနည်းမျိုးစုံနဲ့အသံ ကုန် လက်သီးလက်မောင်းတန်းပြီး အော်ဆဲပစ်နေမိတယ်။

ဟုတ်တယ်။ အဲဒီတော့မှ တွေ့သမျှလူတွေက ကျွန်တော့်ကို ထိုး ရိုက် ကန်ကြောက် ကြမယ်၊ ပြန်ဆဲမယ်၊ အကောင်ဗလောင်တွေက ပြန်ကိုက် ကြမယ်၊ အဲ ပြီးတော့ အရူးတစ်ယောက်လို ဝိုင်းဝန်းဖမ်းဆီးပြီး အရူးထောင် ဒါမှမဟုတ် ထောင်ထဲပို့ကြမယ်။

ကဲ. . နားအေးရော။

ဗုံဗလုံး

# ဆူပရာနို

## အဓေဝါး

အတိအကျမသိတဲ့ ရမ်းမလုပ်ပါနဲ့



# အတွေး

**အတိအကျမသိဘဲ ရမ်းမလုပ်ပါနဲ့**

ကြီးပွားသောလူတစ်ဦး ဖြစ်ရန်အတွက် အောင်မြင်ကြီးပွားမည့် လုပ်နည်းလုပ်ဟန်ကို သိရမည်။

ဤအချက်သည်လည်း ကြီးပွားရေးအတွက် အရေးကြီးသော အချက်တစ်ချက်ပင်ဖြစ်သည်။

လူတချို့သည် မိမိအတိအကျမသိသော ကိစ္စများအား ဝင်ရောက်စွတ်ဖက် ဝင်ပြောဝင်ပြင်သဖြင့် လုပ်ငန်းများတွင် ထိခိုက်ဆုတ်ယုတ်တတ်လေသည်။

မည်သည့်လုပ်ငန်းတွင်မဆို ဆိုင်ရာဆိုင်ရာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေး အကြံဉာဏ်ကို ရယူသင့်ပေသည်။ ဥပမာ(Logo Design) သည် ဒီဇိုင်နာ၏ အလုပ်ဖြစ်ပါသည်။ ကျွမ်းကျင်သော ဒီဇိုင်နာလုပ်ထားသည့် ဒီဇိုင်းကို အရောင်ပြောင်းခြင်း အမြီးဖြတ်၊ ခေါင်းဖြတ်လုပ်ခြင်း မလိုအပ်ဘဲ ကိုယ်ရည်သွေးစာများ ထည့်ခြင်းဖြင့် မိမိကုန်ပစ္စည်းကို လွန်စွာထိခိုက်တတ်သောသာဓကများ များစွာရှိလှလေပေပြီ။

ထို့နည်းတူ ဈေးကွက်ကိစ္စကို ဈေးကွက်မန်နေဂျာနှင့်လည်းကောင်း စက်ရုံကိစ္စကိုကျွမ်းကျင်သော စက်ရုံမှူးနှင့်လည်းကောင်း တိုင်ပင်ညှိနှိုင်းဆွေးနွေးပါမှ သင့်တော်သောအဖြေများ ရရှိနိုင်ပြီး ထိုအဖြေများမှတစ်ဆင့် အောင်မြင်ရေးလမ်းကြောင်းပေါ်သို့တက်လှမ်းနိုင်မည် ဖြစ်ပါသည်။



ဘုမသိဘမသိနှင့် ဝင်ပြောသူတစ်ဦးကို သာဓကပြလိုပါသည်။

အမျိုးသမီးတစ်ဦး ကလေးချီလျက် ဘတ်စ်ကားပေါ်သို့ တက်လာချီ၏။ ဘတ်စ်ကားလက်မှတ်စစ်က ကလေးကိုမြင်တော့ လွှတ်ခနဲ ပြောလိုက်မိသည်။

"ဟင်း. . . တော်တော်ရုပ်ဆိုးတဲ့ ကလေးပဲ"

အမျိုးသမီးက မိမိကလေးအားကဲ့ရဲ့သဖြင့် စိတ်ဆိုးသွားပြီး ဗျစ်တောက်ဗျစ်တောက်ပြောရင်း ထိုင်ခုံသို့ ဝင်ထိုင်လိုက်၏။ နံဘေးတွင် ထိုင်နေသောလူက အမျိုးသမီးအား ဝင်စပ်စု၏။

"ဘာဖြစ်လို့လဲ ကလေးမ"

"ဟိုမှာလေ၊ ဟိုစပယ်ယာကောင် ကျွန်မကို စော်ကားမော်ကား ပြောလိုက်လို့"

"သူငယ်မ အဲဒါမျိုးဆိုတာ ငုံ့ခံလေ ရောင့်တက်လေပဲ၊ သွား ချက်ချင်းမဖြစ်ပြီး ရှင်းပစ်လိုက်၊ ပေး ပေး မင့်လက်ထဲက မျောက်ကလေး ဦးလေး ချန်ထားပေးမယ်"

ဘာဖြစ်ကြမည်နည်း။ အတိအကျ အကြောင်းစုံကို မသိဘဲ ဝင်ပြောသည့် ပြဿနာက မည်မျှကြီးသွားနိုင်သနည်း။ ထို့ကြောင့် မှတ်ပါ။

အတိအကျမသိဘဲ ရမ်းမလုပ်နဲ့။

မတွေဝေနဲ့။

ဘိန်းမုန့်ဖုတ်ရန် မီးဖိုပေါ် ဒယ်အိုးတင်ပြီးပါက မုန့်ထည့်ရန် ဝန်မလေးခဲ့နဲ့။ ကြီးပွားအောင်မြင်ဖို့အတွက် ပထမခြေလှမ်းကိုလှမ်းဖို့ မတွေဝေနဲ့။

တွေဝေစိတ်သည် အောင်မြင်ရေးအတွက် ကြီးစွာသော အနှောင့်အယှက်ကြီး ဖြစ်နေပါသည်။ ဤခေတ်သည် စားသုတ်သုတ်၊ သွားသုတ်သုတ် လုပ်နိုင်မှ တန်ကာကျသော ခေတ်ဖြစ်သည်။ နှေးကွေးလျှင် ဘေးဖြစ်သည်ဆိုသော ခေတ်ကြီးပါတည်း။ ထို့ ကြောင့် လုပ်စရာရှိလျှင် မြန်မြန်လုပ်၊ မှားလျှင်မြန်မြန်ဆုတ် လုပ်နိုင်ပါမှ လူရာဝင်နိုင်မည် ဖြစ်သည်။

ဆူပရာနီ


မြေထက်လူ
တစ်ချက်

# တစ်ခါပြင်

ကားမောင်းလာရင်းကမှ ဒီလမ်းကနေ လာခဲ့မိတာ မှားသွားမှန်း သူသိလိုက်သည်။ လမ်းတစ်လျှောက် ဖြတ်သွားဖြတ်လာ ကားတစ်စီးတလေမှ အခုထိမတွေ့ရသေး။ ပူပြင်းတဲ့နေရောင်အောက်မှာ သစ်ပင်ကျိုးတိုးကျဲတဲ တချို့မှလွဲ၍ တောလမ်းဆန်ဆန် မြေသားလမ်းပေါ်မှာ သူတစ်ယောက်တည်း ကားတစ်စီးနှင့်။

သူသွားနေကျလမ်းက အကောက်အကွေ့များလို့ အချိန်ကြာသည် ကလွဲ၍ ကြားမှာမြို့ငယ်ရွာငယ်လေးတွေရှိနေသေးတဲ့အတွက် အသွားအလ မပြတ်သလို နားနေစားသောက်ဖို့အတွက်လည်း ပူစရာမလိုပေ။

ဒီလမ်းကတော့ မြို့နှစ်မြို့ကို အနီးဆုံးဖြစ်အောင် ဖောက်လုပ်ထာ တဲ့ဖြတ်လမ်းဖြစ်တဲ့အတွက် ကြားမှာ မြို့မရှိ ရွာမရှိ အသွားအလာလည် လုံးဝမရှိသလောက်ပင်။ နယ်စပ်နှင့်နီး၍သာ တစ်ဘက်နိုင်ငံသို့ တရားမဝင် သွားရောက်လိုသူ တချို့သာ ရံဖန်ရံခါ အသုံးပြုတတ်ကြမှန်း သူသိ၏။



ဒီလမ်းကနေ သူ အရင်က တစ်ခါမှမသွားဘူးခဲ့။ အလျင်လို၍သာ ဒီ လမ်းကနေ လာခဲ့မိကာမှ ကားကလည်း ဆီပျောက်လိုက်၊ မီးပျောက်လိုက်နှင့် ခဏ ခဏ ထ၍ဖောက်နေသဖြင့် ခရီးကလည်း မတွင်လှ။

နာရီကိုကြည့်လိုက်တော့ နေ့လယ်နှစ်နာရီခွဲကျော်ပြီ။ မနက်ကတည်း က ဘာမှမစားခဲ့လို့ ဗိုက်ဆာဆာနဲ့ ပါလာတဲ့ရေဗူးကိုပဲ သောက်နေရလို့ ရေဗူး ထဲမှာလည်း ရေကကုန်လုလု။

ကားကိုစိတ်ပျက်အားလျော့စွာ မောင်းလာရင်း ရှေ့နားမှာ လှမ်းမြင် လိုက်ရတဲ့မြင်ကွင်းကြောင့် သူ စိတ်ဝင်စားသွားပြီး သေသေချာချာကြည့်မိ သည်။

မြေစိုက်တဲငယ်တစ်လုံးနဲ့အတူ တဲရှေ့မှာ ထောင်ထားတဲ့ 'ထမင်း ဆိုင်'ဆိုတဲ့စာတန်းတစ်ခု။ သူ့ရဲ့နောက်ကျိနေတဲ့စိတ်က အနည်းငယ်လန်းဆန်း သွားသည်ထင်၏။ တဲငယ်ရှေ့ရောက်တော့ သူကားပေါ်ကဆင်းလိုက်ပြီး ပတ် ဝန်းကျင်ကို အကဲခတ်ကြည့်မိသည်။ အနီးအနားတွင် လူနေထိုင်ပုံမရတော့ သည့် ပြိုကျပျက်စီးနေသော တဲအိမ်ငယ်တချို့ကိုပါ တွေ့ရသည်။

"ထမင်းစားမလို့လား"

ရုတ်တရက်ထွက်ပေါ်လာတဲ့အသံကြောင့် သူ လှမ်းကြည့်မိသည်။ စားပွဲကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်နေတဲ့ ဆံပင်ရှည်ရှည် မျက်နှာညှင်းသိုးသိုး နဲ့လူတစ်ဦး၊ အမာရွတ်တစ်ခုကလည်း မျက်နှာမှာ ကန့်လန့်ဖြတ်နှင့်။ လဲကျ နေတဲ့ စားပွဲခုံရဲ့ဘေးမှာ ကပ်ထိုင်နေတဲ့အတွက် ဒီလူ့ကို စောစောက မမြင်မိ ခြင်းဖြစ်သည်။

သူက ဘာမှပြန်မဖြေသေးဘဲ တဲ၏အပြင်အဆင်ကိုသာ အကဲခတ် သလို ထပ်၍ကြည့်သည်။ ထမင်းဆိုင်ဟုဆိုသော်လည်း စားပွဲကုလားထိုင် ဆိုသမျှ စားအိုးစားခွက် လုံးဝမတွေ့ရ။ ထမင်းဆိုင်ဆိုတဲ့ စာတန်းသည်ပင် လျှင် စားပွဲခုံကိုလှဲ၍ စားပွဲခုံမျက်နှာပြင်ပေါ်မှ ရေးထားခြင်း ဖြစ်သလို ရေးခြစ် ထားခြင်းဖြစ်သည်။ တဲငယ်အမိုးကို သစ်ကိုင်းသစ်ခက်များဖြင့်မိုးထားပြီး တဲ ၏နောက်ဖက်တွင်တော့ ထရံအစုတ်များဖြင့် ကာရံထားသည်။ ဘေးနှစ်ဘက် နှင့်ရှေ့မျက်နှာစာကတော့ အကာအရံလုံးဝမရှိ။

"ထမင်းစားမလို့လား"

ဆံရှည်နှင့်လူက နောက်တစ်ခေါက်ထပ်မေး၏။ သူ ဇဝေဇဝါဖြစ်
သွားပြီး

"ထမင်းစားလို့ ရလား"

"ရတာပေါ့၊ တစ်ခါပြင် ၁၈၀၀နော်"

ပုံမှန်ထက်ပိုများနေတဲ့ဈေးနှုန်းမို့ သူ အံ့ဩသွား၏။ ဒါပေမယ့် သူ
မငြင်းနိုင်။ လောလောဆယ် ဟာနေတဲ့ဗိုက်ကိုဖြည့်ဖို့က အရေးကြီးသည်
အစားကြီးသူမဟုတ်တဲ့အတွက်လည်း တစ်ခါပြင်လောက်နှင့်ပင် ဗိုက်ပြည့်
သွားနိုင်သည်ဟု သူထင်သည်။ လူသူမနီးသည့် ဒီလိုနေရာမျိုးမှာ ထမင်းဆိုင်
ရှိနေတာကိုပဲ ကျေးဇူးတင်ရမလိုပင်။

"အင်း ရတယ်လေ၊ စားမယ်"

ဆံရှည်က ထိုင်ခုံမှထကာ အသံကျယ်ကျယ်ဖြင့်

"ဟေ့ ဧည့်သည်တစ်ယောက်လာတယ်ဟေ့"

"လာပြီ ဆရာ"

ဆိုတဲ့ အသံနဲ့အတူ တဲနောက်မှာ ကာထားတဲ့ ထရံစုတ်တစ်ချ
ဟသွားပြီး မျက်နှာပေါက်ကြမ်းကြမ်း ဂင်တိုတိုနှင့် လူတစ်ယောက်ထွက်လာ၏
ဆံရှည်နဲ့လူက

"ဒီမှာ ထမင်းစားမလို့တဲ့"

"ဟုတ်ကဲ့ ပြင်လိုက်ရတော့မလား ဆရာ"

"အေး ပြင်လိုက်တော့"

သူတို့နှစ်ယောက် အပြန်အလှန်စကားပြောနေချိန်အထိ သူမှာ ထိုင်
စရာမရှိသေးပေ။ ဒီအတိုင်းရပ်နေရင်း သူတို့နှစ်ယောက် လှုပ်ရှားမှုကိုသ
ကြောင်တောင်တောင်နှင့် လိုက်ကြည့်နေမိသည်။

ဂင်တိုတိုနှင့်လူက သူ့ဆရာဆိုသူထိုင်ခဲ့သော ဝါးကုလားထိုင်ကို ခ
ဖယ်လိုက်ပြီး လဲကျနေသောစားပွဲကို ထောင်လိုက်ကာ တဲအတွင်းသို့မယူလ
ပြီး ချလိုက်၏။

ထို့နောက် စားပွဲခုံမျက်နှာပြင်ပေါ်တွင် ရေးထားသည့် ထမင်းဆ



...တဲ့စာတန်းကို သူ့ပခုံးမှာတင်ထားသည့်အဝတ်နှင့်ဖျက်လိုက်ပြီး ဆိုင်နောက်
...ဘက်သို့ ပြန်ဝင်သွား၏။ ဆံရှည်နှင့်လူက နောက်ဖေးထရံတွင် ချိတ်ထားသည့်
...ဒိန်အဟောင်းကိုဖြုတ်ယူကာ အေးအေးလူလူပင် ဝါးကုလားထိုင်မှာပြန်
...ထိုင်နေ၏။ ခဏအကြာ ဂင်တိုတိုနှင့်လူက ထိုင်ခုံတစ်လုံးကိုင်ကာ ပြန်ထွက်
...လာပြီး

"ကဲ ကိုယ့်လူ ထိုင်လို့ရပြီ"

ဆိုပြီး ထိုင်ခုံကိုချပေးကာ ဆိုင်နောက်ဘက်သို့ ပြန်ဝင်သွား၏။
...ထိုင်ခုံမှာဝင်ထိုင်လိုက်ပြီးတဲ့အထိ သူ့စိတ်ထဲ ဇဝေဇဝါဖြစ်နေတုန်းပင်။ ဆံရှည်
...က သူ့ကိုကြည့်ကာ

"ကိုယ့်လူ ဟင်းကတော့ ကြက်သားဟင်းပဲ ရှိတယ်နော်၊ ကြက်မှ
...တောကြက်လေ၊ ဒီနေ့မှ ရှားရှားပါးပါးရလို့ ချက်ထားတာ၊ စားမယ်မဟုတ်လား"

သူ တစ်ချက် တွေခနဲဖြစ်သွား၏။ ဒီနေ့မှ ရှားရှားပါးပါးရလို့ ချက်
...တာဆိုတော့ အရင်ရက်တွေက ဘာတွေချက်ကြသလဲ။

ဒါပေမယ့် သူ ဆက်ပြီး ရှည်ရှည်ဝေးဝေး မစဉ်းစားနိုင်။ ဘာဟင်း
...ဖြစ်ဖြစ် သူ့အနေနှင့် လောလောဆယ် ဗိုက်ပြည့်ဖို့က အရေးကြီးသည်။

"ဟုတ်ကဲ့၊ ရှိတာနဲ့ပဲ စားပါ့မယ်"

"ဟေ့ ကြက်သားဟင်းနဲ့ စားမယ်တဲ့ဟေ့၊ ပြင်လိုက်တော့"

"ဟုတ်ကဲ့၊ ပြင်နေပါပြီ ဆရာ"

ဂင်တိုတိုလူရဲ့အသံက ထရံနောက်ကနေ ထွက်လာ၏။ ခဏကြာ
...တော့မှ ဂင်တိုတိုနှင့်လူ အပြင်ပြန်ထွက်လာပြီး ထမင်းပန်းကန်နှင့် ဟင်းပန်းကန်
...ကို စားပွဲပေါ် ချကာ

"ရော့ စားလို့ရပြီ"

ဆိုပြီး ဆိုင်နောက်ဘက်ကို ပြန်ဝင်သွား၏။

သူ ထမင်းနှင့်ဟင်းကိုကြည့်မိ၏။ ထမင်းက ဆန်ခပ်ညံ့ညံ့ကို ချက်
...ထားတဲ့ထမင်း။ စပါးလုံးတောင်ရွေးထားတဲ့ပုံမပေါ်။ ဟင်းကတော့ ကြက်သား
...ကြီးကြီးတစ်တုံး။ ဒါပေမယ့် ဆီမပါ ပျားမပါနဲ့ ရေလုံဖြုတ်သာသာ။

မသိမသာ နှာခေါင်းရှုံ့ပြီးကာမှ သူ ဖြည့်တွေးလိုက်မိသည်။ ဘယ်

လိုအရသာပင်ဖြစ်နေပါစေ လောလောဆယ် သူ့အတွက်ဟာနေသော ဝမ်းမီး ကိုငြိမ်းစေမှာကတော့ အမှန်ပင်။ စားတော့မယ်လို့ ဟန်ပြင်လိုက်ကာမှ ဇွန်း က မရှိ။ သူ ကြောင်တောင်တောင်နှင့် ဟိုကြည့်ဒီကြည့် ကြည့်မိသည်။ ဆံ ရှည်က

"ဘာလိုလို့လဲ"

"ဇွန်းမပါလို့"

"ဟေ့ကောင် ဇွန်းတဲ့ဟ၊ ဇွန်း လုပ်ပါ သေသေချာချာ ပြင်ပေးစမ်း ပါ"

ဆံရှည်ရဲ့အော်သံကြောင့် ဂင်တိုတိုနဲ့လူက ဆိုင်နောက်ကနေထွက် လာပြီး ဇွန်းတစ်ချောင်းလာပေး၏။ ဆံရှည်နဲ့လူက ကုလားထိုင်ပေါ် ထိုင်ကာ ပြက္ခဒိန်နောက်ကျောမှာ ဘောပင်တစ်ချောင်းနှင့် ဘာတွေမှန်းမသိ ရေးနေ၏။ ဗိုက်ဆာဆာနဲ့ နှစ်ဇွန်းသုံးဇွန်းလောက်ခပ်စားလိုက်ပြီးကာမှ သူ သတိရသွား ပြီး ဆံရှည်ကိုကြည့်မိ၏။ ဆံရှည်က

"ဘာလိုလို့လဲ"

"ဟို ငါးပိရည် တို့စရာလေးများ မရနိုင်ဘူးလား"

"မရှိဘူး"

ထမင်းဆိုင်ဆိုပြီး ငါးပိရည်တို့စရာမရှိတဲ့အတွက် သူ့စိတ်ထဲ ဘဝင် မကျဖြစ်သွား၏။ ထမင်းနဲ့ဟင်းကလည်း အရသာမရှိလှတဲ့အပြင် စားရတာ ခြောက်ကပ်ကပ်။

"ဟို ဒါဆို ဟင်းချိုရော"

"ဟင်းချိုတော့ရမယ်"

ဆိုပြီး

"ဟေ့ ဟင်းချိုတဲ့ဟေ့၊ လုပ်စမ်းပါဦးကွ ဟင်းချို"

ဂင်တိုတိုနဲ့လူက ဟင်းချိုတစ်ပန်းကန်လာပေးပြီး ဆိုင်နောက်ဘက် ကို ပြန်ဝင်သွား၏။ သူ ဟင်းချိုပန်းကန်ကို ကြည့်မိသည်။ ဘာအရွက်တွေ ဘယ်လိုချက်လို့ ဘာဟင်းချိုလို့ခေါ် ရမှန်းမသိ။ သူ ဟင်းချိုတစ်ဇွန်း ခပ်သောက် ကြည့်လိုက်သည်။ စိမ်းရွှေရွှေအနံ့နှင့် ဖန်တွတ္တ ခါးတားတားအရသာကြောင့်



သောက်လိုက်မလိုလုပ်ပြီးကာမှ သူ့ကိုလှမ်းကြည့်နေတဲ့ ဆံရှည်ကို အားနာ ၍ ကျိတ်မှိတ်ကာ မြိုချလိုက်ရသည်။ ရင်ထဲမှာတော့ အော်ဂလီဆန်ကာ ချဉ်စိတ်ပေါက်သွား၏။

သူ့ဘဝတစ်လျှောက်လုံး ဒီလောက်ညံ့ဖျင်းလှတဲ့ ထမင်းဟင်းကိုစား ရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့။ သူ ကျိတ်မှိတ်ကာ နောက်ထပ်တစ်ဇွန်း ခပ်စားလိုက်ပြီးကာမှ ထပ်၍ သတိရလိုက်သည်။ ဒီအတိုင်းစားလို့ကတော့ တော့မည်မဟုတ်။ ရေနဲ့မျှောချတာကမှ တော်ဦးမည်။ သူ မကြည့်ရဲ ကြည့်ရဲ ဆံရှည်ကို လှမ်းကြည့်၏။

"ပြော ဘာထပ်လိုပြန်ပြီလဲ"

"ဟိုလေ သောက် သောက်ရေလေးတစ်ခွက်လောက်များ ရမလား ဗျ"

"ဟေ့ကောင် သောက်ရေတဲ့ဟေ့၊ သောက်ရေတဲ့ဟ လုပ်စမ်းပါဦး"

ဂင်တိုတိုနဲ့လူက သောက်ရေတစ်ခွက် လာပေးသွား၏။ ဆံရှည်က တော့ ပြက္ခဒိန်နောက်ကျောမှာ ရေးမြဲရေးလျက်။ သူလည်း လည်ချောင်းမှာ တစ်ဆို့နေတဲ့ ထမင်းလုပ်ကို အလျင်စလိုပင် ရေဖြင့်မျှောချလိုက်ရ၏။ နောက်ထပ် တစ်ဇွန်းထပ်စားမလိုလုပ်ပြီးကာမှ ဆက်မစားတော့ဘဲ ခွက်ထဲက ကျန်ရေကိုသာ အကုန်မော့သောက်လိုက်သည်။

ဘာပဲပြောပြော ထမင်းသုံးလေးဇွန်းလောက်နှင့် ရေတစ်ခွက်အဝ သောက်လိုက်ရ၍ ဗိုက်ထဲမှာ အနည်းငယ်တော့ နေသာထိုင်သာရှိသွား၏။ မပြည့်သေးသော်လည်း ဆာလောင်မှုကမူ စောစောကလောက် မပြင်းထန် တော့ပေ။ သူ ထမင်းပွဲကို လက်စသတ်လိုက်ပြီး ဆံရှည်ကိုလှမ်းကြည့်၏။

"ဘာလိုချင်ပြန်ပြီလဲ"

"ဟို ပါးစပ်လေးဆေးချင်လို့ပါ၊ အဲဒါ ရေလေးများနည်းနည်းရမလား ဗျ"

"ရပါတယ်၊ လိုချင်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ ဘာမှ အား နာစရာမလိုပါဘူး၊ အလကားစားတာမှ မဟုတ်တာ၊ တန်ရာတန်ကြေးပေးစား ရတာပဲဟာ၊ မဟုတ်ဘူးလား"

ဆိုပြီးကာမှ အသံကျယ်ကျယ်ဖြင့်

"ဟေ့ ပါးစပ်ဆေးဖို့ ရေလိုပြန်ပြီတဲ့ဟေ့၊ လုပ်ပေးပါဦး သေသေချာ ချာ ပြင်ပေးလိုက်စမ်းပါ"

"ဟုတ်ကဲ့ လာပါပြီဆရာ"

ဂင်တိုတိုနဲ့လူက ဒန်ဖလားအစုတ်တစ်လုံးနှင့် ရေလာပေး၏။ သူ ဒန်ဖလားကိုကြည့်ပြီး တော်တော်စိတ်ဓာတ်ကျသွား၏။ ဖလားရဲ့အင်္ဂါရုပ်က ဘယ်ခေတ်ဘယ်ကာလမှန်းကပင် မသိ။ ကျိုးအထပ်ထပ်နဲ့ အရောင်အဆင်းကမရှိတဲ့အပြင် နှုတ်ခမ်းကွဲနေတဲ့နေရာကနေ ရေတွေကယိုလို့။

သူ ဖလားကိုကြည့်ရင်း ပလုတ်ကျင်းချင်စိတ်ပင် ပျောက်သွား၏။ စိတ်မသက်မသာနဲ့ ဒန်ဖလားကိုကြည့်ရင်း

"ပါးစပ်ဆေးမှာမို့လို့ ခွက်သန့်သန့်လေး မရှိဘူးလား"

ဆံရှည်က ဘောပင်တစ်ချောင်းနှင့် ပြက္ခဒိန်နောက်ကျောမှာရေး ရင်းကနေ

"မရှိဘူး၊ ဒီဖလားရတာတောင် ကံကောင်းတယ်မှတ်၊ ငါတို့မှာ ဘာမှ ရှိတာမဟုတ်ဘူး၊ ဒါတွေအကုန်လုံး ဒီနားကတဲအိမ်ပျက်တွေကနေ လိုက် ကောက်ထားတာတွေချည်းပဲ"

"ဟမ်"






သူ အံ့သြသွား၏။ ဖြစ်နိုင်ပါသည်။ ထမင်းပန်းကန်တွေကလည်း ကောင်းနွမ်းနေတဲ့အပြင် အက်ရာဗရပွနှင့်။ သူ့စိတ်ထဲ အတွေးတွေတန်းစီ နေပေမယ့် ဘာမှပြောမနေတော့ဘဲ ဖလားထဲကရေနှင့်ပင် ပါးစပ်ဆေးလိုက် ၏။ နောက် ဖလားကို စားပွဲခုံပေါ်ပြန်ချရင်း ဆံရှည်ကို ကြည့်မိသည်။

"ဘာလိုလို့လဲ"

"လက်သုတ်ပဝါ ရမလား"

"ဟေ့ လက်သုတ်ပဝါ ယူခဲ့စမ်းပါဦးဟ"

"လာပြီ ရော့ ဒီမှာ လက်သုတ်ပဝါ"

ဆိုပြီး ဂင်တိုတိုနဲ့လူက လက်သုတ်ပဝါအဟောင်းတစ်ထည် လာ ပေး၏။ ဆံရှည်ကတော့ ပြက္ခဒိန်နောက်ကျောမှာ ရေးမြဲရေးလျက်။

လက်သုတ်နေရင်းကမှ သူ တွေးကြည့်မိသည်။ ဘယ်လိုလူစားမျိုး တွေမို့လို့ ဒီလိုနေရာမှာ ဒီလိုပုံစံမျိုးနဲ့ လာပြီး ထမင်းဆိုင်ဖွင့်ကြတာလဲ။ ထမင်း ဆိုတဲ့ အင်္ဂါရုပ်နဲ့လည်း တစ်ခုမှမညီ။ သူတွေးရင်းကမှ မသိမသာ နှာခေါင်း ရှုံ့လိုက်မိသည်။ သူ့အတွက်တော့ ရှားရှားပါးပါး အတွေ့အကြုံတစ်ခုပင်။ ဆံရှည်ကို လှမ်းကြည့်လိုက်တော့ ဆံရှည်က

"ဘာလဲ ပြော"

"ပိုက်ဆံရှင်းမလို့"

"ခဏလေးနော်"

ဆိုပြီး ဆံရှည်က ပြက္ခဒိန်နောက်ကျောကိုသာ စိုက်ကြည့်နေ၏။ သူ စိတ်ညစ်သွားသည်။ ထမင်းဖိုးရှင်းမယ်ဆိုတာနဲ့ ပြက္ခဒိန်နောက်ကျောကို ကြောင့်ကြည့်နေတယ်ဆိုတာ သူ မစဉ်းစားတတ်တော့။ ခဏကြာတော့မှ ဆံရှည်က

"အားလုံး လေးသောင်းခွဲကျတယ်"

"ဟမ်"

သူ အံ့သြသွား၏။

"လေးသောင်းခွဲ ဟုတ်လား"

"ဟုတ်တယ်၊ လေးသောင်းခွဲကျတယ်"

သူ ကြောင်တောင်တောင်ဖြစ်သွားပြီး

"ဘာဖြစ်လို့ လေးသောင်းခွဲကျတာလဲ၊ ခင်ဗျားတို့ပဲ ထမင်းတစ်ခါပြင်ကို ထောင့်ရှစ်ရာဆို"

ဆံရှည်ရဲ့ပုံစံက အေးဆေးပင်။

"မြန်မာစကားက ရှင်းရှင်းလေးကို ကိုယ့်လူက ရှုပ်အောင်လုပ် ပြန်ပြီ။ ခင်ဗျားကို ဘယ်သူက ထမင်းတစ်ခါပြင်ကို ထောင့်ရှစ်ရာလို့ပြော လဲ"

သူပို၍ စိတ်ရှုပ်သွားပြီး

"ဒါဆို ထောင့်ရှစ်ရာဆိုတာက"

"အဲဒီထောင့်ရှစ်ရာဆိုတာက ထမင်းတစ်ခါပြင်စားတာကို ထော ရှစ်ရာလို့ ပြောတာမဟုတ်ဘူး။ ကိုယ့်လူထမင်းစားဖို့ တစ်ခါပြင်ရတိုင်း ပြင် တိုင်းကို ထောင့်ရှစ်ရာယူတာ၊ ဥပမာ ကိုယ့်လူ ထမင်းစားဖို့ စားပွဲခုံယူပေ တာလည်း တစ်ခါပြင်တာပဲ၊ ထိုင်ခုံယူပေးရတာလည်း နောက်တစ်ခါပြင်ရ ပဲ၊ အဲဒီလိုခုံတွေယူဖို့ လမ်းလျှောက်ရတာလည်း တစ်ခါပြင်ထဲ ထပ်ပါတာ အဲဒီလိုမျိုး တစ်ခါပြင်ရတိုင်း ပြင်ရတိုင်းကို ကျုပ်တို့က ထောင့်ရှစ်ရာယူတ ဒါတောင်မှ ကိုယ့်လူစားပြီးသား ပန်းကန်တွေဆေးရမှာနဲ့ ထိုင်ခုံတွေ ပြန်သိ ရမှာ မပါသေးဘူး"

"ဗျာ"

ဘယ်လိုမှ ထင်မှတ်မထားတဲ့စကားကို ကြားလိုက်ရလို့ သူ အံ့ဩ သွား၏။ တစ်ယောက်တည်းဆိုပြီး သူ့ကို အနိုင်ကျင့်တာလည်း ဖြစ်နိုင်သည် ဒီလိုမျိုးတော့ သူ သည်းမခံနိုင်။ သူ့ရဲ့ရင်ထဲက ဒေါသတို့ ပွင့်ထွက်လာ

"ဒါ ခင်ဗျားတို့တွေ သက်သက်မဲ့ လူပါးဝတာပဲဗျ"

ဆံရှည်က အေးအေးဆေးဆေးပင်

"စကားပြောတာ လူကြီးလူကောင်းဆန်စမ်းပါ ကိုယ့်လူရာ၊ ငါတို့ ဈေးပြောပြီးမှ ရောင်းတာပါ"

"အဓိပ္ပာယ်မရှိတာ မပြောစမ်းပါနဲ့ဗျာ၊ ကျုပ်ကို တစ်ယောက်တည် ဆိုပြီး အနိုင်ကျင့်ချင်တဲ့ သဘောလား။ မပေးနိုင်ဘူးဗျာ၊ ခင်ဗျားတို့ဟာ



မင်းရောင်းတာနဲ့မတူဘူး၊ ဓားပြတိုက်နေသလိုပဲ"

"မပေးနိုင်ဘူးလို့တော့ မပြောပါနဲ့ကွာ၊ ကိုယ့်လူဆီက ပိုက်ဆံလေးရ ငါတို့က ဟိုဘက်မှာသုံးလို့ရမှာမို့လို့ပါ"

သူ တစ်ချက်တွေခနဲဖြစ်သွား၏။ တစ်ဘက်နိုင်ငံကို တရားမဝင် သွားမယ့်သူတွေဆိုတော့ သူတို့က ဘယ်လိုလူမျိုးတွေမို့လို့လဲ။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံကိုတော့ သူမပေးနိုင်။

"မပေးနိုင်ဘူးဗျာ၊ မပေးနိုင်ဘူး၊ ခင်ဗျားတို့က ကောင်းရောင်းကောင်း ဝယ် လုပ်စားနေတာနဲ့မတူဘူး၊ ဓားပြတိုက်နေသလိုပဲ၊ ဘာလဲ ခင်ဗျားတို့က ဓားပြတွေလား၊ ပြောစမ်းပါဦး၊ ဓားပြတွေမို့လို့လား"

ဆံရှည်က စိတ်ပျက်သွားတဲ့ပုံစံနဲ့

"ဒီလူတော်တော်ဖုံးဖေးတဲ့သူပဲ၊ ကဲ ငါတို့ကို ဓားပြတွေလားတဲ့၊ ကျိန်း သေအောင် ပြလိုက်စမ်းပါဦးကွာ"

ဂင်တိုတိုနဲ့လူက သတင်းစာတစ်ရွက်ကိုယူကာ သူ့ကိုလာပေး၏။ သူယူကြည့်လိုက်တော့

"ထွက်ပြေးတိမ်းရှောင်နေသော လူသတ်ဓားပြနှစ်ဦး"

ဆိုတဲ့ စာလုံးမည်းအောက်က ဆံရှည်နဲ့ဂင်တိုတို့ရဲ့ ဓာတ်ပုံနှစ်ပုံ။

မြေထက်လူ

**ဝမ်းသာတယ်ဗျာ...ဝမ်းသာတယ်**

ဟားခလုတ်အမှတ်(၉)တွင် ပါဝင်သော တာဝန်သိစာရေး ဆရာတစ်ဦး၏ ဆက်စပ်ပေးမှုကြောင့် နာမည်ကျော်စာရေးဆရာတစ်ဦး က ပျောက်ကွယ်တိမ်မြုပ်နေသော သူ့အမျိုးများနှင့် ပြန်လည်ပေါင်းဖက် ဆုံဆည်းမိကြောင်း ဝမ်းသာစကား ပါးလာပါသည်။

ကာယကံရှင်များနှင့်အတူ ဟားခလုတ်စာတည်းအဖွဲ့ ကလည်း ဝမ်းသာမိကြောင်း မှတ်တမ်းပြုပါသည်။ ဆရာဝင်းငြိမ်း၊ ဆရာ မြတ်ခိုင်တို့ထက် မနည်းသော ဟားခလုတ်၏ လူမှုရေးစွမ်းဆောင်မှု အတွက် ဂုဏ်ယူမိပါကြောင်း။



# ဖလန်းဖလန်း ကံတရား

အချိန်အားဖြင့် သန်းခေါင်ယံ ကျော်လွန်ခဲ့ချေပြီ။ ဇော်နောင်သည် ဝတ်စုံအနက်ဝတ်၍ နေအိမ်တစ်ခု အနီးသို့ ချဉ်းကပ်သွားနေသည်။ ၎င်းနေအိမ်ကြီးတွင် သူဌေးကြီးဦးဘတုတ် နှင့် တစ်ဦးတည်းသော သမီးချော လေး ဒေစီဘတုတ်တို့ နေထိုင်ကြသည်။ အိမ်ဖော်ဖြစ်သူ ဒေါ်ဝိန်မှာ မနက်သွား ညနေပြန် အလုပ်ဆင်းရသူဖြစ်ကြောင်း စုံစမ်းသိရှိထားသည်။

အိမ်တွင်းအခြေအနေကို ပြတင်းပေါက်မှတစ်ဆင့် အကဲခတ်ပြီးနောက် အသင့်ယူဆောင်လာသောတိတ်ပြားကို မှန်တွင်ကပ်လိုက်သည်။

ထို့နောက် မှန်ချပ်ကို လက်သီးဖြင့် ခပ်ဆတ်ဆတ်ထိုးလိုက်ရာ ကွဲကြေသွားပြီး တိတ်ပြားတွင် ကပ်နေလေသည်။ တိတ်ပြားကို ခွာထုတ်လိုက်သောအခါ လက်တစ်နှိုက်စာ အပေါက်ဖြစ်သွားသည်။ ထိုအပေါက်မှ လက်နှိုက်၍ အတွင်းရှိ ပြတင်းတံခါးချက်ကို ဖြုတ်လိုက်သည်။ သူသည် ပြတင်းပေါက်မှ အိမ်ထဲကျော်ဝင်လိုက်ပြီး အသံဗလံနားစွင့်နေလိုက်သည်။ ဘာသံမှ မကြားရသဖြင့် ရဲရဲတင်းတင်းဆက်လှမ်းလာခဲ့ပြီး အိပ်ခန်းတံခါးရှေ့တွင် ရပ်တန့်လိုက်သည်။

"ချောက်"

အိပ်ခန်းတံခါးကို ဖွင့်ညှပ်ပြုစဉ် မီးဖွင့်သံကြားရပြီး တစ်အိမ်လုံး ထိန်လင်းသွားသည်။

"ဟေ့ကောင် မလှုပ်နဲ့နော်"

"ဟုတ်ကဲ့"

အခြေအနေအရ ငြိမ်နေလိုက်ခြင်းမှာ အကောင်းဆုံးဖြစ်လေသည်။ အခုလို အိမ်ဖောက်ထွင်းမည့်ကိစ္စမှာ သူတစ်ဦးတည်း ကြံစည်ထားခြင်းဖြစ်သည်။ အိမ်ရှင်က ဘယ်လိုဘယ်ပုံသိသွားသနည်းဟု စဉ်းစားတွေးတောနေမိသည်။

"ဘယ်လိုလဲကွ ကြောက်နေပြီလား ဟင်း ဟင်း"

"ကြောက်ပါရဲ့ ကြောက်ပါရဲ့"



"ဟေ့ကောင် စကားကို ပီအောင်ပြောကွာ၊ ငါ့နားထဲကြားရတာ တစ်မျိုးကြီးပဲ၊ မင်းအခုဖွင့်မယ့်အခန်းတံခါးဟာ ဘယ်သူ့အခန်းလဲ သိလား"

"ဟင့်အင်း မသိပါဘူး"

"ငါ့ကို မလိမ်နဲ့၊ မင်း အသေအချာသိနေတယ်၊ မင်းမသိတာ တစ်ခုပဲရှိတယ်၊ ဒီအချိန် ဒီနေရာမှာ ငါနဲ့ ပက်ပင်းတွေ့မယ်လို့ ကြိုမတွေးထားတဲ့ကိစ္စပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်လာမယ်ဆိုတာ ဘယ်လိုသိနေတာလဲဗျာ၊ အကြားအမြင်ရနေလို့များလား"

ဇော်နောင်သည် အိမ်ရှင်အဘိုးကြီး၏ အရိပ်အကဲကိုကြည့်လျက် အလိုက်သင့်ပြောပေးနေသည်။ အဘိုးကြီးလက်ထဲတွင် ဘာလက်နက်မှ မရှိသဖြင့် တစ်ဝက်တော့ စိတ်အေးမိသည်။ သို့သော် သက်ဆိုင်ရာကို ကြိုတင်အကြောင်းကြားထားပါက ဘဝဆုံးပြီဟု တွေးလိုက်မိသည်။

"မင်းမျှော်လင့်ထားတာ ငါ့သမီးကိုမဟုတ်လား"

"ဗျာ ကျွန်တော်လား"



"အေးလေ၊ ဘာအခုမှ မုန်လာဥလုပ်နေတာလဲ"

"ကျွန်တော် မုန်လာဥ မလုပ်ပါဘူး"

"ဒါဆို အမှန်အတိုင်း ပြောစမ်း၊ မင်းနာမည် ဥက္ကာ မဟုတ်လား"

"ကျွန်တော့်နာမည်က ဥက္ကာ ဟုတ်လား"

"အေးလေ၊ ငါ့သမီးဆီ မင်းရေးလိုက်တဲ့အထဲမှာ မင်းနာမည်ကို ဥက္ကာဆိုပြီး လက်မှတ်ထိုးထားတယ်လေ"

"ကျွန်တော်ရေးလိုက်တဲ့ စာထဲမှာ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒီစာက ငါ့လက်ထဲရောက်လာခဲ့တယ်လေ၊ ဟဲဟဲ ငါ့အတွက် ကံကောင်းသွားတာပေါ့။ မင်းအတွက်တော့ ကံဆိုးတာပေါ့ကွာ"

"ဗျာ ဟဲ ဟိုဒင်း တစ်ခုခု မှားနေသလိုပဲ"

"မမှားဘူး၊ လုံးဝမမှားဘူး မင်းတို့အချင်းချင်း ပိရိလှပြီ ထင်နေကြတာ၊ ဘတုတ်တို့က ခေတ်မကောင်းလို့ ရှုးချင်ယောင်ဆောင်နေတာ"

"ဒါဖြင့် ဦးလေးဆိုလိုချင်တာက"

ဇော်နောင်စိတ်ထဲ တစ်ခုခု လွဲမှားနေကြောင်း သိရှိလိုက်သည်၊ သို့သော် ဤနေရာမှ ဘေးအန္တရာယ်ကင်းကင်းဖြင့် အမြန်ဆုံး လွတ်မြောက်စေရေးအတွက် အချိန်ဆွဲပြီး ပြောဆိုပေးနေမိသည်။

"ငါ့သမီးဆီ မင်းရေးလိုက်တဲ့စာက ဟောဒီမှာ လက်ပူးလက်ကြပ်ပဲ မင်းဘာမှမငြင်းနဲ့"

"ဟုတ်ကဲ့၊ ခဏလောက် ပေးကြည့်ပါရစေ"

"အောင်မာ စာကို မလိမ့်တပတ်တောင်းပြီး ဖျောက်ဖျက်မလို့လား မရဘူးကွ၊ လုံးဝမရဘူး၊ ဘတုတ်က မင်းထက်လည်တယ်ကွ"

"အခု သူ ဘယ်မှာလဲ ခင်"

"အဲဒီအခန်းထဲမှာ အိပ်ဆေးတိုက်ပြီး သိပ်ထားတယ်"

"ကြားရတာ မင်္ဂလာရှိလိုက်တာကွာ"

စိတ်ထဲမှပြောလိုက်မိ၏။ သူ့သမီးနိုးနေပါက ဇော်နောင်အဖို့ အခက်တွေ့သွားနိုင်သည်။ သူသည် ချိန်းဆိုထားသူ မဟုတ်ကြောင်း သိသွားလျှင် သူ၏ ဇာတိရုပ် ပေါ်လွင်သွားရလိမ့်မည်။

အဘိုးကြီးက သူ့ကိုမြိန်မြိန်ကြီးကြည့်ပြီး မြိန်မြိန်ကြီးပြုံး၏။



"အခု ငါ့သမီးကို လာခိုးတာမဟုတ်လား"

ဇော်နောင် အရာရာကို သဘောပေါက်သွားပြီဖြစ်သည်။ သို့သော် ဒီအဘိုးကြီး စိတ်ရှုပေါက်ပြီး သူ့သမီးကို ထိုးထည့်ပေးပါက အခက်ပဲဟု တွေးမိသည်။ ငါးမရလျှင် ရေချိုးပြန် ဟူသည့်စကားပုံအတိုင်း သူ့သမီးထည့်ပေးလျှင်လည်း အဖတ်တင်အောင် ခေါ်သွားမည်ဟု တွေးလိုက်သည်။

"ဟော့ကောင် ငါမေးနေတာ ဖြေလေ"

"အဟဲ အဟဲ ဝန်ခံရမှာ ရှက်စရာကြီးဗျာ"

"ငါ့ကို အူကြောင်ကြောင် လုပ်မနေနဲ့နော်"

"ဟိုလေ ဟို ရဲတွေ ရပ်ကွက်လူကြီးတွေ ခေါ်ထားသေးလားဟင်"

"ဘာကိစ္စခေါ်ထားရမှာလဲ၊ ဘတုတ်ကွ မင်းတို့ထက်လည်တယ်၊ ငါ့ကိစ္စ ငါရှင်းနိုင်တယ်"

"ဝမ်းသာလိုက်တာ ဦးလေးရာ"

"ဝမ်းသာရမှာလား ဝမ်းနည်းရမှာလားတော့ မသိဘူး၊ ငါ့သမီးကို ယူရင် ပိုက်ဆံတစ်ပြားမှမရဘူး တော့

ကောင်"

"ပိုက်ဆံမရရင် မယူရဲ့ပေါ့ဗျာ"

အိမ်ရှင်ဦးဘတုတ်သည် လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ကာ သူ့ ကို မျက်ထောင့်နီဖြင့်ကြည့်ရင်း ပြောလိုက်သည်။

"အေးလေ မင်းတို့လို ဘုကောင်တွေအဖို့ ငါ့သမီးကို ချဉ်းကပ်တာ ငွေကြောင့်ပဲဖြစ်ရမှာပေါ့၊ ကိုင်း တိုတိုပဲပြောမယ်၊ ငါ့သမီးကိုယူရင် တစ်ပြားမှမရဘူး၊ ငါ့သမီးကိုမယူရင် ငွေငါးသိန်းရမယ်၊ ဒါပဲ"

"ဗျာ တစ်ခေါက်ထပ်ပြောပြပါလား၊ နည်းနည်းမရှင်းလို့"

"ရော့ သိချင်ရင် ဒီစာချုပ်ကိုဖတ်ကြည့်၊ စာချုပ်ပါစည်းကမ်းချက်ကို သဘောတူကြောင်း လက်မှတ်ထိုးပြီးတာနဲ့ ငွေငါးသိန်းပေးလိုက်မယ်"

ဇော်နောင်သည် ဦးဘတုတ်ကမ်းပေးသော စာချုပ်ကို ဖတ်ကြည့်လိုက်သည်။

"နောက်နောင် သမီးဖြစ်သူနဲ့ လုံးဝမပတ်သက်တော့ပါဘူးလို့ ခံဝန်လက်မှတ်ထိုးပေးရမှာကိုး"

"အေး ဟုတ်တယ် အမှန်ပဲ၊ လက်မှတ်ထိုးပြီး မင်းရဲ့လက်ဗွေကိုလည်း နှိပ်ပေးခဲ့"

ယခင်က ငွေမရှိ၍ သူ့နို လုပ်စားခဲ့ရသည်။
ယခု
ငွေရှိပါသော်လည်း
ဘာမှလုပ်မစားတတ်သောကြောင့်
မူလအော်ရီဂျင်နယ်
သူ့နိုအလုပ်ကိုသာ
ဆက်လက်လုပ်ကိုင်
နေရတော့သည်။



ကိစ္စဝိစ္စပြီးသောအခါ ဦးဘတုတ်က သူ့ကို ငွေငါးသိန်းပေးလိုက်သည်။

"ဟင်းဟင်း ငါ့သမီးကို ဒီစာချုပ်ပြပြီး သူ့မာနကို ကိုင်လှုပ်ပစ်ရမယ်၊ သူက မင်းကို အထင်တွေစွတ်ကြီးနေတာ၊ မင်းကို ငွေမမက်ဘူးလို့ ယူဆနေတာလေ၊ လောကမှာ ငွေရှိရင် ဘယ်သူ့ကိုမဆို ဝယ်လို့ရကြောင်း သက်တွေ့ပြရမယ်"

"ယောက္ခမကြီးရဲ့ဆန္ဒတွေ ပြည့်စုံပါစေဗျာ"

"ငါ့ကို ယောက္ခမလို့မခေါ်နဲ့ နောက်နောင် ငါ့သမီးနဲ့လာပတ်သက်ရင် ဒီစာချုပ်အရ မင်းကိုတရားစွဲလို့ရပြီ"

ပိုက်ဆံငါးသိန်းထုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ထိုအိမ်ကြီးမှ အမြန်ပြန်ထွက်လာခဲ့သည်။ သူ့သမီး၏ချစ်သူ ဥက္ကာတော့ နောက်ရက်များတွင် ဘယ်လိုဆက်ပြီး စခန်းသွားမလဲဟု မဆီမဆိုင် ပူပင်နေမိသည်။

ထိုအိမ်ကို လာခဲ့စဉ်က တစ်ခုခု ခိုးယူရန်သာ ဖြစ်သည်။ အကယ်၍ ဘာမှယူစရာမရှိလျှင် ထဘီစုတ်ဖြစ်ဖြစ်ယူခဲ့ရန် အထိသာ ရည်မှန်းထားခဲ့သည်။ ယခုတော့ သူ့ဘဝတွင် တစ်ကြိမ်တစ်ခါဖူးမျှ မပိုင်ဆိုင်ခဲ့သေးသော ပိုက်ဆံပမာဏကို ရလာခဲ့ရချေပြီ။ ရုတ်တရက် ချက်ချင်းကြီး ပြောင်ပြောင်ယောင်ယောင် နေထိုင်စားသောက်မိပါက ရဲက သတိပြုမိပြီး ဆွဲစိခံရနိုင်သည်။

ကောင်းရောင်းကောင်းဝယ်လည်း ဘာမှမလုပ်စားတတ်သဖြင့် တစ်ပြားမကျန် ထိထိုးပစ်လိုက်သည်။ ထိုပေါက်လျှင် အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ပေးနိုင်ပြီဖြစ်ရာ ဘာမှကြောက်စရာမလိုတော့ပေ။

ထီဖွင့်ရက်တွင် ပေါက်စဉ်ဝယ်ပြီးတိုက်ကြည့်သောအခါ အကွာရာပင်မတူချေ။ ယခင်က ငွေမရှိ၍ သူ့နိုးလုပ်စားခဲ့ရသည်။ ယခု ငွေရှိပါသော်လည်း ဘာမှလုပ်မစားတတ်သောကြောင့် မူလအော်ရီဂျင်နယ် သူ့နိုးအလုပ်ကိုသာ ဆက်လက်လုပ်ကိုင်နေရတော့သည်။

(The fate by N.Haw thorn ဝတ္ထုကို မှီငြမ်းပါသည်)

ရဲဝတိုင်း



# သုံးဘဝကူး

"သန်းဦးတဲ့နော်၊ တစ်ဦးတည်းရှိတယ်၊ ဟွန်း စိတ်ဆတ်အောင်တော့ လာမလုပ်နဲ့၊ ယင်ကောင်နားရင်တောင် ဖင်ထောင်ကားသွားမယ်"

"သန်းဦးကို စမ်းဖူးလား၊ စမ်းဖူးမှ ဘယ်သူက လူ၊ နတ်ပြဟ္မာ ပြိတ္တာဆိုတာ သိသွားမယ်"

ဖူးဖူးဝါးဝါးပေါ်ထွက်လာသည့် တစ်အိမ်ကျော်မှ မခင်သန်းဦးအသံ ကြောင့် ဖွားချောတို့ဆင်းရဲသားရပ်ကွက်လေး အလန့်တကြားနှင့် လန့်နိုးသွား၏။

"မခင်သန်းဦးအသံပဲ၊ ဘာဖြစ်တာပါလိမ့်"

"ဖွားကလည်း ထုံးစံအတိုင်း ကြွေးဆပ်မယ့်သူတွေ မလာလို့နေမှာ ပေါ့"

"အင်း ဒါလည်းဟုတ်မှာပါ၊ ကဲ ကဲ ကိုယ်တော်လေးအောင်သူရိန်



ဖျင်းကြောဆွဲမနေနဲ့၊ ထတော့၊ တို့အလုပ် တို့လုပ်ရဦးမယ်"

အောင်သူရိန် အိပ်ရာတွင် လိမ်ခေါက်နေအောင် ကွေးအိပ်နေရာမှ

"ဖွားကလည်း ဖွားဆိုင်လေး မျက်ချေးလောက်ကို အောင်က ကူဖွင့် ပေးရဦးမှာလား"

"ဆိုင်ဖွင့်ဖို့မဟုတ်ဘူး၊ ဒီနေ့ နေသာတယ်လေ၊ မိုးကတစ်ပတ်လောက် ရွာထားတော့ အဝတ်တွေလှမ်းရမယ်၊ ခြံသန့်ရှင်းရေးလုပ်ရမယ်"

"ဟွန်း"

အောင်သူရိန်က နှုတ်ခမ်းကိုဆော်တင်လိုက်ပြီး

"လုပ်အားပေးခေါ်ရင် အကျွေးအမွေးလေးတော့ ရှိရမှာပေါ့။ ဖွားက ကျွေးဖို့အစီအစဉ် မရှိဘူးမဟုတ်လား၊ မသိရင် ရပ်ကွက်လုပ်အားပေးကျလို့ နိုင်းတတ်ရင် ကျွေးတတ်ရတယ်ဖွားရဲ့"

"အေးပါ၊ ကျွေးပါ့မယ်"

"ဘာကျွေးမှာလဲ"

"အင်း. . မုန့်ဟင်းခါး"

"တကယ်"

"တကယ်ပေါ့"

"ဟေး"

အောင်သူရိန်မျက်လုံးလေး ဇီးကင်းလောက်ကျယ်သွားပြီး အိပ်ရာ ထက်မှ ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဖွားရေ အကျွေးအမွေးလေးက ကောင်းတော့ အောင်တို့လက်တွေ ခြေထောက်တွေကို စက်တပ်လိုက်ပြီ"

မြေးအဘွားနှစ်ယောက် အဝတ်ပြေးလှမ်းလိုက်၊ ခြံသန့်ရှင်းရေးလုပ် လိုက်နှင့် နေပင်အတော်မြင့်တက်လာပြီ။

"ဖွား"

"ဟေ"

"အဲဒီအဘိုးက အောင်တို့မနိုးခင်ကတည်းကနိုးပြီး ပက်လက်တုလား ထိုင်မှာထိုင်နေတာ မပျင်းဘူးလားမသိဘူး"

ဖွားချော ကိုဖိုးထင်ထိုင်နေသည့် ပက်လက်ကုလားထိုင်ဘက်လှမ်းကြည့်၍ မဲ့လိုက်ပြီး

"ဟွန်း ပျင်းလို့ထိုင်နေတာပေါ့၊ မပျင်းရင် ဒီလိုဘယ်နေမှာလဲ"

အောင်သူရိန် ခစ်ခနဲရယ်လိုက်ပြီး

"ဒါတောင် အဘိုးက အလုပ်တအားလုပ်လို့ ဝန်ထမ်းကောင်းလက်မှတ်တွေ တပြုံကြီးနော်၊ တခြားလူတွေက ဖိုးထက် ပိုပျင်းတဲ့လူတွေနေမှာ၊ သူတို့ ဘယ်လိုအလုပ်လုပ်ကြလဲ မသိဘူးနော်"

မြေးအဘွားနှစ်ယောက် တွတ်ထိုးနေသည်ကိုလည်း စိတ်မဝင်စား၊ တစ်လောကလုံးကိုလည်း စိတ်မဝင်စားသည့် ကိုဖိုးထင်ကတော့ တစ်ယောက်တည်းကွက်ပြီး ဒီမိုကရေစီကို အပြည့်အဝ ရထားနှင့်လေပြီ။

"ဖွား ဟိုမှာ ဟိုမှာ"

အောင်သူရိန် အလန့်တကြားနှင့် လမ်းမဘက်လှမ်းကြည့်လိုက်ပြီး ဖွားချောကို လက်တို့လိုက်သည်။

"မခင်သန်းဦးရယ်ပါလား"

တင်းမာခက်ထန်သည့်မျက်နှာထားနှင့် မသန်းဦး ဖွားချောတို့အိမ်ဘက်သို့ ဆင်းချလာ၏။

မျက်နှာက ဒေါသကြောင့် နီရဲနေပြီး ခေါင်းပေါ်မှဆံပင်များပင်ပို၍ လို့ကောက်ကွေးနေပုံရသည်။ ဒူးအထက်နားထိ တိုနေအောင် ဝတ်ထားသည့်





ဘီအောက်မှ ပန်းရောင်ဘောင်းဘီစက လှစ်ခနဲပေါ်ပေါ်လာသည်။ အပေါ် ဘီရှပ်အဖြူကို ဝတ်ထား၍ အကျႌတွင် မျက်မှန်အနက်ကိုချိတ်ထားသေးသည်။

မျက်မှန်နက်တပ်ပြီး ထဘီကိုချွတ်ချလိုက်လျှင် တစ်ဦးဦးနှင့်နပန်းသတ်တော့မည့်ပုံကအထင်းသား ပေါ်လွင်နေသည်။

"ဟွန်း ငါ့ကိုလာစမ်းတယ်၊ သန်းဦးတို့က ကိုယ်ပေါ်လာနားတဲ့ယင်ကောင်တောင် သီးခံတာမဟုတ်ဘူး"

"ဘာဖြစ်တာလဲ မသန်းဦးရယ်၊ ဒေါသတွေကလည်း ကြီးလိုက်တာ၊ ထိုင်စမ်းပါဦး"

မခင်သန်းဦး ဒေါသကြီးနေသည်မှာ အသားပင်တဆတ်ဆတ်တုန်နေသည်။ ဖွားချော လေပြည်လေးနှင့် လှမ်းပြောသည်ကိုလည်း ကြားပုံမရပေ။

"သန်းဦးကို မတရားလာလုပ်လို့ကတော့ အားလုံးကို လက်ဝါးပေါ်တင်ခြေခဲ့တာ၊ ဟဲ့ မိချော"

"ရှမ်"

"မင်းသားလင်းနိုင်ဆိုတဲ့ကောင်လေ သိလား"

"အင်း သိတယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ လူကြည့်တော့ ဖြူဖတ်ဖြူလျော် လေတိုက်လဲလိုက်မယ့်ပုံစံနဲ့၊ အလုံးလိုလို အပြားလိုလိုကောင်က ငါ့ကိုလာစမ်းတယ်၊ ဒီကောင်ဆောက်ကတော့ လက်ဖဝါးပေါ်တောင် မပွတ်ခြေဘူး၊ မျက်လုံးအကြည့်နဲ့တင် ပြာကျသွားမယ်"

ဖွားချောက မခင်သန်းဦးလက်ကိုဆွဲပြီး

"မခင်သန်းဦးရယ်၊ စိတ်လျှော့ပါဦး၊ ဘာဖြစ်တယ်ဆိုတာပြောပါဦး"

"ဘာဖြစ်ရမှာလဲ၊ ငါ့ပိုက်ဆံတွေချေးပြီး ပြန်မပေးဘူးလေ"

"ဟုတ်လား၊ ဘယ်လောက်တောင်လဲ"

"သုံးသိန်း"

"ဘုရားရေ"

"စယူကတည်းက ငါပြောတယ်၊ ၁၅ကျပ်တိုးနဲ့ ယူနိုင်မှယူပါဆိုတာ

ကို၊ ပိုက်ဆံလိုချင်တော့ ရုပ်ကချိုလို့ချဲ့လို့"

"ယုံးဝပြန်မပေးတော့တာလား"

"တပ်လပဲလာပေးတယ်လေ၊ လေးသောင်းခွဲ၊ အတိုးတစ်လစာ ပေါ့"

"ဩော် ခု မလာတာ ဘယ်နှစ်လရှိပြီလဲ"

မသန်းဦး စဉ်းစားဟန်ပြုပြီး

"၃-လကျော်ပေါ့"

"လာရင်လာမှာပေါ့ မသန်းဦးရယ်"

"မစောင့်နိုင်ဘူး၊ ခုဟာက လူကိုစောက်ဖက်ကိုမလုပ်တာ၊ ခုတော့ ငါက ဘယ်လိုမှသည်းမခံနိုင်တော့ဘူး"

အောင်သူရိန် ခြံထောင့်တွင်ဆော့နေရာမှ ဖွားချောတို့အနားက လာပြီး

"ဖွားခင်သန်းဦးက သူ့ကိုတွေ့ရင် ဘာလုပ်မှာလဲ"

"ဘာလုပ်မှာလဲဆိုတော့ ဟောဒီမှာကြည့်"

မခင်သန်းဦး ထဘီအောက်နားစကို ဆတ်ခနဲ လှန်လိုက်သည်။

"ဟောဗျာ ဖွားခင်သန်းဦးကလည်း ရှက်စရာကြီး"

"အောင်မာ နင့်ကိုငါက ရှက်စရာပြတာမဟုတ်ဘူး၊ ရဲရဲသာကြည့်"

"ဘာလဲ"

"ဘာရမလဲ၊ ဒီမှာအောက်ခံဘောင်းဘီ တွေ့လို့ကတော့ နပန်းလုံးပြီ သားပဲ"

"နပန်းလုံးတာနဲ့ ဒီဘောင်းဘီက ဘာဆိုင်လဲ"

"ဟဲ့ နပန်းလုံးလို့ ထဘီကျွတ်ရင် အမြင်လှအောင် ကြိုတင်ပြင်ဆ ထားတာ"

အောင်သူရိန် ဆတ်ခနဲရယ်လိုက်ပြီး

"ဟိုက ယောက်ျားကြီး ဖွားခင်သန်းဦးကမိန်းမ ဘယ်လိုနိုင်မှာလဲ"

"ဟဲ့အကောင် မှတ်ထား၊ ဒါမျိုးဆိုတာက ဗလနဲ့မဆိုင်ဘူး၊ 'ဇ'နဲ့ ဆိုင်တယ် သိလား"



■

မခင်သန်းဦးဆိုတာကလဲ

ဘယ်သူ့မှ ဗိုလ်ထားတတ်သူမဟုတ်။

မှန်မှန်ကန်ကန် မလုပ်လို့ကတော့

သူ့စကားအတိုင်း ပွတ်ခြေပြီးသားပဲ။

■

အောင်သူရိန် ခေါင်းတညိတ်ညိတ်လုပ်လိုက်ပြီး

"ဒါကြောင့်ထင်တယ်၊ ဖွားခင်သန်းဦးတို့အိမ်က သက်မွန်မြင့်နဲ့အစ္စဲ တို့ ဘာပဲလုလု သက်မွန်မြင့်ပဲရှုံးတာ၊ ဗလနဲ့မဆိုင်ဘူး၊ 'ဇ'နဲ့ပဲဆိုင်တယ်ဆိုတာ နဲ့တာပေါ့"

"အမလေး အရေးထဲ အိမ်ကဝက်တွေအကြောင်း ခုမှလာဇာတ်စုံခင်း နေသေးတယ်"

ဖွားချောက သူတို့စကားဝိုင်းထဲမပါဘဲ ထောင့်တစ်ခုတွင် ငြိမ်နေ လိုက်သည်။

"ခုနေ လင်းနိုင်ကိုတွေ့လို့ကတော့ မလွယ်ကြောပဲ"

ဖွားချောကြားထဲမှနေ၍ တွေးပူပန်နေမိသည်။ မခင်သန်းဦးဆိုတာ ကလည်း ဘယ်သူ့မှဗိုလ်ထားတတ်သူမဟုတ်။ မှန်မှန်ကန်ကန်မလုပ်လို့က တော့ သူ့စကားအတိုင်း ပွတ်ခြေပြီးသားပဲ။ ဒါကြောင့် မခင်သန်းဦးဆိုလျှင် ရပ်ကွက်လူကြီးကစလို့ တစ်လမ်းလုံးရှိန်ကြသည်။ ပေးစရာကျွေးစရာရှိလျှင် ဖက်ရက်ရောရောပေးကမ်းကူညီတတ်ပြီး ရစရာဆိုလျှင်လည်း ရအောင်ယူ တတ်သူဖြစ်သည်။

"လင်းနိုင်က ဒီကိုလာမှာမို့လား မသန်းဦး"

"ဟုတ်တယ်၊ ငါက သတင်းအတိအကျရထားပြီးသား၊ ဒီညသူတို့ ဇာတ်နားတယ်၊ ဟိုဘက်အိမ်ရာက သူ့သူငယ်ချင်းကိုဇေဆီကိုလာမှာ၊ လာရင် ဒီလမ်းက ကျိန်းသေဖြတ်ရမယ်လေ၊ သူ ငါ့ကိုကြောက်ပြီး မရှောင်ဘူးဆိုရင် ပေါ့"

"ဟောဟိုမှာ ကိုကြီးလင်းနိုင်ရယ်"

အောင်သူရိန်အသံကြောင့် ဖွားချောရင်ထဲ ဒိတ်ခနဲဖြစ်သွား၏ ကိုယ့်အရှေ့ပွဲလာကြမ်းနေလျှင် ဟူသည့်အတွေးနှင့် နဂိုအသည်းငယ်သူ့ ခြေဖျားလက်ဖျားများပင် အေးတက်လာသည်။

မခင်သန်းဦးမျက်နှာက နီရဲတက်လာပြီး မီးဝင်းဝင်းတောက်သည့် မျက်လုံးနှင့် လင်းနိုင်ကိုစိုက်ကြည့်ကာ

"ဟော့ကောင် လူလိမ်၊ နင့်ကိုငါစောင့်နေတာ လာစမ်း"

ဇာတ်သီချင်းတစ်ပုဒ်ကို ဖျစ်ညှစ်ညှစ်ဆိုရင်း အေးအေးလူလူလမ်းလျှော လာသည့် လင်းနိုင်တစ်ယောက် မခင်သန်းဦးအသံကြောင့် ခြေလှမ်းကို တုံ့ ရပ်လိုက်ကာ ခြေမျက်စိဖုံးဝတ်ထားသည့်ပုဆိုးကို ဟန်ပါပါမလိုက်ပြီး

"ဒေါ်ခင်သန်းဦး ခုနက ဘယ်သူ့ကိုဘယ်လိုခေါ်လိုက်တာ"

လင်းနိုင်အသံက နုနုလေး။ အသားဖွေးဖွေးပေါ် ပါးကွက်ပါးပါးလေ ကို လိမ်းထားသေးသည်။ ခပ်ပျော့ပျော့ဆံပင်နီနီများက မျက်နှာထက်ဝေ ကျလာသည်ကို လက်ဖဝါးနှင့် အသာလေးသပ်တင်လိုက်၏။

"ကေန္တ အိုင့်ကိုပြောတာ များလား"

"ဟုတ်ဟယ်၊ နင့်ကိုပြောတာ၊ ငါ့ဆီကပိုက်ဆံတွေချေးပြီး ပြန်မပေး တဲ့နင့်ကိုလူလိမ်လို့ပြောတာ"

မခင်သန်းဦးပြောရင်း ထဘီကို အောက်ခံဘောင်းဘီပန်းရောင်လေး ပေါ်အောင် ခပ်တိုတိုတင်းတင်းပြင်ဝတ်လိုက်သည်။

"ပွဲကတော့ ကောင်းနေပြီ"

ဖွားချော တိုးတိုးလေးရေရွတ်လိုက်၏။ အောင်သူရိန်ပင် ဖွားချော နားပြေးကပ်ကာ အခြေအနေကို စောင့်ကြည့်နေသည်။ ပက်လက်ကုလားထိုင် မှ ကိုဖိုးထင်ပင် ခါးအနည်းငယ်မတ်လိုက်သည်။

"အဟားဟား ခစ်ခစ်"

လင်းနိုင်၏ ခနိုးခနဲ့ရယ်သံလေး ထွက်လာသည်။

"ဒီမှာအဒေါ်ကြီးရဲ့၊ အိုင့်ကို ဘာလို့လူလိမ်လို့ပြောတာလဲ၊ အိုင် တ သက်လုံး ဘယ်သူ့ကိုမှ မလိမ်ခဲ့ဖူးဘူး"



"ဘာ ငါ့ပိုက်ဆံယူပြီး ပြန်လာမပေးတာ လိမ်တာမဟုတ်လို့ ဘာလဲ ဆိုရင်(၃)လကျော်ပြီလေ"

"ဩော် ဩော် ဒါလား၊ ဒါက အိုင်မပေးနိုင်သေးလို့ လာမပေးတာ လေ"

မခင်သန်းဦး ပိုလို့ ဒေါသထွက်လာပုံရသည်။

"ဟဲ့ သူများပိုက်ဆံယူပြီး မပေးနိုင်လို့ရမလားဟဲ့ သေနာကျလေးရဲ့"

လင်းနိုင် ပြုံးတုံ့တုံ့မျက်နှာလေးကို ရဲရဲတင်းတင်း ထပ်ပြုံးလိုက်ပြီး

"အဒေါ်ကြီး အသက်တွေလည်းကြီးပြီ၊ ဘာလို့ ဒီလောက်ရိုင်းရတာ လဲ ဒီအရွယ် ဘုရားသွားကျောင်းတက်လုပ်ပြီး လောဘဒေါသတွေဖြတ်ပြီး နေရတော့မှာ၊ သေရင်ဘာမှမပါဘူး၊ ဒီလိုလုပ်နေပုံနဲ့ ငရဲအိုးပဲ ချိုးကပ်မှာ"

လင်းနိုင်စကားကြောင့် မခင်သန်းဦး ဆတ်ဆတ်တုန်လာပြီး

"ဟဲ့ လူလိမ်၊ အပိုတွေ လျှောက်ပြောမနေနဲ့၊ ဒီနေ့ နင်နဲ့ငါ အပြတ် ရှင်းမယ်၊ ပြော ငါ့ပိုက်ဆံကို ဘယ်လိုရှင်းမှာလဲ"

"ဒီမှာအဒေါ်ကြီးရဲ့ ဘယ်အရာမဆို ကိုယ့်ရလိုမှုကြီးပဲ မကြည့်နဲ့ လေ၊ တစ်ဖက်လူအခက်အခဲကိုလည်း စဉ်းစားဦးမှပေါ့၊ ဒီအချိန်မှာ လင်းနိုင် လေးနေကောင်းရဲ့လား၊ လူနေကောင်းရင်လည်း စိတ်ကဝမ်းသာနေလား၊ ဝမ်း နည်းနေလား"

"တိတ်စမ်း၊ ငါ သည်းမခံနိုင်တော့ဘူး"

မခင်သန်းဦး လင်းနိုင်ရှေ့တည့်တည့်ကိုပြေးသွားပြီး မျက်နှာကို ရိုက် ချရန် လက်ရွယ်လိုက်သည်။ လင်းနိုင်က မခင်သန်းဦးလက်ကို ဆတ်ခနဲဖမ်းကာ ညှိမ်ချိုးလိုက်ပြီး လေသံအေးအေးနှင့်

"လူမိုက်အလုပ်တွေ ဘာလို့လုပ်ချင်ရတာလဲ အဒေါ်ကြီးရဲ့၊ ဒီလို အချိုးမျိုးကို တခြားလူတွေမှာပဲ သွားလုပ်လေ၊ အိုင့်ကိုတော့ လာမလုပ်နဲ့၊ အိုင် ဘဝပေါင်းများစွာကို ဖြတ်သန်းလာခဲ့ပြီးပြီ၊ အိုင်တို့က တစ်ဘဝတည်း မဟုတ်ဘူး။ မခင်သန်းဦး လက်ကိုရုန်းလိုက်ပြီး

"နင်ကများ ရာရာစစ ဘာဘဝတွေကို ဖြတ်သန်းလာတာလဲ"

လင်းနိုင်က တစ်ချက်ရယ်လိုက်ပြီး

"စမွေးလာတည်းက မောင်လင်းနိုင်ဟော့ဆိုပြီး မွေးလာတဲ့လုံးပြည့် ဒေါက်ပြည့်ယောက်ျားစစ်စစ်၊ ကားစပယ်ယာဘဝနဲ့လင်းနိုင် ယောက်ျားဘဝ ကိုဖြတ်သန်းခဲ့ပြီးပြီ၊ ပန်းတွေရောင်းတဲ့ ခင်လင်းနိုင် မိန်းမဘဝနဲ့လည်း ဘဝ ဖြတ်သန်းခဲ့ပြီးပြီ ခုတော့ ဇာတ်မင်းသားလေးလင်းနိုင် အခြောက်ဘဝနဲ့ လော ကြီးကိုဖြည်းဖြည်းလေး ဖြတ်သန်းနေပြီ"

လင်းနိုင် မျက်နှာပေါ် ဝဲကျလာသည့် ဆံပင်ပျော့ပျော့များကို သပ် တင်လိုက်ပြီး

"ဒီမှာအဒေါ်ကြီး အဒေါ်ကြီးငွေကို တစ်နေ့ လင်းနိုင်ပြန်ဆပ်မှာ ဒါပေမယ့် ဘယ်နေ့လဲတော့မသိဘူး၊ ဒါကြောင့် အိုင့်ကို လူလိမ်လို့တော့မပြော နဲ့၊ အိုင် ဘယ်တော့မှ မလိမ်ဘူး၊ ယူတယ်၊ မပေးနိုင်သေးလို့ မပေးဘူး၊ ဒါ ရှိတယ်၊ အဒေါ်ကြီးတို့လို ဘဝလေးတစ်ခုကို ဖျစ်ဖျစ်မြည်အောင် ဖြတ်သန် နိုင်ရုံလေးနဲ့တော့ အိုင်တို့ကို နိုင်မယ်မထင်ပါနဲ့"

လင်းနိုင်က အစွမ်းကုန်ချိုနေအောင် ပြုံးလိုက်ပြီးဖွားချောတို့ဘက် သို့ ဝေ့ကြည့်လိုက်သည်။

"ဖွားချောတို့အဘိုးတို့ရော နေကောင်းကြလား၊ ညီလေးအတွက် နောက်တစ်ခါလာရင် ကိုကြီး ဘောလုံးဝယ်ခဲ့ပေးဦးမယ်"

လင်းနိုင်က အားလုံးကို ချိုအီနေအောင် နှုတ်ဆက်ပြီးထွက်ခွာသွား ပြီ၊ သီချင်းလေးပင် ပျစ်ပျစ်ချွဲချွဲဆိုသွားလိုက်သေးသည်။

"ဝသန္တ မိုးရာသီ ပုရစ်ဖူးလေးတွေ ဝေဝေစီ၊ ရှစ်ခွင်ဝဋ္ဋာတိုင်း ဖြန်းပက်လာသည်"

မခင်သန်းဦးကို ဖွားချော မရဲတရဲလှမ်းကြည့်လိုက်သည်။ ခုန ရိုက်မယ်၊ ပုတ်မယ်၊ ပွတ်ခြေမယ်ဆိုသူက ခေါင်းငိုက်စိုက်ကျလို့ ငြိမ်ချက်သား ကောင်းနေပြီ။

လူတစ်ကိုယ် တစ်ဘဝသမားတွေကို နိုင်စားတတ်သလောက် လူ တစ်ကိုယ် သုံးဘဝသမားကို နိုင်စားလို့ရမယ့်နည်းလမ်းကို သူမ တွေးတော ပုံရသည်။



# မာန်လည်ဆရာတော်၏ ဝိဝတ်ကြွေး

**အောင်ခိုင်မင်း**
ရှာဖွေတင်ပြသည်။



# အဖကြေး

ရွာတစ်ရွာမှာ မိသားစုသုံးယောက်ရှိတယ်။ အဖေရယ် အမေရယ် ဆယ်နှစ်အရွယ် သားလေးရယ်ပေါ့။ တစ်ခါသားမှာ စီးပွားရေးမပြေလည်ကျ တည်းမှုတွေကြောင့် ဖခင်ဖြစ်သူက မြို့ရှင်မိန်းမကြီးတစ်ဦးထံမှာ ငွေချေးငှားခဲ့ သတဲ့။

ဒီအကြွေးကို ပေးရမယ့်အချိန်ထိတိုင် ပြန်မဆပ်နိုင်တော့ အကျ တွေ့ကြုံရတာပေ့ါ။ နောက်ဆုံး အဖေဖြစ်သူက မလိမ့်တစ်ပါတ်လုပ်ဖို့ အကြ တစ်ခုရပါတော့တယ်၊ ဒါနဲ့ သားဖြစ်သူကိုခေါ်ပြီး

'သားရေ အဖေတို့ ကျပ်ကျပ်ကြီးဖြစ်နေတာ သားလည်းရိပ်မိမှာပေ မနက်ဖြန် ကြွေးရှင်လာတော့မယ်၊ အဖေတို့မှာလည်း ပေးစရာငွေက ရှိမနေ ဘူး'

'ဒါဆိုဘယ်လိုလုပ်မလဲ အဖေ'

'ဒီလိုကွ၊ အဖေတို့အမေတို့က လူကြီးတွေဆိုတော့ ပြောင်ပြောင်တင် တင်း ဖြေရှင်းရခက်တယ်၊ ဒီတော့ အဖေနဲ့အမေရှောင်နေမှဖြစ်မယ်၊ သားက



အဖေသင်ပေးတဲ့အတိုင်း လတ်တလော ဖြေရှင်းပေးစမ်းပါကွာ'

'သားက ဘယ်လိုပြောရမလဲ'

'အဖေသင်ပေးမယ်လေ၊ ကြွေးရှင်တို့ ထုံးစံအတိုင်း ရောက်တာနဲ့ င်းအဖေဘယ်သွားလဲဆိုပြီး မေးမှာသေချာတယ်၊ ဒီလိုမေးရင် သားက ဘုန်း ကြီးကျောင်းသွားပါတယ်လို့ ဖြေရမယ်၊ မှတ်ထားနော်'

'ဟုတ်ကဲ့'

'ပြီးရင် ဘယ်အချိန်ပြန်လာမလဲလို့ ဆက်မေးလိမ့်မယ်၊ သားက ဘယ်အချိန်ပြန်လာမယ် မသိပါဘူးဗျာ၊ သူက တစ်ခါတလေ ဘုန်းကြီးတွေနဲ့ အိပ်ချင်အိပ်လိုက်တာလို့ ပြောရမယ် ဟုတ်ပြီနော်'

'ဟုတ်ကဲ့'

'ဒါပြီးရင် ကြွေးရှင်တို့ရဲ့ထုံးစံအတိုင်း ရတာယူမယ်ဆိုတဲ့ သဘောနဲ့ အဖေတို့မွေးထားတဲ့ တိရစ္ဆာန်တွေကို ကြည့်လိမ့်မယ်၊ ဝက်၊ ကြွဲ၊ နွား တိရစ္ဆာန် တွေကိုလည်း အဖေတို့က လွှတ်ထားမှာဆိုတော့ သူတွေ့မှာမဟုတ်ဘူး၊ ဒါဆိုရင် င်းတို့တိရစ္ဆာန်တွေ ဘယ်ရောက်ကုန်ပြီလဲဆိုတာ သေချာပေါက်မေးမှာပဲ'

'အဲဒါဆို ဘယ်လိုပြောရမလဲ'

'လွယ်ပါတယ်ကွာ၊ တိရစ္ဆာန်ပဲ အသိဉာဏ်မှမရှိတာ၊ သွားချင်ရာ သွားနေမှာပေ့ါ မစင်ပုံတွေရှောက်စားရင်လည်း စားနေမှာပေ့ါလို့သာဖြေလိုက် ပြီ'

'နောက် ဘာဆက်ပြောရဦးမလဲ'

'ကြွေးရှင်မိန်းမကြီးက ဘာမှရလမ်းမမြင်ရင် ဒေါသဖြစ်ပြီး ဒါဆိုရင် င်းအဖေကိစ္စ ဘယ်လိုရှင်းမလဲဆိုပြီး ပြောမှာပဲ၊ ဒီလိုပြောရင် သားက ဒါက အဖေလုပ်ထားတဲ့ကိစ္စ သူ့ကိစ္စ သူဟာသူရှင်းမှာပေ့ါဗျာလို့သာပြောလိုက် ပြီးပြီ ပေါ့ကွာ'

ဒီလိုသင်ကြားပေးပြီးတော့ သားအဖနှစ်ယောက် သေချာအောင် ာတ်တိုက်ကြပါသေးတယ်။

'ကဲ အဖေက အကြွေးရှင်ပေ့ါကွာ၊ မေးမယ်နော်'

'ဟုတ်ကဲ့'

'မင်းအဖေဘယ်သွားလဲ'

'ဘုန်းကြီးကျောင်းသွားပါတယ်'

'သူ ဘယ်အချိန် ပြန်လာမလဲ'

'ဘယ်အချိန်ပြန်လာမယ် မသိပါဘူးဗျာ၊ သူက တစ်ခါတလေ ဘု
ကြီးတွေနဲ့ အိပ်ချင်အိပ်လိုက်တာ'

'မင်းတို့တိရစ္ဆာန်တွေက ဘယ်ရောက်ကုန်ပြီလဲ'

'တိရစ္ဆာန်ပဲဗျာ၊ အသိဉာဏ်မှမရှိတာ၊ သွားချင်ရာသွားနေမှာပေ
မစင်ပုံတွေ လျှောက်စားရင်လည်း စားနေမှာပေါ့'

'ဒီလိုဆို မင်းတို့အဖေကိစ္စ ဘယ်လိုရှင်းမလဲ'

'ဒါက အဖေလုပ်ထားတဲ့ကိစ္စ သူ့ကိစ္စသူ့ဘာသာ ရှင်းမှာပေါ့ဗျ

'တော်လိုက်တဲ့ငါ့သား၊ ဉာဏ်သိပ်ကောင်းတဲ့ငါ့သား၊ ဟိုကမေး
ဒီအတိုင်းမလွဲအောင် ဖြေနော် ဟား ဟား'

အဖေဖြစ်သူ အကြီးအကျယ် သဘောကျသွားပါတယ်။ ဒီလို
နောက်နေ့ မျှော်လင့်ထားတဲ့အချိန် ရောက်လာပြီပေါ့ဗျာ၊ ကြွေးရှင်ရောက်
အချိန်မှာ အဖေရောအမေရော တိရစ္ဆာန်တွေရော မရှိတော့ဘူး၊ ရှောင်နေ
ပြီ။ မိန်းမကြီးက ကလေးငယ်ကိုတွေ့တော့

'ဟေ့ မင်းတို့အမေ ဘယ်သွားလဲ'

'ဘုန်းကြီးကျောင်းသွားပါတယ်'

ဒီမှာစလွဲပြီနော်။ ကလေးက အဖေနဲ့အမေကို မကွဲဘဲ သင်ထား
အတိုင်း ဖြေလိုက်တာပါ။

'ဘယ်အချိန်ပြန်လာမလဲ'

'ဘယ်အချိန်ပြန်လာမယ် မသိပါဘူးဗျာ၊ သူက တစ်ခါတလေ ဘု
ကြီးတွေနဲ့ အိပ်ချင်အိပ်လိုက်တာ'

'အမလေး ဘုရား ဘုရား'

မိန်းမကြီး မျက်လုံးပြူးသွားတယ်။ ပြီးတော့မှ မသက်မသာ သ
ပြင်းချပြီး

'ကြောက်စရာကောင်းလိုက်တာနော်၊ ဒါနဲ့ မင်းအဖေရော'



'တိရစ္ဆာန်ပဲဗျာ၊ အသိဉာဏ်မှမရှိတာ၊ သွားချင်ရာသွားနေမှာပေါ့
တွေ လျှောက်စားရင်လည်း စားနေမှာပေါ့'

'အလိုလေးလေး'

မိန်းမကြီးအန်ချင်သလိုပါ ဖြစ်သွားတယ်။ ဒီအချိန်မှာပဲ စပ်စုတတ်
စုလစ်စေ့ဗိုက်ကြီးသည် မိန်းမတစ်ယောက် ရောက်လာပါရောလား၊
မိန်းမက ဖောင်းကားနေတဲ့ဗိုက်ကြီးကို ကြည့်ပြီး စာနာစိတ်နဲ့

'ကလေးမ နင့်ဗိုက်ကြီးက မီးပုံးပျံကြီး ကျနေတာပဲ၊ ဘယ်တော့မွေး
တဲ့'

ဗိုက်ကြီးသည် ဘာမှမပြောရသေးခင် အဖြေတစ်ခု ကျန်နေသေးတဲ့
က

'ဒါက အဖေလုပ်ထားတဲ့ကိစ္စ သူ့ကိစ္စသူ့ ဘာသာသူ ရှင်းမှာပေါ့'

ဆိုပြီး ဝင်ပြောလိုက်တော့ ကြွေးရှင်မိန်းမရော ဗိုက်ကြီးသည်မပါ
သပ်မဆက်ရဲတော့ဘဲ တချိုးတည်း လစ်ပြေးရပါရောလား။

(ပထမမာန်လည်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့် အကြွေး
ရယ်ရွှင်ဖွယ်ရာလေးတစ်ခုကို မှီငြမ်းထားပါသည်)

**အောင်နိုင်မင်း**

<u>**အကျင့်ပါနေလို့**</u>

ဟော်တယ်တစ်ခုတွင် စားဖိုမှူးလုပ်သူတစ်ယောက်သည်
းလပ်ရက်အတွင်း နေအိမ်၌ ဟင်းချက်ရန် ဝက်သားများကို ခုတ်
စ်တုံးနေရင်းနှင့် အသားတုံးတစ်တုံးအား အင်္ကျီအတွင်းသို့ မသိမသာ
းထည့်လိုက်သည်။

ထိုအခြေအနေကို မြင်သွားသောဇနီးသည်မှာ

"ဟင် ရှင် ဝက်သားတွေကို ဘာလို့ အင်္ကျီထဲထည့်နေတာလဲ"

စားဖိုမှူးပြန်ဖြေလိုက်သည်မှာ

"အေးကွာ၊ ငါလည်း ဟော်တယ်မှာလို အကျင့်ပါနေလို့ပါ"

■


အချစ်နှလုံးရောဂါ
မိုးဆက်လင်းထက်

# အချစ်နှလုံးရောဂါ

သူ့အမေ နှလုံးရောဂါ ရှိသည့်ကိစ္စသည် ဆရာဝန်တစ်ယောက်မဟုတ်သော ကျွန်တော်နှင့် တိုက်ရိုက်ပတ်သက်နေလေသည်။ သူတို့အိမ်မှာ သူ့အပါအဝင် မိသားစုလေးယောက်ရှိသည်။ သူတစ်ယောက်က လွဲလျှင် ကျန်သုံးယောက်လုံး ရောဂါဘယဘက်တွင် တော်တော်ထူးချွန်ကြသည်ဟု ဆိုနိုင်၏။ သူ့ညီမလေးက လေးဘက်နာရှိသည်။ သူ့အမေကြီးက နှလုံးရောဂါ၊ သူ့အဖေ ... ကိစ္စကလည်း အမြဲဆေးကု... သေး၏။ ယုတ်စွအဆုံး သူ... က နိုင်းထားတဲ့ကောင်မလေး... ဟိုတလောက လေဖြတ်ချင်သ... ဖြစ်သွား၍ ခြေထောက်တ... ဆာတာတာ ဖြစ်သွားသေး၏။ ... သေးသည်ဟုဆိုရမည်။ အားလုံး... သူတစ်ယောက် ဒေါင်ဒေါင်မြ... နေလို့။ ဒါတောင် သိပ်သေ...



...ပြောလို့မရ။ ဟိုနေ့က ကျွန်တော် ...နိုင်းတွေ့တုန်း ဗိုက်ထဲက အောင့် ...အောင့်နေသည်ဟု ပြောသေးသည်။

ကျွန်တော်နဲ့ ချစ်သူသက် ...မ်း တစ်နှစ်လောက်အကြာတွင် ...ဆီက စကားတစ်ခွန်း ပြောလာ ...သည်။ ထုံးစံအတိုင်း

"ခင့်ကို အိမ်က ယောက်ျား ...စားတော့မယ်မောင်"

"အင်"

ကျွန်တော် နင်သွား၏။ ...တ်လုံးက ၊နောက်စေ့ကိုလေထိုး ...ည့်လိုက်သလို အရှေ့သို့ပြူထွက် ...သွားသည်။ ချစ်သူ လက်ထပ်တော့ ...မည့် စကားသံသည် ရင်ဘတ်ထဲ ...ကြသလိုဖြစ်သွားတာ အမှန်။

"ဘယ်သူနဲ့လဲဟင်၊ ဘယ်လိုဖြစ်တာလဲ"

"မေမေတို့အသိတစ်ယောက် ...သားပဲ၊ ခင်ကလည်း မောင်ကလွဲ ... ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး ... အတင်းငြင်းပါတယ်၊ ဒါပေမယ့် ...မေ့မှာလည်း နှလုံးရောဂါနဲ့ဆို ...တော့"

ဆက်နားထောင်စရာမလိုတဲ့ ...ျွန်တော် သဘောပေါက်သွားပြီ။ ...မှာ မကြိုက်သော်လည်း အောင့်ကာနမ်းဆိုသလို ရေလိုက်ငါးလိုက် နေနေရလိမ့်မည်။ အကြောင်းအရင်းကလည်း နိုင်လုံနေသည်။ နှလုံးရောဂါသည် သူ့အမေကြီး၏ အလိုကိုလိုက်နေရသည့်အပြင် သွေးတိုးရောဂါ ခပ်ကြမ်းကြမ်းဖြစ်နေသည့် သူ့အဖေကြီး ခေါက်ခနဲဖြစ်မသွားစေရေးကလည်း တွန်းအားပေးနေသေး၏။

"ဒါဆို မောင်တို့ဘယ်လိုလုပ်ကြမလဲဟင်၊ ရုပ်ရှင်တွေထဲကလို ခင့်မေမေရောဂါက တော်တော်ဆိုးလား ဥပမာ အိပ်ရာထဲ ဘုန်းဘုန်းလဲနေတာတို့ ဘာတို့"

"ဆိုးတယ်မောင်၊ ဟိုနေ့ကတောင် သူ့ခြေထောက်ပေါ် ကြွက်ဖြတ်ပြေးသွားတာ လန့်ပြီး နှစ်ရက်လောက် အိပ်ရာထဲ လဲသွားသေးတယ်၊ အဲဒီတုန်းက ခင့်ကို ခဏခဏ သူ့နားခေါ်ပြီး မေမေစိတ်ချသွားချင်တယ် သမီးရယ်လို့ တဖွဖွပြောနေတာ"

"ရုပ်ရှင်တွေထဲကလိုပါပဲလား ခင်ရယ်"

ကျွန်တော် သက်ပြင်းချမိသည်။ ဆရာဝန်အမှတ်မမိခဲ့သော ကိုယ့်ကိုကိုယ်လည်း ဒေါသဖြစ်သွား၏။ ဒီအချိန်မှာ ကျွန်တော်သာ ဆရာဝန်တစ်ယောက်ဆို တစ်မိသား

> မိန်းမိုးတဲ့ကိစ္စမှာ
> ဆရာဝန်ပါ တစ်ပါတည်း
> ထည့်ခေါ်ရသည်ဟူ၍
> သင်တို့ကြားဖူးလိမ့်မည်
> မထင်ပေ။ မကြားဘူးလည်း
> အခုကြားဖူးလိုက်ကြပါ။

စုလုံး အားကိုးချင်စရာ ဖြစ်ချင်ဖြစ်လာဦးမည်။

"ဒါနဲ့ ခင့်ကိုပေးစားမယ့်လူက ဘယ်သူလဲဟင်"

"ကိုတင်လှတဲ့၊ ဆရာဝန်တစ်ယောက်ပဲ"

ကျွန်တော့်စိတ်ထဲပိုအားငယ်သွားရ၏။ ကိုတင်လှလို သူသာ ဆရာဝန်ဆိုလျှင်။

"ဒါပေမယ့် ဗမာဆရာဝန်"

"ဟင် ဘယ်လို"

"ဟုတ်တယ်၊ တိုင်းရင်းဆေးတက္ကသိုလ်က ဆင်းလာတဲ့ ကျောင်းဆင်းစ ဆရာဝန်ပေါက်စ"

ကျွန်တော် သက်ပြင်းထပ်ချမိသည်။ ဘာပဲဖြစ်ဖြစ် သူဟာ သူတော့ အသုံးဝင်နေပါသေးသည်။ ကျွန်တော် ကြာကြာငိုင်မနေအား ချစ်သူကို အပြတ်မေးရတော့မည်။

"ခင် သူနဲ့လက်ထပ် တကယ်ဆုံးဖြတ်ပြီးပြီပေါ့"

"ဟင့်အင်း ဟင့်အင်း ရွှေ ဟင့် အဟင့် ခင် မောင် မောင်က ပြီး ဘယ်သူကိုမှ အဟင့် ဟင့်"

ဒီလောက်ဆို ကျွန်တော် သဘောပေါက်သွားပြီ။ ခေတ်ကာလ သားသမီးပဲ ချစ်သူပါးစပ်ဟလိုက် တာနဲ့ အူဘယ်နှခွေဆိုတာ ကျွန်တော် သိပြီးပြီ။ ဒါကြောင့်

"ခင့်ကို မောင်ခိုးမယ်"

ချစ်သူ ဆတ်ခနဲ မော့ကြည့် ၏။ နေရောင်ခြည်အောက်တွင် မျှော် နက်တောက်ပနေသော ဆံနွယ်လေး များကို ပွတ်သပ်အားပေးလိုက်ကာ

"မောင် မနက်ဖြန်ည ခင့် ကိုလာခိုးမယ်"

"ဟို ဖြစ် ဖြစ်ပါ့မလား ဟင်၊ မေမေက နှလုံးရောဂါနဲ့ ပြီး တော့ ဖေဖေကလည်း သွေး ကြီး ဆိုတော့ တော်ကြာ"

"စိတ်မပူပါနဲ့၊ မောင့်မှာ အကြံရှိပါတယ်၊ ခင်သာ အဆင်သင့် ထုပ်ထား"

ချစ်သူ စိုးရွံ့ထိတ်လန့်နေသော မျက်လုံးလေးတွေနဲ့ မရွံ့မရဲ ခေါင်း ညိတ်ပြလေသည်။ ကျွန်တော် ချစ်သူကို ရင်ခွင်ထဲ ဆွဲသွင်း၍ အားပေးနှိမ့်သိမ့်လိုက်ပါသည်။

"ယောက်ျားယူတယ် ဆိုတာ အန္တရာယ်မကြီးပါဘူး ချစ်ရယ်၊ ကိုယ့်ကိုယုံစမ်းပါ"

× × ×

မိန်းမိုးတဲ့ကိစ္စမှာ ဆရာဝန် ပါ တစ်ပါတည်း ထည့်ခေါ်ရသည် ဟူ၍ သင်တို့ကြားဖူးလိမ့်မည်မထင် ပေ။ မကြားဘူးလည်း အခုကြားဖူး လိုက်ကြပါ။ ကျွန်တော် ခင့်ကိုခိုး သည့်ညမှာ ဆရာဝန်တစ်ယောက် ခေါ်လာရ၏။ မပြောကောင်းမဆို ကောင်း ခင့်ကိုခိုးနေတုန်း သူ့အမေ ကြီးဖြစ်ဖြစ်၊ သူ့အဖေကြီးဖြစ်ဖြစ် နိုးသွားပြီး ဟတ်ရှော့၊ သွေးတိုးရှော့ ဖြစ်ကာ ခေါက်ခေါက် ရောက် ရောက် ဖြစ်မသွားစေရေး ကြိုတင် ကာကွယ်ရန်အတွက်ပင်။ ဆရာဝန် က ကျွန်တော့်သူငယ်ချင်း၊ နာမည် က ထွန်းဦး။

"မင်းလည်း ကိုယ့်ကိုကိုယ် ဂရုစိုက်ဦး၊ တစ်နေ့တစ်နေ့ ကောင်မလေးကိစ္စ ပူနေရတာနဲ့ မင်းကြာရင် စိတ်ကျရောဂါတို့ နှလုံးရောဂါတို့ဖြစ် လာလိမ့်မယ်၊ ဒါတောင် ဟိုတလော က မင်းဖြစ်လိုက်သေးတယ်မဟုတ် လား၊ ရင်ထဲက အောင့်လို့ဆို၊ မင်း ရိုက်ထားတဲ့ ECG ငါမကြိုက်ဘူး"

မတတ်နိုင်ဘူး။ ECG မကလို့ ဘာကိုပဲ မကြိုက်မကြိုက်၊ ဒီညတော့ ခိုးကိုခိုးရမည်။ မရရင် သေမည်။ ကျွန်တော့်မှာလည်း နှလုံး ရောဂါနဲ့ဆိုလား။

ထိုည ထွန်းဦးနဲ့ကျွန်တော် မိန်းမခိုးဖို့ ရောက်လာသည်။ ထွန်းဦး က ဆေးသေတ္တာပါ တစ်ပါတည်း ဆောင်၍ အိမ်ထဲ မိန်းမဝင်ခိုးကြ၏။ ဝင်းတံခါးပေါက်မှစ၍ အိမ်မကြီး တံခါးပေါက်အထိ အဟန့်အတား မရှိသော့ခတ်မထားဘဲ အဆင်သင့်ဖွင့် ထားတာတွေ့ရ၍ ပထမ ပျော်သွား သော်လည်း၊ နောက်တော့ သံသယ ဝင်သွားမိ၏။ သို့သော် အခုချိန်မှ တော့ ပေါက်တဲ့နဖူး မထူးတော့၍ အိမ်ထဲသို့ ခပ်တည်တည်နှင့်ဝင်လာ ခဲ့လိုက်ပါတော့သည်။

"ဟင်"

ဧည့်ခန်းထဲတွင် လူတော် တော်များများနှင့်အတူ ချစ်သူကိုပါ

တွေ့လိုက်ရလေသည်။ တစ်ဦးဦးကို စောင့်မျှော်နေပုံမျိုး။

"လာ ဆရာ၊ ကြွပါရှင်၊ ကြွပါ၊ ဟိုဘက်ခန်းမှာပါ"

"ဒေါက်တာ ကြွပါရှင်"

ကျွန်တော် အူကြောင်ကြောင်နှင့် ချစ်သူကို လှမ်းအကြည့်၊

"မီးစင်ကြည့်ကလိုက်၊ မေမေနဲ့ဖေဖေ တစ်ပြိုင်နက်မူးလဲသွားလို့ ခင့်ကို ဆရာဝန်ခေါ်ခိုင်းထားတာ၊ ခေါ်နေတုန်း မောင်တို့ရောက်လာလို့ ဆရာဝန်ထင်နေတာ။ ခင်လည်း ခိုးရာလိုက်ဖို့ အားလုံးအဆင်သင့်ဖြစ်ပြီးမှ အခုလို"

သဘောပေါက်သွားပြီ။ ကျွန်တော့်မှာလည်း ဆရာဝန်ပါလာလို့ တော်ပေသေးသည်။ ကျွန်တော် ထွန်းဦးကို မျက်စပစ်ပြလိုက်သည်။ ထွန်းဦးလည်း နားလည်ကြောင်း ခေါင်းညိတ်ပြကာ ယောက္ခမနှစ်ဦး သက်သာရေး အစွမ်းကုန်လုပ်ဆောင်ပေးရတော့၏။

တစ်ညလုံးမအိပ်ဘဲ ပြုစုလိုက်မှ မနက်ကျ တော်တော်လေး ထူထူထောင်ထောင် ဖြစ်လာတော့သည်။ ရောဂါသက်သာခါစရှိသေးသည်။ သူ့သမီးကိုခေါ်ကာ ရှပ်ရှင်တွေ ထဲကအတိုင်း အမောဖောက်ဟ[...] ကြီးနှင့် မှာပါတော့သည်။

"မေမေ့ကိုယ်မေမေ သိ[...] တယ် သမီးရယ်၊ ဟောဟဲ ဒီတော[...] ကို မေမေ ဟောဟဲ သမီးဖေဖေ[...] လည်း မေမေ့လိုပဲ ဒီတောင်ကိုဟောဟဲ[...] အဲဒါ သမီးကို မေမေတို့စိတ်ချသွာ[...] ချင်လို့ မနက်ဖြန်ပဲ မောင်တင်လှ[...] အရေးပေါ် ဟောဟဲ"

ကျွန်တော့်ခေါင်းထဲ ဒိန်[...] ခနဲဖြစ်သွားကာ ခွေခနဲ လဲကျသွား[...] တော့သည်။ ချစ်သူနှင့်တိုင်းရင်းဆေး[...] ဆရာ မနက်ဖြန်လက်ထပ်ကြတော့[...] မည်တဲ့။ ကျွန်တော့်ကို လူတွေဝိုင်း[...] ပြုစုကြသည်။ လူသက်သာသွာ[...] သော်လည်း စိတ်မသက်သာ။ ကျွန်တော်[...] ဘဝကံကြမ္မာကို က ဆိုးသည်[...] မိန်းမခိုးတဲ့နေ့မှာ ယောက္ခမလောင်[...] နှစ်ယောက်လုံး မူးလဲလို့ ဆေးကု[...] သည်။ သတိရလာတော့ ကျွန်တော်[...] ချစ်သူ(သူတို့သမီး)ကို လင်ပေး[...] သည်။ ကဲ ကျွန်တော်ဘာလုပ်[...] မလဲ။ နောက်ဆုံး ချစ်သူခေါင်းညိ[...] လိုက်တာကို ခပ်ရေးရေး[...] လိုက်ရပါတော့သည်။

မိုးဆက်လင်းထ[...]



[...] တင် ဆက် သည်။

# ပဟေဠိ

[...]သားတို့ စိုက်လိုက်မတ်တတ် [...]ိုးတက်လာကြခြင်းမှာ တွေးခေါ်ခြင်းကြောင့်ဖြစ်သည်။ လူသည် [...]ရှောက်ထက်သာသော အချက်ထဲတွင် ရယ်မောခြင်းနှင့် တွေးခေါ် [...]ခြင်းသည် အထင်ရှားဆုံး အချက်များဖြစ်သည်။ ပဟေဠိများသည် [...]တွေးတောရသည်။ အဖြေသိလျှင် ပြုံးရွှင်ရယ်မောရသည်။ ထို့ကြောင့် [...]ဟေဠိသည် လူတို့၏အခွင့်ထူး လုပ်ိသစေသော ကစားနည်းဖြစ်ပါသည်။ တွေးတောခြင်းအလေ့အကျင့် ရကြပါစေ။

(၁) ၂၈ရက်ရှိတဲ့လဟာ ဘယ်လလဲ။

(၂)အင်္ဂလိပ်စကားမှာ စာလုံးအများဆုံးပါတဲ့ စကားလုံးနှစ်ခုက ဘာ [...]လဲ။

(၃)တိရစ္ဆာန်နှစ်ကောင်ပေါင်းမှ တစ်ကောင်ပြန်ရတယ်။ ဘာကောင် [...]လဲ။

(၄) ငှက်တော့ငှက်ပဲ။ မွေးကတည်းက အသက်မရှိဘူး။ ဘာငှက်လဲ။

(၅) ချစ်လို့မွေးထားတာမဟုတ်ပေမယ့် အိမ်တိုင်းမှာရှိတဲ့အကောင်။

ပဟေဠိအဖြေမှန်ကို မိမိဉာဏ်နှင့်စဉ်းစားသုံးသပ်ပါ။ ရရှိသောအဖြေနှင့် ကျွန်တော်တို့၏အဖြေမှန်ကို ဤ[...]အုပ်၏တစ်နေရာတွင် တိုက်ဆိုင်စစ်ဆေးကြည့်ပါ။

■

ထိပ်တင်လက်

**ရောင်စုံသကြားလုံးလေးများ**



# ရောင်စုံသကြားလုံးလေးများ

သကြားလုံးလေးတွေကိုမုန်းသည်။ အထူးသဖြင့် အရောင်စုံအ
စုံ ရသာစုံသကြားလုံးများကို လုံးဝမမြင်ချင်ပါ။ မမြင်ချင်လျှင် မကြည့်နဲ့ ရ
ပဲလို့ဆိုလျှင် အဲဒီလိုမရလို့ ခက်နေတာပေါ့။ မတွေ့ချင်ဘဲ တွေ့နေရတာ
နေ့စဉ်နှင့်အမျှပါ။

မပတ်သက်ချင်ဘဲ ပတ်သက်နေရတဲ့ ဒီရောင်စုံသကြားလုံးတွေ
မုန်းတီးမိပါသည်။ ဖြစ်ပုံက ဒီလိုပါ။ အရင်ကတော့ ကိုဘမောင် ဒီသကြား
တွေကို မမုန်းပါ။ အရသာစုံပြီး တစ်လုံးစားရုံနဲ့ပဲ အရသာထိမိလှသည
သကြားလုံးများကို သူ ကြိုက်ပင်ကြိုက်နှစ်သက်မိသေးသည်။ သကြားလုံး
သည့်ရောဂါက ကိုဘမောင် ပင်စင်ယူပြီးစမှ စသည်ထင်၏။

အိမ်မှ လေဒီဘမောင်ကြီးဈေးသွားတိုင်း ပါလာတတ်သည့်ရော
သကြားလုံးများမှ စသည်။

"မလှခင် ဒီသကြားလုံးတွေက များလှချည်လားကွဲ့၊ တို့အိမ်မှာ မ
နဲ့ငါရယ် ကလေးတွေလည်း ရှိတာမဟုတ်ဘဲ ဘာလုပ်တာလဲ၊ ဒီသကြားလုံး
က ဝယ်လည်း တစ်လုံး နှစ်လုံးပေါ့"

လေဒီဘမောင်ကြီးက သူ့ကို မျက်စောင်းထိုးပြီး



"ဘယ်သူက ဒီသကြားလုံးဝယ်မှာလဲ"

"နို့ ဒါဆို ဘာလို့"

"ဒါပေါ့။ ရှင်တို့ပင်စင်စားများ အသိ
တ်ခက်အဝင်နက်တယ်ဆိုတာ၊ ဒါက ဝယ်
မဟုတ်ဘူးတော်ရေ၊ ကျပ်ကို ဆိုင်တကာ
အကြွေအမ်းလိုက်တာ"

"ဘာရယ် အကြွေအမ်းတာ"

ကိုဘမောင်တစ်ယောက် အံ့သြ
ကြီးဖြစ်သွားရသလောက် သူ့လေဒီကြီးက
ထူးအဆန်းဖြစ်ရသလားပုံစံနှင့် ခနိုးခနဲ့ရယ်
လိုက်ပြီး

"ဟုတ်ပ့ါ အဲဒါအကြွေတွေရှင့် သိရဲ့
"

"မြတ်စွာဘုရား၊ အဲဒါဆိုမင်းက ဘာ
ယူလာတာတုန်း၊ ပိုက်ဆံပဲယူမယ်ပြောပေါ့
ရင်ပဲ နည်းသလား"

ဒေါ်လှခင်က စိတ်ရှုပ်ဟန်နှင့်

"ရှင်သွားပါလား ဈေးကို၊ ဒါတွေက
ဥ်အလာတောင်ဖြစ်လို့ လူတိုင်းလုပ်နေကျ
တို"

ကိုဘမောင်က ခါးခါးသီးသီးဟန်နှင့်

"လူတိုင်းလက်ခံပေမယ့် တို့လက်ခံ
မလားဟ၊ တို့မယ် ပင်စင်လစာလေးမဖြစ်
သောက်နဲ့ ရပ်တည်ရတာ၊ မင်းရောငါပါ ဘာ
နိုင်လို့တုန်း"

"သိတတ်နိုင်ဘူးတော်၊ ဒီသကြားလုံး
မှ ယူမလာရင် ဘယ်သူမှ ငွေပြန်မပေးဘူး၊

ဒီသကြားလုံးတွေမှ ယူမလာရင် ဘယ်သူမှ ငွေပြန်မပေးဘူး။ ကျပ်ငွေကို အဲဒီဆိုင်မှာ အလကားထားခဲ့ရမှာ။

ကျုပ်ငွေကို အဲဒီဆိုင်မှာ အလကားထားခဲ့ရမှာ"

"ဟာ မဟုတ်သေးပါဘူး မလှခင်ရယ်၊ ခု မင်းမှာပါလာတဲ့သကြားလုံး တွေ တွက်ကြည့်စမ်းပါ၊ ငွေဘယ်လောက်ဖြစ်သွားလဲလို့ နောက်ပြီး ဒီသကြား လုံးတွေက ဘာမှဝမ်းစာအတွက် အထောက်အကူဖြစ်တာမှမဟုတ်တာ၊ အချို စားပဲရမှာပေါ့"

"ကျုပ်လည်းသိပါတယ်ကိုဘမောင်ရယ်၊ ဒါပေမယ့် ဘယ့်နှယ်လုပ် မှာလဲ၊ အားလုံး ဒီလိုပဲ လက်ခံနေတာကို ကိုယ်လက်မခံရင် ကိုယ်ကပိုရှုံးမှာပေ့"

ကိုဘမောင် ခေါင်းကို သွက်သွက်ခါအောင်ရမ်းလိုက်ပြီး

"ကဲ မလှခင်၊ နောက်နေ့ကစလို့ ဈေးကိုငါသွားမယ်၊ ငါကတော့ မင်းလို ပျော့အိပျော့အိမဟုတ်ဘူး၊ ပြတ်ပြတ်သားသားပဲ"

"ခစ်"

ဒေါ်လှခင် ကျိတ်ရယ်လိုက်ပြီး

"သွားပါတော် သွားပါ၊ ဒါမှ ရှင်လည်း ကုန်ဈေးနှုန်းအကြောင်း အခြေ အကြောင်း သိလာလိမ့်မယ်"

ဒေါ်လှခင် ပုလင်းထဲ ထိုးသွပ်ထည့်နေသည့် ရောင်စုံသကြားလုံးများ ကို သူ မှုန်းတီးစွာ ကြည့်လိုက်မိသည်။

"အဘ အကြွေမရှိလို့ ငါးဆယ်ကို ဒီသကြားလုံးလေးနှစ်လုံး ယူသွား ပါ"

ဈေးသည်လေးကမ်းပေးသည့် သကြားလုံးလေးနှစ်လုံးကို သူ အလန့်တကြားကြည့်လိုက်ပြီး

"ဟင့်အင်း ငါ အဲဒါမယူဘူး၊ ငါ့ကို ငွေပဲပြန်အမ်းပါ"

"ဟင်း ဟင်း ခစ်ခစ်"

ဈေးသည်လေးက ချစ်စဖွယ်ရယ်လိုက်ပြီး

"အဘ ဒါကိုမယူရင်လဲ ထားသွားလေ၊ ဘယ်က ငွေအကြွေက လာ မှာလဲ"

ကိုဘမောင်စဉ်းစားရပြီ၊ ထားသွားရင်လည်း နောက်နေ့ဆို ဒီကျန်ငွေ ကို မှတ်မိချင်မှမှတ်မိမှာရယ်၊ ကိုဘမောင် အကြံတစ်ခု ရသွားပြီး



"ကောင်းပြီ၊ မင်းပေးတဲ့သကြားလုံး ကို ငါယူသွားမယ်၊ နောက်တစ်ခါ မင်းဆီမှာ ဈေးလာဝယ်ရင် ငါ ဒီသကြားလုံးနဲ့ လာဝယ်မှာ နော်"

"အိုးဟိုး ခစ်ခစ် အဘက သိပ်ရယ် ရတာပဲ လာဝယ်ပါရှင်"

ကိုဘမောင် ခေါင်းတညိတ်ညိတ်နှင့် သကြားလုံးကိုလှမ်းယူပြီး ဆိုင်ထဲမှ လှမ်းထွက် ခဲ့သည်။

"အဘရေ တစ်ရာကို သကြားလုံး လေးငါးလုံးယူပါနော်၊ အကြွေမရှိလို့ပါ၊ ကျွန်တော် ... အဘကို သကြားလုံးတစ်လုံး ပိုပေးတာ"

မင်းပေးတဲ့သကြားလုံးကို ငါယူသွားမယ်၊ နောက်တစ်ခါမင်းဆီမှာ ဈေးလာဝယ်ရင် ငါ ဒီသကြားလုံးနဲ့ လာဝယ်မှာနော်

သူ အောင့်သက်သက်နှင့် ယူလာ ခဲ့ရပြန်သည်။

"အဘရေ အကြွေမရှိလို့"

"အဘရေ ဒါလေးနဲ့ အကြွေအမ်း မယ်နော်"

"အဘရေ အကြွေလေးမရှိလို့"

"အဘရေ"

သူဘာမှ မတတ်နိုင်တော့။ ဈေးထဲမှာ ... တိုထွာမှုစ၍ အမ်းလိုက်သည့်သကြားလုံး ... သူ့လက်နှစ်ဖက်နှင့်ပင် ကိုင်၍မဆန့်တော့။ အိမ်ရောက်တော့ သူ့ဈေးခြင်းတောင်းကို လှမ်း ... ပြီး လေဒီဘမောင်က ဘယ့်နှယ်လဲဟူသည့် ... နှင့် မျက်စပစ်ပြသည်။

သူ့လက်နှစ်ဖက်တွင် အပြည့်ပါလာ သည့် သကြားလုံးများကို ပြလိုက်၏၊ ဒေါ်လှခင်

ကြီး ခွက်ထိုးခွက်လန်ရယ်ပြီး

"ကျုပ်မပြောလ ႏ။ ဝန်ထမ်းကောင်း ကြီးရယ်"

"အေးပါ ကြည့်နေပါ။ နောက်နေ့မှ ဘမောင်အကြောင်းသိရမယ်"

ဒေါ်လှခင် အရယ်ရပ်လိုက်ပြီး

"ရှင်က ဘာလုပ်မှာလဲ"

"ကြည့်နေပါ"

နောက်တစ်နေ့ ဈေးသည်ကောင်မလေးက သူ့ကို အံ့သြတကြီးကြည့်ပြီး

"ဈေးဝယ်တာ သကြားလုံးနဲ့ဝယ်ရတယ်လို့ အဘရယ် ခစ်ခစ်"

"ဟ ဒါသကြားလုံးမဟုတ်ဘူးလေ၊ အေး အမြင်မှာတော့ သကြားလုံးပေါ့၊ ထားပါ၊ မင်းမနေ့က အကြွေအမ်းလိုက်တာလေ"

ကောင်မလေးက ခိုးခိုးခစ်ခစ် ရယ်ပြန်၏။

"ဟုတ်တယ်လေ အဘရဲ့၊ အဲဒါက အကြွေမရှိလို့ဟာကို"

"အေး အခု ငါလည်း အကြွေမရှိလို့လေ၊ မင်းပဲ ငါ့ကိုပြောလိုက်ပြီး သကြားလုံးနဲ့ပြန်လာဝယ်ဆို"

"ဩော် ဩော် အဘကလည်း ချည်နေပြန်ပါပြီ၊ အဘကို ကျွန်မက ရယ်စရာ ပျော်စေပျက်ဇစပြောလိုက်တာ"

ကိုဘမောင် စိတ်အနည်းငယ်ဆိုးစပြုလာပြီ။

"မဟုတ်ဘူးလေ၊ ခု ဒါနဲ့ဝယ်လို့ရမလား၊ မရဘူးလား"

"မရဘူး"

"ဒါဆို ဒါကို ဘာလို့ အကြွေအမ်းလဲ"

"ဒါက အကြွေမရှိလို့"

"ခု ငါလည်းအကြွေမရှိလို့"

"သကြားလုံးနဲ့ဝယ်တာ ဘယ်မှာများရှိလို့လဲ"

နောက်ဆုံး သူပင်လက်လျှော့လိုက်ရတော့သည်။ နံဘေးမှဖြတ်သွား ဖြတ်လာများကလည်း သူ့ကိုကြည့်ပြီး ဟာသတစ်ခုလို ရယ်မောသွားကြ၏။

နောက်တစ်ဆိုင်

"မင်းတို့ မနေ့က အမ်းလိုက်တာလေ"



"ဟုတ်တယ်လေ၊ အဲဒါအကြွေမရှိလို့"

"အေး ငါ့မှာလည်း အကြွေမရှိလို့"

"သကြားလုံးနဲ့ ဝယ်လို့ရမှာလား"

"သကြားလုံးနဲ့ရော အမ်းလို့ရမှာလား"

"မလိုချင် မယူနဲ့ပေါ့"

"မယူတော့ မင်းက ဘာလုပ်ပေးမှာလဲ"

"ဟားဟား ဘာလုပ်ရမှာလဲ၊ အရှုံးခံပေါ့"

နောက်ဆုံး ဈေးလုံခြုံရေးရောက်လာပြီး သူ့ကို ဆိုင်မှဆွဲထုတ်လိုက်သည်။

နောက်တစ်နေ့ရော

"ဒါထုံးစံပဲ၊ ဒီလိုပဲလုပ်ကြတာ"

"ငါ လက်မခံဘူး"

"လက်မခံရင် ရွာပြင်ထွက်နေ"

နောက်ဆုံး ကိုဘမောင်ခေါင်းငိုက်စိုက်ချ၍ ပြန်ခဲ့ရတော့သည်။ ဒီတစ်ခါတော့ ဒေါ်လှခင် သူ့ကို သနားသွားပုံရ၏။

"ကိုဘမောင်ရယ်၊ ကျုပ်တို့ ဒီသကြားလုံးတွေကို ကော်ဖီသောက်ဘာလို့ သဘောထားပြီး စားကြတာပေါ့၊ ကော်ဖီဖိုးလျှော့လိုက်မယ်လေ"

ဒီလိုနှင့် ဒေါ်လှခင်ကြီး သကြားလုံးရက်ဆက်စားပြီး တစ်ည ချွဲတွေကျပ်ပြီး အသက်ရှူရပ်မတတ်ပင်ဖြစ်သွား၍ မနည်းပင်နှာနှပ်ယူရသည်။

မှိန်ပျပျအလင်းရောင်နှင့် အိမ်လေးများတန်းစီနေသည့် ဆင်းရဲသားရပ်ကွက်လေးမှာ တိတ်ဆိတ်၍နေ၏။ သူတို့တွေ၏ အိမ်တွင်းမှာရော ဒေါ်လှခင်လို ချွဲကျပ်နေကြသလားဆိုသည်ကို ဘယ်သူမှမပြောနိုင်ပါ။

သကြားလုံးတွေကိုမုန်းသည်။ အထူးသဖြင့် အရောင်စုံအသွေးစုံသောစုံသကြားလုံးအားလုံးကို မုန်းသည်။ ကိုဘမောင်၏ဘေးနားတွင် သကြားလုံးလေးများ ဝဲပျံနေကြသည်။

ထိပ်တင်လတ်


ဥက္ကမင်းဆက်
လမ်းပြမှတ်တိုင်

# လမ်းပြတ်မှတ်တိုင်

လမ်းပြတ်မှတ်တိုင်။ နာမည်နှင့်လိုက်ဖက်လွန်းစွာ လူသွားလူလာ ကားသွားကားလာများကလည်း ပြတ်လွန်းလှချေသည်။ သူ ဤမှတ်တိုင်သို့ ရောက် နှင့်နေသည်မှာ မိနစ်နှစ်ဆယ်ခန့်ရှိပေပြီ။ လူတစ်ယောက်မှ မတွေ့သေးသ ကားတစ်စီးမှလည်း ဆိုက်မလာသေးပါ။

အားလုံးပြတ်လပ်နေသလို ဤယနေ့တွင်မှ သူကိုယ်၌ကိုကလည် ပြတ်လပ်လွန်းနေသည်။ မနက်ကတည်းက ဘာမှမစားရသေး၊ အိတ်ကပ် တွင်လည်း ဘတ်စ်ကားခကလွဲ၍ အပိုငွေမရှိ။ ဒီတော့ သူစီးရမည့် ခေါက် ကျဲလွန်းလှသော စီးရေနည်းလွန်းလှသော ဘတ်စ်ကားကိုသာ စိတ်ရှည်ရှည်



အား၍ စောင့်ဆိုင်းရပေတော့မည်။

ထိုအချိန်မှာပင် လူတစ်ယောက် သူရပ်နေရာ မှတ်တိုင်သို့ ကုပ် ချောင်းကုပ်ချောင်းနှင့် လျှောက်လာသည်။ အဖော်တော့ရပေပြီ။

"တအား ဆူညံနေတာပဲနော်"

"ဗျာ"

ထိုသူပြောလိုက်သည်ကို သူနားမလည်ပါ။ ဤနေရာတွင် ဒီမျှ လောက်တိတ်ဆိတ်နေပါလျက်ကယ်နှင့် တအားဆူညံနေသည်ဟု အဘယ် ကြောင့်ပြောပါလိမ့်။

"ခင်ဗျားရော မဆူညံနေဘူးလား"

"အင် ဟင့်အင်း ဘာသံမှမကြားဘူး"

ထိုသူက သူ့ကိုစိုက်ကြည့်၏။

"ခင်ဗျား နားမကောင်းဘူးထင်တယ်၊ ကောင်းတယ်ဗျာ၊ ကျုပ်လည်း ခင်ဗျားလို နားခပ်လေးလေးဖြစ်ချင်တယ်"

"အာ. . ကျုပ်နားက အကောင်းကြီးပါဗျ"

သူက မကျေမနပ်နှင့် ပြန်ပြောလိုက်သည်။ ထိုသူက

"နားကောင်းရင် ကြားရမှာပေါ့ဗျ၊ ဒီလောက်ဆူညံနေတာ"

"မဟုတ်ဘူးလေ၊ ခင်ဗျား ဘာသံတွေ ကြားနေရလို့တုန်း"

"ကမ္ဘာကြီးလည်နေတဲ့အသံလေ၊ တကျွီကျွီနဲ့ ဝင်ရိုးတွေကလည်း ဆီသုတ်တာကြာပြီနဲ့တူတယ်၊ ကြားရတာ နားကလောလိုက်တာ၊ အား ပိုဆိုး တာပြီဗျ၊ ဒီနေရာက အသံပိုကျယ်သလားမသိဘူး၊ လစ်မှ"

ထိုသူက ပြောပြောဆိုဆို နားနှစ်ဖက်ကို လက်နှင့်အုပ်ပြီး ကုပ်ချောင်း ကုပ်ချောင်းနှင့် ပြန်ထွက်သွားသည်။ ဒီတော့မှ သူလည်း သက်ပြင်းချနိုင်တော့ သည်။ ထိုခဏမှာပင် လူတစ်ယောက် ကုပ်ချိကုပ်ချိနှင့် ရောက်လာပြန်သည်။

"ဗိုး မောလိုက်တာဗျာ"

ထိုသူက ရောက်မဆိုက်ပင် အကျႌအပေါ်ကြယ်သီးတစ်လုံးကို ဖြုတ်ပြီး ကော်လံကို လက်နှစ်ဖက်နှင့်လှုပ်ခါ၍ ပြောသည်။

"ကျုပ်က သိပ်အပင်ပန်းခံလို့ မရဘူးဗျ၊ ဒီကောင်က ကျွပ်ပင်ပန်း

*ကြွက်ဖလောင်းလေ၊ ကြွက်ဖလောင်းပေါ့၊*
*ကျုပ်ခေါင်းထဲက ကြိုးတွေကို ဝင်ကိုက်နေတာ၊*
*ခင်ဗျားကိုရော မကိုက်ဘူးလား၊*

နေရင် နွမ်းနယ်နေရင် အခွင့်ကောင်းယူပြီး ကိုက်တော့တာပဲဗျ"

"ဗျာ"

"ခင်ဗျားကောင်ရော အေးဆေးပဲလား၊ ကျုပ်ကောင်ကတော့ဆိုးသဗျ ခေါင်းထဲမှာ နှစ်ဆယ့်လေးချောင်းရှိတာ ရှစ်ချောင်းကို ကိုက်ဖြတ်လိုက်ပြီ"

ထိုသူပြောနေသည်များကိုလည်း သူနားမလည်ပါ။ သူက မရဲတရဲ နှင့်

"ဘာကောင်လဲဗျ၊ ခင်ဗျားကို ကိုက်နေတာ"

ထိုသူက စိတ်ပျက်သလိုနှင့် မသက်မသာပြန်ကြည့်ပြီး

"ကြွက်ဖလောင်းလေ၊ ကြွက်ဖလောင်းပေါ့၊ ကျုပ်ခေါင်းထဲက ကြိုး တွေကို ဝင်ကိုက်နေတာ၊ ခင်ဗျားကိုရော မကိုက်ဘူးလား၊ အား ပြတ်ပြန်ပြီဗျို့ တစ်ချောင်း၊ မဖြစ်ဘူး၊ မဖြစ်ဘူး သွားတော့မယ်"

ထိုသူလည်း ကုပ်ချိကုပ်ချိနှင့် ပြန်ထွက်သွားပြန်သည်။ သူတစ်ယောက် တည်း စိတ်ညစ်ပြီး ကျန်နေခဲ့သည်။ ဒီနေ့မှ ဘယ်လိုအူကြောင်ကြားတွေနဲ့ လာတွေ့ရသလဲ မသိဘူးဟု တွေးရင်း တစ်ချက်တော့ ပြုံးလိုက်မိသေးသည်။ ဗိုက်ကလည်း ဆာလှပြီ၊ ကားကလည်း မလာသေး၊ အင်း ဒုက္ခ။

လူတစ်ယောက် ကုပ်ကွကုပ်ကွနှင့် လာနေပြန်ပြီ။ ဝဝတုတ်တုတ် ခန္ဓာ ကိုယ်ကြီးနှင့် ဆံပင်ရှည်ကို အနောက်မှာစည်းထားသော ထိုလူကြီးသည် ခပ်လှမ်း လှမ်းမှပင် သူ့ကို ပြုံး၍နှုတ်ဆက်၏။ သူကလည်း အလိုက်သင့်ပြန်ပြုံးပြလိုက် သည်။

"ဖိတာကတော့ ကိုယ့်ဘက်ကချည်းဖိတာပဲ ဟော့ကောင်ရေ ဂိုးသွင်း မှသာ သူများက သွင်းသွားတာ ဟားဟား"



ဤလူကြီးကတော့ ဘောသမားကြီး ဖြစ်ဟန်တူသည်။

"ဒိုင်လူကြီးတွေကလည်း မျက်နှာလိုက်လွန်းတယ်ကွာ၊ ဟိုမှာ တိုက် အိမ်ကြီးတွေ့လား"

လူကြီးက ခပ်လှမ်းလှမ်းမှ နန်းတော်ကြီးတမျှ ခမ်းနားထည်ဝါလှ သော တိုက်ကြီးတစ်လုံးကို လက်ညှိုးထိုးပြသည်။

ဆင်ဝင်အောက်၌ နောက်ဆုံးပေါ် ဇိမ်ခံကားသစ်ကြီး တစ်စီးလည်း တိုးဆိုက်ထား၏။

"အဲဒီတိုက်အိမ်ကြီးက ဇိမ်ခံကားစီးပြီး ဟမ်းဖုန်းမပြတ်ဆက်နေ တတ်တဲ့ လူကြီးကိုတော့ မကြာခဏ ပယ်နယ်တီပေးတယ်ကွာ၊ ငါတို့များကျ တော့ ဂိုးစည်းထဲမှာ ညှို့သကျည်းရိုက်ချိုးခံလိုက်ရတာတောင်မှ အနီကဒ်ပါ ပြခံထိလိုက်သေးတယ် ဟား ဟား ဟား"

လူကြီးက သူ့ဟာသူပြောပြီး သဘောကျစွာဖြင့်ရယ်၏။

"ငါ အခုလေ့ကျင့်နေတယ်၊ ကိုယ့်ဂိုးစည်းကနေ တစ်ဘက်ဂိုးထဲဝင် သွားအောင် ကန်နိုင်တဲ့နည်းကို၊ ဒါမှ လူကျံ့ဘောတို့ ဘာဘောတို့ ညာဘောတို့ ပေးလို့မရမှာ၊ ဟုတ်တယ်မဟုတ်လား၊ ဟား ဟား ဟား သွားကျင့်လိုက်ဦး မယ်ဟေ့ ဟား ဟား"

လူကြီးသည် အသံကျယ်ကြီးနှင့် ရယ်မောပြီးထွက်သွား၏။ လူကြီး နှင့်တွေ့လိုက်ရသည့်အတွက် သူ့စိတ်ထဲကတော့ နည်းနည်းမြူးသလို ဖြစ်သွား သည်၊ သို့သော် ထိုအမြူးမှုက ခဏသာခံသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ယောက် ကုပ်ကိုင်းကုပ်ကိုင်းနှင့် ရောက်ရှိလာပြန်သောကြောင့် ဖြစ် သည်၊

"ဟေ့လူ ခင်ဗျားကိုယ်က တဖျတ်ဖျတ်ဖြစ်နေပြီ သတိထားဦး"

ဘောသမားလူကြီးကြောင့် ပြုံးစေ့စေ့ဖြစ်နေသော သူ့ကိုကြည့်ပြီး ထိုသူက ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းသလို ပြောဆိုလိုက်သောကြောင့် သူ့ကိုယ်ကို သူပြန်ပြီး ငုံ့ကြည့်မိသည်။ ဘာမှမဖြစ်။

"ခင်ဗျားဗိုက်ထဲက ဘက်တီရီးက အားကုန်ခါနီးနေပြီ"

ဒီလူနှယ် ဘယ်က ဘက်တီရီးရမှာလဲ မနေ့ညနေကတည်းက အခုချိန်

ထိ ဘာမှမစားထားလို့ အားပြတ်သလို ဖြစ်နေတာ၊ ဒီမှာ ဆာနေရတဲ့ကြား...
ဤစကားများကို စိတ်ထဲမှသာ ပြန်ပြောလိုက်ခြင်းဖြစ်သည်။ နှုတ်ကတော့
ဘာမှ မပြောဖြစ်။ သူ ဘာမှလည်း ပြန်မပြောချင်ပါ။

"ကျုပ်လည်း ခင်ဗျားလိုပဲဗျ၊ ကိုယ့်ဘဏ္ဍာရီကို ကိုယ်ဂရုမစိုက်ဘဲ ...
ပေတေတေနေတာ၊ တစ်ခြမ်းကျွမ်းသွားမှ သတိထားရကောင်းမှန်း သိတော့
တယ်၊ ဒီမှာကြည့်ပါလား"

ထိုသူက သူ့မျက်နှာကိုသူ လက်ညှိုးနှင့်ပြန်ထိုးပြပြီးပြောသည်။ ...
သူ၏မျက်နှာက တင်းတိတ်များ နေလောင်ကွက်များနှင့် မွဲခြောက်နေသည်။ ...
ကတော့ စဉ်းစားနေသည်။ ဒီနေ့ ဒီနေရာတွင် ဘာကြောင့်များ မူလီချောင်...
သည့်သူများနှင့် ကြုံကြုံဖန်ဖန် လာရောက်ဆုံတွေ့နေပါလိမ့်ဟု ဆိုပြီး

ထိုအချိန်၌ စောစောကတိုက်ကြီးထဲမှ ဇိမ်ခံကားကြီး မောင်းထွက်
လာသည်။ အသားအရည်စိုပြည်ဝင်းမှည့်နေသော လူကြီးတစ်ယောက်က
ကားကြီးကို စတိုင်ကျကျ မောင်းသွားသည်။

"ဟိုလူကြီးတွေ့လား၊ လင်းနေတာပဲ အဲဒါလည်း သိပ်မကောင်းဘူး
ကိုယ့်လူ၊ လိုတာထက်ပိုလင်းတယ်ဆိုတာ ကျွမ်းခါနီးလို့ပဲကိုယ့်လူ၊ ခင်ဗျား
တဖျတ်ဖျတ်ကြီးလည်း တယ်မကောင်းဘူးဗျ၊ ကြည့်ရတာ အခန်းပျက်နေပြီ...





...တယ်၊ ကျုပ်လည်း အားသွားသွင်းလိုက်ဦးမယ်"

ထိုသူ ကုပ်ကိုင်းကုပ်ကိုင်းနှင့် ပြန်ထွက်သွားသည်။ သူ ခေါင်းများ
...ောက်နေသည်။ ဗိုက်ထဲကလည်း တဂွီဂွီတဂွမ်ဂွမ်နှင့် အဆိုးရွားဆုံး အခြေ
...နေများကို အော်ဟစ်ပြောဆိုနေသည်။ ဘတ်စ်ကားကတော့ မလာသေး။
...ောက်ကိုသူ ပြန်ထောင်ကြည့်သည်။ မျက်စိထဲတွင် ကြယ်လမြင်သလို ပြိုး
...က်လက်လို့နေသည်။ ချွေးသီးချွေးပေါက်များက အဆမတန် ထွက်ကျလာ
...သည်။ ပူပြင်းတောက်ပသည့် နေရောင်ရှိန်ကြောင့်လားတော့မသိ။ သူ၏
...သားအရည်များက ပို၍လင်းလက်လာသယောင် ထင်ရသည်။ နားထဲ၌
...ည်း တကျွိကျွိအသံများ ကြားလာရ၏။ ဘုရား ဘုရား ဒါကမ္ဘာကြီးလည်နေ
... အသံတွေပဲဖြစ်မယ်၊ ခေါင်းထဲကလည်း တဆစ်ဆစ်နာလာသည်။

"ထောက်"

ဟာ ခေါင်းထဲက ကြိုးတစ်ချောင်းပြတ်သွားပြီ၊ ကြွက်ဖလောင်း
...ချက်ပဲ၊ ဟင် ငါ့ကို ဘယ်သူ အနီကဒ်လာပြနေတာလဲ၊ သူ နောက်ဆုံး
...ရသည်ကတော့ ဦးခေါင်းထဲမှ မိုက်ခနဲဖြစ်သွားပြီး မျက်စိအစုံ၌
...ပတ်လို လည်သွားခြင်းကိုပင်။

× × ×

မိတ်ဆွေ. .


လမ်းပြတ်မှတ်တိုင်၌ အားပြတ်၍လဲနေသော လူတစ်ယောက်
...တွေ့ပါက ပထမဦးဆုံး သူ၏ဦးခေါင်းထဲမှ ကြွက်ဖလောင်းတစ်ကောင်ကို
...ပေးလိုက်ပါ။ ပြီးလျှင် နားနှစ်ဖက်လုံးကို ဂွမ်းဖြင့်နာနာဆို့၍ သူ၏
...ိုက်ထဲမှ ကုန်ခမ်းနေသော ဘတ္တရီကို အားပြန်သွင်းပေးလိုက်ပါ။ ဘတ္တရီ
...ပြည့်သွားပြီဆိုလျှင် သူ့ကို ပယ်နယ်တီတစ်လုံးလောက်တော့ စိတ်ကြိုက်
...ပြီး ကန်ခွင့်ပြုလိုက်စေလိုပါသည်။

ဥက္ကာမင်းဆက်

(...ောဝတ်အလင်းမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၅)၊ ဇွန်လ၊ ၂၀၀၅ခုနှစ်)

# အဂ္ဂသူရာစည်သူပါလွှား

## ဝိုက်တာမန်



# ဗိုက်တာမန်

စိတ်မပါလျှင်စာမရေး။ မပါဘဲရေးလျှင်မကောင်း။ မကောင်း
ဆိုမရေး။ မရေးတာကြာတော့ စိတ်ကမပါ။ စိတ်မပါလျှင်စာမရေး။ ကဲ
ဂျာအေး သူ့အမေရိုက် ကဗျာလို ဒီလိုနဲ့ပဲ လုံးခြာလည်လိုက်နေတာ တ
တစ်ခါ အလွန်ကိုကြာသဗျ။ ဒီတော့ကာ စာပေရေးသားခြင်းတစ်ခုတည်
အသက်မွေးဝမ်းကြောင်းမှုပြုနေတဲ့ အဂ္ဂသူရာစည်သူပါမွှားဆိုတဲ့ငနဲ မ
ရှိုးလား။

တောကရောက်လာတဲ့ ကျွန်တော့်အဖေဆို 'မင်းကိုကြည့်ပြီး
တစ်နေ့ထက်တစ်နေ့ ပိုပိုအိုလာတော့တာပဲကွာ'လို့ကို ညည်းတွားယူရ
ကျွန်တော့်ပုံကလည်း ကြည့်ဦးလေ။ ကလောင်တန်တစ်ချောင်းကို
မျောက်မှိုင်မှိုင်ပြီး တစ်နာရီလည်း တစ်လုံးမပြီး နှစ်နာရီလည်းတစ်ကြောင်း
ကဲ မြင်နေရသူအဖို့ကတော့ စိတ်ညစ်စရာကြီးကို ဖြစ်နေတော့တာပေါ့။

သူ့ဆန္ဒက များများရေး များများပေး ဘယ်စာစောင်ဘုတ်အု
လှန်လှန် ကျွန်တော့်ရဲ့ကလောင်အမည်တစ်ခုခုကို ပြူးပြူးပြဲပြဲ ထူးထူး



တွေ့ချင်သတဲ့ဗျ။ အခုဟာက ရေးနေကျဘုတ်အုပ်လေး တစ်ခုနှစ်ခုမှာတောင်
အယ်ဒီတာမင်းများက ချော့၍တစ်မျိုး ခြောက်၍တစ်သွယ် မြှောက်၍တစ်
ည်း ငေါက်၍တစ်ဖုံ နည်းမျိုးစုံသုံးလို့ အဆမတန် တွန်းအားပေး လောဆော်နိုင်
မှန်းလို့သာ မဖြစ်ညစ်ကျယ်လေး ရေးဖြစ်နေတာကလား။ ဒီအတွက်တော့
ကျေးဇူးကြီးမားလှပါတယ် ဆရာတို့ရယ်။

ကဲ ခါနာဆောလူးလေးမှန်ဖို့အတွက် ခပ်သွက်သွက်ရေးနေသင့်တဲ့
သုံးချင်းအပိုင်းမှာကျတော့ရော။ ဘာထူးလဲ။ ဒီအတိုင်းပါပဲဗျာ။ ထုတ်ဝေသူ
ကိုကိုမမတို့ခမျာ လျှာအမြှုပ်ထွက်မတတ် သံပတ်ပေးနေရရှာတာပါပဲ။ အဲ
ဒလောက်ကို အသုံးမကျတဲ့ကောင်။

သို့သော်လည်း နိုင်ငံခြားသား စာပေဝါသနာရှင်တစ်ယောက်နဲ့တွေ့
တော့ တစ်မျိုးဖြစ်နေပြန်တယ်ဗျ။ ကျွန်တော်က ဆယ်နှစ်အတွင်း လုံးချင်း
ဆယ်အုပ်ပဲထွက်နိုင်ပါသေးတယ်လို့ စိတ်ပျက်လက်ပျက်ပြောတော့ သူက
ဒင် ရေးနိုင်လှချည်လားတဲ့။ ကဲ။

ကျွန်တော် ဂမ္ဘီရတွေရေးတဲ့အကြောင်း သိသွားတော့ ဟာ ဒါဆိုရင်
တော်တော်ချမ်းသာမှာပေါ့။ သူတို့ဆီက ဟယ်ရီပေါ်တာရေးတဲ့ စာရေးဆရာမ
ဂျေကေရိုးလင်းဆို ခြောက်အုပ်ထဲရေးပြီး ဘီလျံနာဖြစ်သွားတယ်ဆိုပြီး ထပ်
ညွှပ်သွားသေးသဗျ။ အောင့်သက်သက်ကို ဖြစ်ကရောပဲ။

ထားလိုက်ပါတော့ဗျာ။ သူတို့မှာမှကို မဟုတ်ပါဘူး။ ဒီမှာလည်း
ဘီလျံနာမဖြစ်ပေမယ့် စာရေးခြင်းနဲ့ အလွန်အလုပ်ဖြစ်နေသူတွေ ရှိပါတယ်။
အချို့ဆိုရင် စာမရေးဘဲ ဘာတစ်ခုမှရေးလို့လည်း မတတ်ဘဲနဲ့ကို ရှဲတွေအသုံး
ချပြီး ကျိကျိတက်ကြီးပွားချမ်းသာနေတဲ့သူတွေတောင် ရှိသေးရဲ့။

ဒါကြီးက တော်တော်ကြီးကိုတော့ မကောင်းပါဘူး။ သို့သော်လည်း
အပေါ့ဗျာ။ ကိုကိုရဲ့ မမရဲ့တို့ကလည်း တစ်မျိုးဗျ။ ခင်ဗျားတို့ဗျာ ကိုယ့်ဘာသာ
ကိုယ်ထုတ်ကြပါလားလို့ မေးကြည့်တော့ မျက်ကလူးဆန်ပြာ ငြင်းဆိုကြသဗျ။
ကိုယ့်နာမည်နဲ့ကိုယ်ဆိုရင် တာဝန်ကြီးတယ်။ ဒီလိုပေါပေါလောလောတွေ
လည်း ရေးဖြစ်မှာမဟုတ်ဘူး။ ဒီတော့ အလုပ်ဖြစ်မှာ မဟုတ်ဘူးတဲ့။ ကဲ မခက်လား။

အသေအချာပြန်စဉ်းစားကြည့်တော့ နှစ်ဦးနှစ်ဖက်လုံးက အချောင်



သမားတွေဖြစ်မနေလား။ အချောင်သမားချင်းတူပေမယ့် ရှဲဆရာများထက် ဟိုလူကတော့ ပိုချောင်သဗျ။ ရှဲဆရာများကတော့ မလွှဲသာလို့ ငါဝမ်းပူဆာမနေသာလို့ ပေါပေါလောလောရေးကြတယ်ဆိုသော်ငြား အူစိုရုံလေးသာ ချောင်ကြရရှာတာပါ။ တကယ့်တကယ် တိုက်ဆောက်ကားစီး မယားကြီး မယားငယ်အသွယ်သွယ်နဲ့ တင့်တယ်စွာ စံပယ်နိုင်လောက်အောင် ချောင်နေတာကတော့ ကြောင်တောင်နိုက်နည်း နိဿရည်းကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်နေတဲ့ အမည်ခံဆရာတွေပါပဲ။

ကဲဗျာ။ ကိုယ်မကောင်း သူမကောင်းအကြောင်းတွေနဲ့ လေရှည်နေလိုက်တာ ပျင်းစရာတောင် ကောင်းနေပြီ။ ကိုင်း ဒီလမှာတော့ ဘုရားဟောငါးရာငါးဆယ်နိပါတ်တော်များထဲက ကြောင်တောင်နိုက်ပြီး ကောင်းစားခဲ့တဲ့ သတို့သားတစ်ယောက်ရဲ့အကြောင်း မိတ်ပေါင်းဆွေသဟာ အများသိကြစေဖို့ တိတနိပါတ်တော်လာ ဒူတဇာတ်မဟာကို ထပ်တစ်ခါ အထူးအားသွင်းပြီး နယူးဘားရှင်းလိုက်ရကြောင်းပါဗျာ။

ဗာရာဏသီမှာ ဗြဟ္မဒတ်မင်းစိုးစံစဉ်ကာလ ထိုမင်းမှာ ဘောဇနဆိုတဲ့ အမည်သညာနဲ့ သားရတနာတစ်ပါး ရှိလေသတဲ့။ ဗြဟ္မဒတ်မင်းကံကုန်လေတော့ ထိုသားတော်လည်း 'ဘောဇနသုဒ္ဓိ'ဆိုတဲ့အမည်နာမနဲ့ ပြည်သာယာလှပအောင်ဆောင်ကျဉ်း မင်းအဖြစ်သို့ ရောက်ခဲ့ပေတော့တာပေါ့။

အနို့ဘောဇနဘုရင်အကြောင်း မနေဟဒယရွှင်စွာနဲ့ ပြောရလျှင်တော့ ဝတ်ပြတ်ဆင်းရဲသူများ ဒေါ်ပွချင်စရာကောင်းလောက်အောင် ကြောင်



တောင်တောင်အပြုအမူတစ်ခု ရှိလေသတဲ့ဗျာ။ အဲသဟာ ဘာလဲဆိုတော့ အသပြာတစ်သိန်းတန် စီမံထားတဲ့ စားတော်ပွဲကြီးကို သူဟာသူနန်းတော်ထဲ အေးအေးလူလူပွဲတော်တည် မဆွဲဘဲနဲ့ နန်းတော်ရှေ့မဏ္ဍာပ်ထိုး မိဖုရား ောင်းမမိသံ ရံရွေတော်အမျိုးသမီးလေးတွေခြံရံလို့ တိုင်းသူပြည်သားလူအများ ေ့မှာ မြိန်မြိန်ကြီးစားပြဝါးပြလေတာပါပဲ ပရိသတ်။

လူတွေက သူ့ကြည့်ပြီး သွားရည်ကျ၊ မယားတွေ ပူးကပ်နွေးပြီး ခူး ဆ်ကျွေးသမျှ စားဖွယ်ဘောဇဉ်တို့ရဲ့အနံ့အရသာကလည်း သင်းပျံ့မွှေးကြိုင် ုန်းလှတာ နှိုင်းပြစရာတောင် မရှိဆိုတော့ ရှုမြင်သူပရိသတ်ခမျာ အူကလီစာ အထိ ကလိကလိဖြစ်ကြရတော့တာပေါ့။

ဟယ် ဒီဘုရင်ကလည်း ပြည်ချဉ်စရာ စားနိုင်ဝါးနိုင်တာကိုများ ကြွားလှိုင်နေလိုက်တာ။ သူဟာသူ ကျိတ်မဝါးဘဲ ပြည်သူတွေကစိတ်ဝင် းအောင် သိပ်ကြွားတဲ့လူ ဆိုပြီး မြူစုစိတ်ဝင်လို့ မချစ်ခင်တဲ့သဘော အပြစ် င်မပြောလိုက်ကြပါနဲ့။ အမှန် သူ့သဘောက ဟောသလို ငါစားနိုင်တာ ဘုန်းရှေးကံပါလာလို့ပဲ။ ဘုန်းကံဆိုတာကလည်း အတိတ်ကာလများဆီက သီလ ဘာဝနာကောင်းခြင်းများစွာပေါင်းစု ကောင်းမှုကုသိုလ်တွေ ပြုခဲ့ လကွဲ့။ မောင်မင်းတို့လည်း နောင်သံသရာမှာ ပေါင်နှံ့စရာမလိုဘဲ ငါ့လို ကောင်းစားချည်းဆွဲနိုင်အောင် သတိဆောင်ကြီးစားအကျိုးများအောင် လုပ် ြလကွဲ့ဆိုတဲ့သဘော စာကြောနိုင်အောင် ပမာဆောင်အသွားလှစေဖို့ ဝါးပြ ရတာတဲ့ဗျ။ အောင်မယ်မင်း သင်းလိုက်တဲ့စေတနာ။

တစ်သိန်းတန်ပွဲတော်စာဆိုတာ ခုနေခါများမှာတော့ အထူးတလည် ပြောပြီး ခမ်းနားနေတာတော့ မဟုတ်ပေဘူး။ ထိပ်တန်းဟိုတယ်ကြီးပေါ်တက်။ ာက်စ်၊ ဘလူးလေဘယ်လ်၊ ဟန်နက်ဆီ၊ နှစ်သက်ရာဝီစကီသုံးဆောင်လို့ န်းတောင် ငါးဆီပေါင်း ကောင်းနိုးရာရာလေး မှာလိုက်ရုံကလေးနဲ့တင် ှာခနဲပြေးထွက်သွားမယ့်ကိစ္စ။ ဟိုးပဝေသနီကာလဆီကတော့ သာမန်လူ ်ယောက်ဆီမှာ တစ်မူးတစ်ပဲရှိရုံနဲ့ ပလူးပလဲ ပျော်ပါးမော်ကြွားနိုင်တာဆို ာ့ တစ်သိန်းတန်ဆိုတာ ဘယ်လိုဟာမှန်း တွေးလို့တောင်မရပါဘူး။ သော်လည်း နတ်သုဒ္ဓါကဲ့သို့ ရသတဏှာထူးနေမယ်ဆိုတာကိုတော့ ခန့်မှန်း

လို့ရလောက်လေသဗျ။

ကဲ ထားလိုက်တော့။ တစ်နေ့သားမှာတော့ အစားခုံမင် မြင်ရုံနဲ့အသားတုန်ချင်တဲ့ ဇနပုဒ်သားတစ်ယောက်ဟာ ဘုရင်ကြီးစားတော်တည်ရာ သဲဖြူခင်း ရာဇမတ်ကာထားတဲ့ မဏ္ဍာပ်ရှေ့မှောက် ရောက်လာပါလေရောလား။ တောသားဆိုတော့လည်း သဟာ ဘာလဲဆိုတာ မသိတော့ အနားရှိတဲ့ လူတစ်ယောက်ကို မေးစမ်းကြည့်ရတော့တာပေါ့။

"ဒါ စတုဒီသာလားဗျ၊ ချိုချဉ်ခဲဖွယ်တွေနဲ့ ခင်းကျင်းထားလိုက်တာ သွားရည်တောင်ယိုချင်လာပြီ၊ ဟို တိုကင် ဘယ်မှာကမ်းသလဲဟင်"

"သယ် ဘယ်ကလာ စတုဒီသာရမှာလဲ၊ အခုဒီမှာလုပ်ထားတာက ဘုရင်မင်းတရားတစ်ပါးတည်း ဝါးတီးဖွင့်ဖို့ ပြင်ထားတာပဲကွ"

"အို ဘယ့်နှယ် တကယ့်ဟာကြီးပါလား၊ သူ့ဘာသာအပီဝါးမယ့်ဟာ ပြည်သားတွေကို ခေါ်တိုးခိုင်းပြီး ဖော်ရှိုးလှိုင်းနေတာ မမိုက်ပါဘူးဗျာ"

"ဟေ့ကောင် မိုက်ချင်မိုက်၊ မမိုက်ချင်နေ၊ သူ့ဘုန်းသူ့ကံနဲ့ထိုက်ပေလို့ အကောင်းစားအဆီအသားတွေကို ကိုက်နေတာ စရိုက်တောင် သေနေပြီလကွ"

"အင်း ရေမြေမပီပိုင်နင်းတဲ့ ရာဇမင်းဆိုတော့လည်း သင်းလုပ်ချင်ရာလုပ်နေနိုင်သပ၊ ဒါကတော့ ဟုတ်ပါပြီ၊ နို့ ခင်ဗျားတို့က ကိုယ့်လည်းမကျွေးဘဲနဲ့ သူ့ဟာသူ လွေးနေတာ ဘာကြောင့်လာငေးနေကြတာလဲဗျ"

"တွေးပြီးမြိန်ချင်လို့ပေါ့ကွာ၊ ကိုယ့်မှာ ဆန်နီကြမ်းငပိရည်နဲ့ ကန်စွန်းရွက်ရေလုံပြုတ် တစ်လုပ်စားနိုင်ဖို့ မနည်းကြီးကို လုပ်နေရတာ အရသာဆိုတာ ဘာမှန်းကို မသိပါဘူး။ ဒီတော့ သူ့ကြည့်ပြီး ခဏတာ အရသာလာခံနေတာကွ"

သို့ကလို ပြောဆိုနေကြတုန်းမှာပဲ ဖြူန်းဆို မင်းတရားကြီးရောက်လာပြီး သူတစ်ကိုယ်တည်း နွဲ့ပျော်စရာ ပွဲတော်မဟာကို ဆင်ယင်ကျင်းပလို့ မြင်သူတကာအားကျအောင် စားပြဝါးပြတော့တာပါပဲ ပရိသတ်။ အဲဒီမှာ ဇာတ်က စတော့တာပါပဲ။

ကျုပ်တို့ရဲ့ ဇနပုဒ်ငနဲကလည်း ဘုရင်ပွဲတော်တည်ဝါးပြတာနဲ့ နဂိုအစားခုံမင်သူဆိုတော့ အသားတုန်လာတော့တာပေါ့။ သွားရည်တွေကလည်း တမြားမြားကျ၊ ဟယ် မစားရရင်ဖြင့် မနေနိုင်တော့ဘူး ရှူးတော့မယ်ထင့်





ကျုပ်တို့ရဲ့ ဇနပုဒ်ငနဲကလည်း
ဘုရင်ပွဲတော်တည်ဝါးပြတာနဲ့
နဂိုအစားခုံမင်သူဆိုတော့
အသားတုန်လာတော့တာပေါ့။
သွားရည်တွေကလည်း တမြားမြားကျ
ဟယ် မစားရရင်ဖြင့် မနေနိုင်တော့ဘူး

သင့်ချင်တဲ့ပြစ်ဒဏ် ဘာဖြစ်ဖြစ်ကျခံမယ်၊ သေရမည်ကိုတောင်ဝန်မလေးချင်ဘုရင့်ပွဲတော်စာကိုတော့ လွေးဖြစ်အောင်လွေးမယ်၊ သို့နှယ် ဆုံးဖြတ်ချက်ချ 'တမန်တော်ဗျ တမန်တော်ဗျ' လို့ထအော်ပြီးသကာလ ခပ်တည်တည် ဝင်ချသွားပါလေရောလား။

ကိုင်း တမန်တော်ဆိုပြန်တော့ ဘယ်နိုင်ငံကများ ဘယ်လိုအကြောင်းအရာတွေနဲ့ ဘယ်လိုဇာတ်တွေသယ်ဆောင် ဘယ်လိုသောကောင်ကြီးလဲဆိုတဲ့ အတွေးများနဲ့ ဘုရင့်ကိုယ်ရံတော်တပ်သားများမှာ မတားဝံ့ကြရှာဘဲ ယောင်နနကြောင်အမ်းအမ်းဖြစ်လို့နေတာပေါ့။

ဘာပြောကောင်းမလဲဗျာ။ သကောင့်သားလည်း အားလုံးကိုခြောင်းဆန်အောင် ကျော်လွှားလို့ ဘုရင့်အနားဝင်ထိုင် ပွဲတော်အုပ်ကိုကိုင်ပြီးသကာလ ပွဲတော်စာများကို ဘာမပြောညာမပြောဘဲ အားရပါးရဆွဲဆက်စားတော့မှ ခုံမက်များလည်း မျက်လုံးပြူး မျက်ဆန်ပြူး ကမူးရှူးထိုး သဖန်းပိုးတွေဖြစ်ကုန်ကြတော့တာပေါ့။

"ဟ လုပ်ကြပါဦး၊ တမန်ဆိုပြီး ဘုရင့်ဟာကြီး လှန်နေပြီဗျ"

"ဘာလှန်တာတုန်း ငအုန်းရာ၊ မင်းဟာက မရှင်းမရှင်းနဲ့"

"ပွဲတော်အုပ်ဆောင်းကို လှန်တာပြောတာဗျ ဝရီးရဲ့"

"ခွီးတဲ့မှပဲ လှန်ရုံမကလို့ ထည့်တောင်ထည့်နေမင့်ဟာကို"

"ဘာ ဘာထည့်တာလဲဟင်"

"မင်းမမြင်လား၊ သူ့ပါးစပ်ပေါက်ကြီးထဲ ပွဲတော်စာတွေ ထိုးထည့်နေ

တာလေ"

"မရှင်းမရှင်းနဲ့ဗျာ"

သို့ကလို ဆူညံပွက်လောရိုက် ပွဲပျက်တော့မှ ရဲမက်များလည်း လက်နက်များဆွဲပြီး ငမိုက်သားနေဲကို အပိဖြဖို့ သတိရကုန်ကြတော့တယ်။

"သယ် ဘုရင့်ဟာ ကျောင်းတောင်ဝင်နိုက်၊ ဒီလောက်ကြီးမိုက်နေ တော့ တမန်သောဘာသော ညှာမနေနိုင်တော့ဘူး၊ အထူးအကြောင်းမှတ်ရအောင် ဦးခေါင်းဖြတ်ကြစို့ဗျာ"

အကြီးအကဲရဲမက်ကြီးက ဤသို့နှယ် ဓားလွယ်ချွတ် ကြွေးကြေ လိုက်တယ်ဆိုရင်ပဲ ကျန်ရဲမက်များလည်း တစ်ဖွဲ့ဖွဲ့ချွတ်ကုန်ကြတော့တာပေ ဗျာ။ ဓားအိမ်က ဓားကိုပြောတာဗျနော်။

"တော်တန်တိတ်ကြစမ်းကွယ်ရို့"

ဘုရင်ကြီးက ဟန့်လိုက်တာဆိုတော့လည်း တန်းလန်းကြီး တန့်ကုန် ကြတာပေါ့ဗျာ။

"ဒီမျှလောက် ရဲတင်းသောသူငယ်ကို ငါကိုယ်တော်မေးစမ်းကြည့် ပါရစေဦး ဟဲ့ မောင်မင်း"

"ဖဝါး"

သူ့ခမျာ ထမင်းလုပ်ကြီး နင်နေရှာလို့ ဘုရားတောင် ပီအောင်မထူး နိုင်ပေဘူး။

"မောင်မင်းက တမန်တော်ဆိုပဲ၊ ဘယ်တိုင်းဘယ်ဌာနက တမန် တော်လဲဆိုတာ အမြန်သံတော်ဦးတင်စမ်းလကွဲ့"

"မှန်လှပါဘုရား၊ အရမ်းမိုက်တဲ့ဟောဒီငမိုက်သား ကျွန်တော်မျိုး ဟာ ဝမ်းဗိုက်ရဲ့တမန်တော်ပါဘုရား"

"ဝမ်းဗိုက်တမန်တော် ဟုတ်စ၊ ဒါဆိုရင် မောင်မင်းက ပန်းလှိုင်ဆေး ရုံကလား၊ သို့တည်းမဟုတ် SSC ကလား"

"မဟုတ်ကြောင်းပါဘုရား"

"သဟာဆိုလျှင်ဖြင့် ရွှေရိုးစဉ်လာ ဂျမခါနာကများလား"

"အရှင်မင်းကြီး ထင်မြင်သလို ကိုယ်ဝန်ဆောင်ဗိုက်ကြီးသည်များနဲ့



ဆက်ဆိုင်ပါဘူးဘုရား၊ ကျွန်တော်မျိုးသည်ကား ပြင်းထန်စွာ ဆာလောင်မွတ်သိပ် နေတဲ့ ဟောဒီဝမ်းဗိုက်ကြီးရဲ့ တမန်တော်ပါဘုရား တမန်တော်ပါ ဘုရား"

"ငါကိုယ်တော် သဘောမပေါက်ဘူးကွယ်ရို့"

"ဒီလိုပါဘုရား၊ ဇာတိအစ မရဏအဆုံး ဒုက္ခနဲ့မခွဲမခွာ တွဲကာနေ တဲ့ သတ္တလောကမှာ ဟောဒီဗိုက်ကြီးဟာ ပြဿနာအရှာဆုံးပါပဲဘုရား။ ဝမ်းဗိုက်ရဲ့လိုဘကို မလွန်ဆန်နိုင်ဘဲ ရသာတဏှာကျွန်ဖြစ်နေရတဲ့ ကျွန်တော် တို့ဟာ ဗိုက်သခင်ဗိုက်အရှင် ရွှေစိတ်တော်အမျက်မတင်းရအောင် ဆက် ခွင်းနေရတဲ့ တမန်တော်တွေပဲ မဟုတ်ပါလားဘုရား"

ဒီသို့ဒီနှယ် ခန့်ထည်ထည်ကြီး ပြောချလိုက်တော့ ဘုရင်ကြီးသဘော ဟတ်ထိသွားတော့တာပေါ့။

"ဤစကားသည်ကား မှန်လေစွ၊ သံဝေဂယူဖွယ်ပါတကား၊ သတ္တ များသည်ကား စားလိုသောတဏှာ၏စီရင်ခြင်းကို မလွန်ဆန်နိုင်သည့် ဝမ်း ဗိုက်၏တမန်များသာ ဖြစ်တော့သည်၊ သင်သည်လည်း ဗိုက်တမန်၊ ငါသည်လည်း ဗိုက်တမန် တပ်ထောင်တာဗိုလ်စုနှင့် လူထုများသည်လည်း ဗိုက်တမန်များသာ ဟုတ်ကြကုန်လော"

"ဟုတ်မှန်ကြောင်းပါ ဘုရား"

လူထုကြီးကပါ ပိုင်းဝန်းထောက်ခံတဲ့ လျှောက်သံကျယ်ကြီးအဆုံး တော့ ရွှေဘောတော်ကျနေတဲ့ ဘောဇနဘုရင်လည်း တောကျေးလက်ဇနပုဒ် ကို အထုပ်တော်များနှင့် ချီးမြှင့်မြှောက်စားလိုက်တော့ ထိုယောက်ျားလည်း ဆောက်ကြွားသွားလေသတဲ့ဗျာတို့။

ဘုရင်ကိုတောင်မရှောင် ကြောင်တောင်နိုက် ငမိုက်သားဖြစ်သော် ငြား ဆီလျော်သောစကားကို ပုံ့ပုံ့စားစားဆိုတတ်လျှင်ဖြင့် ကောင်းစားနိုင်သည့် အကြောင်း ဇာတ်တော်ကိုပေါင်းပြီးသကာလ တိတနိပါတ်တော်လာ ဒုတဇာတ် တော်ကို ရပ်တစ်ခါအနားပေးသင့်ပြီမို့ ရွာစားရေ လမ်းဆုံကဘားလေးမှာ အားမွေးကြဦးစို့ဗျာ။

အဋ္ဌသူရာ စည်သူဝါမွား



# ဟားခလုတ် မေတ္တာစာ

ဟာသစာပေရေးချင်သူ လက်သစ်လေးများအတွက် ဘုတ်အုပ်ခ
လို့ ထုတ်နှုတ်ပြစရာရှာလိုက်တော့ သမားတစ်အုပ် အားထုတ်နေတဲ့ ဟားခလုတ်
ကို တွေ့လိုက်ရသဗျာ။ သို့မို့ကြောင့်လည်း အောက်ပါဟားခလုတ် မေတ္တာစ
ကို ချစ်သဒ္ဒါပန္နက်ချလို့ လှစ်ကာဆက်သလိုက်ရပါကြောင်း မိတ်ကောင်းဆွေ
ကောင်း စာချစ်သူအပေါင်းတို့ခင်ဗျား။ ဟာသဆိုသဟာ လေ့လာလိုပါက

နွားတစ်အုပ်ကို နိုင်ရမည်။
ဟားခလုတ်ကို ကိုင်ရမည်။
နွားတစ်အုပ်ကို နိုင်မှ အာဂနွားကျောင်းသား လုပ်နိုင်မည်။
ဟားခလုတ်ကို ကိုင်မှ ဟာသ တအားအကောင်းစား ထုတ်နိုင်မည်

တော်ကီဆိုလည်း အဆတ်ပိုင်ရမည်။
အကြော်တည်ကိုလည်း အဖတ်လှိုင်ရမည်။
တော်ကီအဆတ်ပိုင်မှ မဒီစော်ပျို့ အပြေးကပ်မည်။
အကြော်တည်အဖတ်လှိုင်မှ အကြည်တော်လို အရေးနပ်မည်။



ပျိုမဒန်းကို အချိုနဲ့ဆမ်းရမည်၊
ကိုဆန်းလို အတိုနဲ့ရမ်းရမည်။(ကလောင်ကိုကို ဆိုလိုတာ)
ပျိုမဒန်းကို အချိုနဲ့ဆမ်းမှ ကညာအလှမနော၌မည်။
ကိုဆန်းလို အတိုနဲ့ရမ်းမှ ဟာသသဘောသိမည်။

လုပ်တာ ယွင်းပျက်မှာလည်း စိုးရမည်။
ဥက္ကာမင်းဆက်ဆရာလည်း ကိုးရမည်။
လုပ်တာ ယွင်းပျက်မှာကိုစိုးမှ ပျော်စရာဘဝအေးနိုင်မည်။
ဥက္ကာမင်းဆက်ဆရာကိုကိုးမှ သရော်စာအလှ ရေးနိုင်မည်။

အမြည်းသဘောကို သိရမည်။
သမီးချောလို ကလိရမည်။
အမြည်းသဘောကိုသိမှ ပုလင်းကုန်ကစ်နိုင်မည်။
သမီးချောလို ကလိမှ အတင်းစုံအညှစ်ပိုင်မည်။

တစ်သိန်းပေးဆိုလည်း မတင်းနဲ့။
မိန်းကလေးကိုလည်း မငြင်းနဲ့။
တစ်သိန်းပေးဆိုတင်းတော့ တစ်သိန်းပမာဏထက် များသွားတတ်သည်။
မိန်းကလေးကိုငြင်းတော့ မိန်းမလျှာရှေ့နဲ့ အညားဇယားကပ်မည်။

အတိုးထက်အရင်းမထွက်ဖို့ ကြိုးစားပါ။
မိုးဆက်လင်းထက်သို့ ရိုးသားပါ။
အတိုးထက်အရင်းမထွက်ဖို့ကြိုးစားမှ ပျောက်ရှမသွားဘဲ အထူးခိုင်မည်။
မိုးဆက်လင်းထက်သို့ ရိုးသားမှ ယောက်ဖများထဲ မြှူနိုင်မည်။

အစုံသုံးလို့လည်း မပျော်ပါနဲ့။
ဗိုဗလုံးမို့လည်း ကျော်မသွားနဲ့။

အစုံသုံးလို့ပျော်ပါးတော့ အဆန်းအပြားရောဂါရတတ်သည်။
ဗုံဗလုံးမို့ ကျော်သွားတော့ ဗန်းစကားဝေါဟာရငတ်မည်။

မနက်မိုးလင်းဆို ထရမည်။
ဂျက်ကိုးကင်းကို တရမည်။
မနက်မိုးလင်းဆိုထမှ လာသမျှလုပ်နိုင်မည်။
ဂျက်ကိုးကင်းကိုတမှ ဟာသ Jokeပိုင်မည်။

အတုအတတ် အလွန်အကျွံလည်း မလိုက်စားနဲ့။
ဆူမြတ်မွှန်မွှန်လည်း ပိုက်မထားနဲ့။
အတုအတတ်အလွန်အကျွံလိုက်စားတော့ အလှမ်းကွာဝေးပြီးမှား
လိမ့်မည်။
ဆူမြတ်မွှန်မွှန်ပိုက်ထားတော့ လမ်းမှာမေးပြီးငှားလိမ့်မည်။ (ငွေ
စာအုပ်ကိုပိုက်ထားရင် ပြောတာနော်)

ပုဆိုးကိုမြအောင်ပတ်ရမည်။
အရိုးကိုစွဲအောင် ဖတ်ရမည်။
ပုဆိုးကိုမြအောင်ပတ်မှ ဒွေးမပေါ်နေနိုင်မည်။
အရိုးကိုစွဲအောင်ဖတ်မှ အတွေးအခေါ်အသေပိုင်မည်။

ဖဲဝိုင်းဆိုလည်း မသွားနဲ့။
ရဲစတိုင်းကိုလည်း မထားနဲ့။
ဖဲဝိုင်းဆိုသွားတော့ ရှိတာပြောင်ပြီး အထူးမွဲမည်။
ရဲစတိုင်းကိုထားတော့ အသိသညာမှောင်ပြီး အမြူးနည်းမည်။

လူတကာကိုလည်း လေးစားပါ။
ဆူပရာနိုလည်း အရေးထားပါ။



ရွှေတောင်ကြီး ရွှေတောင်ကြီး ချောင်းဆိုးပျောက်တဲ့ Best-T သာပြီလေ ဦးနိုနိုတီး။

ခုကြော်ငြာခဲ့တဲ့ ကုန်ပစ္စည်းအားလုံးကို အမြို့မြို့အနယ်နယ်ရှိ စတိုး
ဆိုင်ကြီးများမှာမေး၊ ပင်ရင်းလိပ်စာ မေ့နေတယ်။
ဆွီတီးအက်ဖ်အမ်ပရိတ်သတ်များရှင် ဒီနေ့မိုးလေဝသနှင့် ဇလဗေဒ
အနီးကကွမ်းယာဆိုင်မှ ကြားသိခဲ့ရတဲ့ မိုးလေဝသအထူးသတိပေးချက်ကို
တင်ဆက်ပေးရင်း ရွှေပါရှင်။
ကပ္ပလီပင်လယ်ကွေ့မှအားယူဖြစ်ထွန်းလာတဲ့ ဆိုင်ကလုန်းမုန်တိုင်း
ငယ်ဟာ ရခိုင်ကမ်းလွန်ပင်လယ်ပြင်နှင့် မုတ္တမပင်လယ်ကွေ့ အနီးသို့ ဦးတည်
တိုက်ခတ်လာသည့်အတွက် ရခိုင်ကမ်းရိုးတမ်းနှင့် မုတ္တမပင်လယ်ကွေ့အနီးရှိ
မြို့ပြကျေးရွာများဟာ မြစ်ရေကြီးခြင်းကို ကြုံနိုင်ပါတယ် ။ မြစ်ရေကြီးလျှင်
မြို့ပြအိုးအိမ်များ ကျွဲနွား တိရိစ္ဆာန်များ ပျက်စီးဆုံးပါးနိုင်သဖြင့် ရှောင်နိုင်ရင်
ရှောင်ကြပါ၊ မရှောင်နိုင်ပါက သေဖို့သာပြင်ကြပါတော့ရှင်။ မိုးလေဝသ သတိ
ပေးချက် ဤတွင်ပြီးဆုံးပြီဖြစ်ပါသဖြင့် ဆွီးတီးအက်ဖ်အမ်၏ ပုံမှန်အစီအစဉ်
များ ပြန်လည်တင်ဆက်ပါတော့မယ်။
ခုတစ်ဖန်တင်ဆက်မယ့်အစီအစဉ်ကတော့ VCD GETOUT အစီအစဉ်
ဖြစ်ပါတယ်။ VCDခွေလေးတစ်ခွေဝယ်ပြီး အိမ်မှာထိုးဖွင့်လိုက်တာနဲ့ ဂက်
ခေါက်လို့ အော်ဟစ်မောင်းထုတ် လွှင့်ပစ်ချင်လောက်အောင် ဆိုးဝါးတဲ့ ဗွီစီဒီ
များကို ရွေးချယ်ထုတ်နှုတ် တင်ပြသွားမှာ ဖြစ်ပါတယ်။ ခုတင်ဆက်မယ့်သီချင်း
ကတော့ ဘိုးဘွားများလက်ထက်မှသည် ယနေ့မြေးမြစ်များဆီအထိ အဖန်
တစ်ထောင်မက ပြန်ဆိုကြရရှာသော သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ဒီသီချင်း
တစ်ခွေဝယ်ရုံနဲ့ ပိုးရှိတဲ့ ဘိုးဘိုး၊ ဘွားဘွား၊ ဘကြီး၊ ကြီးတော်၊ ဖေဖေ၊ မေမေ၊
ဦးလေး၊ အန်တီနဲ့ ကိုကို၊မမ မောင်ညီမများပါမကျန် သီဆိုနိုင်မယ့်သီချင်းဖြစ်
တဲ့အတွက် တန်တယ်လို့ဆိုရမယ့်သီချင်းပဲဖြစ်ပါတယ်။ အဆိုတော်ကြွက်ပေါက်
သီဆိုထားတဲ့ 'ဗိုက်ကြီးသည်ရဲ့ ချည်ခြင်းများ'ဆိုတဲ့ သီချင်းပါ။ သရုပ်ဆောင်
ထားတဲ့ သရုပ်ဆောင်နှစ်ဦးကတော့ သရုပ်ဆောင်လောကမှာ လျှမ်းလျှမ်း
တောက်ပြီး တစ်ခေတ်တစ်ခါက ကြွမ်းကြွမ်းပေါက်ခဲ့ရှာသော နခလာဓဝင်နဲ့

ယနေ့တက်သစ်စ မြန်မာပြည်၏ တစ်ဦးတည်းသော ကမ္ဘာ့အဆင့်မမီ
တေးသံရှင်၊ ကိုယ်ပိုင်သံစဉ်တေးတစ်ပုဒ်မှ မဆိုနိုင်သေးငြားလည်း အဆိုတော်မ
ဆလင်းဒီယွန်မှအစ ရှကီရာအလယ် ရီမ်းအဆုံး အကုန်လုံး တစ်ဘက်သ
အဖြုံခံနေရသူ တွင်းထွက်ရတနာတစ်ပါးအဖြစ် လူသားတိုင်းဂုဏ်ယူနေ
သည့် မည်းမည်းဘုတိုတို့က ပါဝင်သရုပ်ဆောင်ပေးကြမှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့ ပြင်းထန်တဲ့ဒရမ်ရိုက်ချက်များ ဆူးလိုချွန်မြတဲ့ ဒစ်စ်
ရှင်း ဂီတာသံများနဲ့ ဖွဲ့သီထားတဲ့ ခပ်ကြမ်းကြမ်း ဂီတာသံနဲ့အတူ သေချင်လော
အောင် စိတ်ညစ်နေတဲ့ စီးပွားရေးအဆင်မပြေတဲ့ လင်မယားအဖြစ် မင်းသ
နခလာဝေဝင်းနဲ့ တက်သစ်တေးသံရှင် မည်းမည်းဘုတိုတို့က သဏ္ဌာန်လု
သရုပ်ဟန်ယူပြီး အာခေါင်ခြစ်သံ ဝက်ဝက်ကွဲကြီးနဲ့ သီချင်းကို ဒီလိုစ
ပါတယ်။

**ဒိုက်ခြကြီးသည်၏ ချစ်ခြင်းများ**

မူလဘု
ရုံးတော်လွှတ်တော်

**ကိုယ်အရင်သေမယ်၊ မည်းမည်းအရင်သေမယ်၊**
**ကိုယ်အရင်သေမယ်၊ မည်းမည်းအရင်သေမယ်၊**
**ကိုယ်အရင်သေမယ်၊ မည်းမည်းအရင်သေမယ်၊**
**မည်းမည်းအရင်သေ၊ ကိုယ်အရင်သေ၊**
**မည်းမည်းအရင်သေ၊ ကိုယ်အရင်သေ ၊**
**ငါက ဘာကိစ္စသေရမှာလဲ၊ နင့်ဟာနင် သေချင်သေပါလား**
**အေး ကျွန်မလည်း ဘာကြောင့်သေရမှာလဲ၊ သေချင်းသေရှင်**

'ဟယ် နောက်ဆုံးကျတော့ ဘယ်လိုဖြစ်သွားလည်းဟင်'

'ဩော် သတင်းမေးတဲ့သူတွေက ဆေးရုံက ပြန်မရောက်သေးလို့
မသိသေးဘူးကွယ် '

အဲဒီလိုပြင်းထန်တဲ့ ပေါက်ကွဲသံစဉ်တွေနဲ့စပြီး သူတို့ရဲ့ပြဿနာအစ
FLASH BACKနဲ့ ဒီလိုပြန်ပြပြီး အဆိုတော်ကြွက်ပေါက်ရဲ့ ဖလက်နဲ့ ရှပ်ကြ



လူတကာကိုလေးစားမှ သဘောထားကောင်းကြောင်းသိကြမည်။
ဆူပရာနို အရေးထားမှ ပေါ်စကား သောင်းပြောင်းအမိရမည်။

ပြောင်ချော်ချော်လည်း လုပ်တတ်ရမည်။
နောင်နော်နော်လည်း အဟုတ်ဖတ်ရမည်။
ပြောင်ချော်ချော်လုပ်တတ်မှ အမိဖမ်းရင် ရှောင်ပြေးပြေးနိုင်မည်။
နောင်နော်နော်အဟုတ်ဖတ်မှ အသိအဆန်းထွင် ငကြောင်အတွေး
ရေးနိုင်မည်။

ထိုသို့ တစ်မျိုးတဝ အချိုးကျစွာ အဂ္ဂသူရာစည်သူပါမွှားကဲ့သို့ လေ
မပြတ် နဘောထပ်ပြီးသကာလ ဟားခလုတ်တွင် အားထုတ်နေကြသော
အခြားဆရာသမားများဖြစ်သည့် ပြည့်ပိုင်မှူးအိမ်၊ အဘကိုကိုကြီး၊ မျိုးကိုမျိုး၊
အိုက်ဒီယာဘကျော်၊ အဆွေတော်၊ ငြိုလ်ကော် အစရှိသည့် အာစရိအပေါင်း
ကိုလည်း သောင်းပြောင်းမွှေကာ လက်စုံမှာမိုးလို့ အနှီချစ်သဒ္ဒါပါသည့် မေတ္တာ
စာကို အသက်သွင်း လက်ကမြင်းလိုက်ရပါကြောင်း။ ဩောင်း ဒူဝေ ဒူဝေ
ဟာသနဲ့နေအသက်ရှည်ချင်သူအများ ကရေကရာပက်ကို အသေအချာအချက်
သိ အဖြေရှာအကွက်ညှိပြီး အထာကျစွာ ဟာသစာများ အတွေးပွား ရေးသား
နိုင်ကြပါစေဗျား။

ငါ့တူ ငါ့မောင် မင်းပြောတော့ လွယ်လိုက်တာကွာ။ တကယ်ရေး
တော့ လွယ်ဘူးကွလို့ စာဒက တက်ကြမယ်ဆိုရင်တော့ ကျွန်တော့်မှာ လက်တွေ့
သက်သေ့ရောင်းပေးနေတဲ့ ဟာသမေတ္တာစာလေးတွေ ရှိပါတယ်ဗျာ။ ငါးဆယ်ဆို
တစ်ရွက်၊ တစ်ရွက်မှ ငါးဆယ်တည်း။ ဈေးချိုစွာနဲ့ အတွေးပိုစရာလေးတွေရစေ
ရမယ်။ လာပြီဗျာ အဟမ်း


အချိုသီးကို ဆားနဲ့မစားနဲ့၊ အပျိုကြီးကို ကုလားနဲ့မထားနဲ့။

အချိုသီးကိုဆားနဲ့စားတော့ အရသာဆိုးမယ်၊ အပျိုကြီးကို ကုလား
နဲ့ထားတော့ ညအခါ. . သီချင်ဝယ်ဖတ် ငါးဆယ်ကျပ် သီချင်ဝယ်ဖတ်
ငါးဆယ်ကျပ် အာဟာ အာဟာ။

မဟာစလာ




ဆွီးတီးအက်ဖ်အမ်အသံလွှင့်နေ လူအများ အသားဝါကာ ဖျားနာစေဖို့ ဆွီးတီးအက်ဖ်အမ် အသံလွှင့်နေ မရှင်မလန်းနဲ့နေရင် တန်းသေနိုင်ဖို့.. ဆွီးတီးအက်ဖ်အမ် ပရိတ်သတ်ကြီးရေ မင်္ဂလာပါ။ ညစဉ်ထုတ်လွှင့် နေကျဖြစ်တဲ့ ညကြီးပိုင်းအစီအစဉ်များကို စတင်ထုတ်လွှင့်တော့မှာ ဖြစ်ပါတယ်ရှင်။ သောတရှင်ပရိတ်သတ်အပေါင်းဘုရားတရားသာအောက်မေ့ပေတော့ရှင်။ အလှည့်ကျတေးသံရှင်ကတော့ဝစ်သောက်အိခြွေရဲ့အလှည့်ဖြစ်ပါ တယ်။ သူသီဆိုဖျော်ဖြေမယ့် သီချင်းလေးကတော့ ဆရာဆူရဲ့ အတွေးအရေး ဖြစ် တဲ့ ခွေးချေး ပါတဲ့ရှင်။



**ခွေးချေး**

*လမ်းထဲမှာ ခွေးဝဲစားတွေ တကယ်ပေါတယ်၊*
*ဘယ်သူမွေးလဲ ခွေးမကြီးမွေးတယ်။*
*ခွေးပေါတော့ရပ်ကွက်ထဲမှာ လှုံခြုံလှသတဲ့*
*ဒီအင်အင်း ဘယ်သူကြုံးမလဲ။*

*(ခွေးဝဲစားများ ဒါဆိုမလွယ်ဘူး။*
*ကုန်းဖုဖုလေးမြင်တောင် မနင်းရဲတော့ဘူး။*
*မနေ့ကနင်းမိသေးတယ်*
*ခြေထောက်တွေမှာ ပေကုန်သည် သေရာပါ နံတဲ့ခွေးချေး)*

*ခွေးမျိုးတွေ ပြုတ်ပြုတ်ပြုန်းဖို့ ဒီလိုလုပ်မယ်။*
*ဘယ်သူလုပ်မလဲ မင်းဘကြီး လုပ်မယ်။*
*ခွေးပေါတဲ့ အဓိကအကြောင်းရင်း တော်သလင်းပဲ*
*Calendar က ဒီတစ်လဖယ်*

*(ခွေးဝဲစားများ ဒါဆိုမလွယ်ဘူး ကုန်းဖုဖုလေးမြင်တောင်*
*မနင်းရဲတော့ဘူး မနေ့ကနင်းမိသေးတယ်*
*ခြေထောက်တွေမှာပေကုန်သည် သေရာပါ နံတဲ့ခွေးချေး )*
*နင်းဖူးတဲ့ငါ မနင်းဘူး။*

ဆိုးတီးအက်ဖ်အမ် အစီအစဉ်တွေက သိပ်ကောင်းတာဆိုတော့ ကြော်ငြာကလည်း လှိမ့်ဝင်တယ်ခင်ဗျ။

❀ ဘာပဲပိုပို ရန်ကုန်လမ်းမပေါ်မှာနဲ့ မန္တလေးလမ်းပေါ်က အမှိုက်ပုံတွေမှာသွန်။

❀ သူဌေးကတော်ကြီးရေ သူဌေးကြီးရေ အညောင်းအညာတွေ ဖြေပေးမယ့် အကြောဖြေဆေး။ ရွှေတောင်ကြီး ရွှေတောင်ကြီး ရွှေတောင်ကြီး



တခပ်ဝါးဝါးအသံနဲ့ ဒီလိုသီချင်းကိုစဖွင့်ပါတယ် .

သီချင်း
**အိမ်ကဟာပုံတူပြရင် နီဂရိုးကြီးများလို**
**ဗိုက်ကြီးကိုလှန်လှန်ပြကာ ခြိမ်းခြောက်သူပျို**
**ဗိုက်ကို လူတွေရင် ဘယ်ညာပွတ်ခါ တစ်ကျွတ်ကျွတ်နဲ့ဆို**
**ထိုင်ချင်သလို ထချင်သလို**
**ဗိုက်ကြီးသည်ကြီးရယ် အမူကပို**

သီချင်းသံနဲ့အတူ မည်းမည်းဘုတိုက သူ့ဗိုက်ကြီးကို လှန်လှန်ပွတ်နေပုံများ လုပ်စရာအလုပ်ရှိရင် ဗိုက်ကြီးကို အကြောင်းပြကာ အလုပ်ကို ခေါင်းရှောင်နေပုံများ သူများအလုပ်လုပ်နေချိန်တွင် အကြောကြီးနဲ့ ကြိတ်ပြုံးနေပုံများကို အတုံးလိုက်အတစ်လိုက် ရိုက်ပြထားပါတယ်။

သီချင်း---
**အာသာတွေတစိုစို တွေ့သမျှအကုန်ဆွဲသဗျို**
**တလေးလေး အထဲမှာ ပက်လက်လဲကာ**
**မျက်ဖြူဆိုက်ရသကို**

နခလာဝေဝင်းက နံရံမှီပြီး ရပ်နေပုံကိုလုပ်ပြီး မည်းမည်းဘုတို့ရဲ့ ဗိုက်မဲပြောင်ပြောင်ကြီးကတစ်ဆင့် ကွန်ပျူတာအဖက်နှင့် သွေးကြောနံရံများ မော်လီကျူး သွေးဖြူသွေးနီဥများကို ဖြတ်သန်းရင်း အပြာရောင် စကရင်ပေါ်မှာ နက္ကတစ်အရိပ်များနဲ့ သန္ဓေသားလေးက မိခင်ရဲ့အစာအိမ်ကို မနိုင်မနင်းရွက်ထားပုံ ကို ဟာနုမာန်ကျောက်ဆောင်ရွက်နေရပုံကဲ့သို့ပြကွက်ဆန်းလေး ပြပြီးတဲ့နောက်မှာတော့၊

သီချင်း---
**ဆွဲလုံး တွဲလုံး ကြမ်းလှတယ် လိမ္မော်၊မာလကာ၊ပန်းသီးရယ်**

ဒူးရင်းဆိုလည်း လက်မလွတ်တွယ် မျက်ရည်ဝဲရတယ်၊
ပန်းကိတ်၊ပလိန်းကိတ်၊ ဖရုကိတ်နဲ့ပီဇာဆိုရင်လည်းကြိုက်တယ်
ပိုတေးတိုးဖရိုက်လည်း အမြဲတမ်းဝယ် လွှတ်ကိုဆွဲလွန်းတယ်။

ခွက်များတွင် ထမင်းဟင်းလျာများ တောင်ပုံရာပုံဖြစ်နေတဲ့ ကိတ်မုန့် ပီဇာ ဟန်ဘာဂါများ ကောင်းနိုးရာရာအသီးအနှံများရဲ့ကြားမှာ ခေါင်းမဖော်တမ်း စားနေသော မည်းမည်းဘုတို့ရဲ့ပုံနဲ့ ကင်မရာကရိန်းရှော့နှင့် အိမ်၏အလယ်မှာ အိတ်ကပ်ပိတ်ပြီး ဆောင့်ကြောင့်ထိုင်ရင်း ဇောချွေးပြန်နေတဲ့ နခလာဝေဝင်းရဲ့ ရုပ်ပြိမ်ပုံရိပ်များကို ရောယှက်ရင်း

သီချင်း----

**တလေးအကြောင်းပြ ချဉ်ချင်းလိုကွယ် သူဆိုနေသလို**
**ကပိုကရို ဘာကိုမဆို ဆွဲလုံးကြမ်းလှသဗျို။**

လေထဲမှာလွင့်ပျံနေတဲ့ ဟမ်ဘာဂါများ ဒူးရင်းသီးများ ချောကလက်တောင့်များ အနှိုင်းမဲ့ပိုက်ဆံများ စားစရာမျိုးစုံတို့ကြားမှာ ယပ်တောင်ခေါင်းထိုး နှီးဆီခွက်ဆွဲကြိုးဆွဲလို့ လွတ်ရာကျွတ်ရာကို ပြေးထွက်သွားတဲ့ နခလာဝေဝင်းရဲ့နောက်ကို ထဘီမနိုင်ပုဝါမနိုင်နဲ့ ပြေးလိုက်သွားတဲ့ မည်းမည်းဘုတို့ရဲ့ အစက်အပျောက်ပုံရိပ်များနဲ့ အဆုံးသတ်ထားတဲ့ ဗွီစီဒီသီချင်းလေးပါ
ဒီဗွီစီဒီသီချင်းလေးကိုမူပိုင် (ဟားခလုတ်) မှတာဝန်ယူ ထုတ်လုပ်သော်ငြား စိတ်ဝင်စားလို့နားထောင်ချင်တယ်ဆိုရင်ဖြင့် လမ်းဘေးက မင့်ဘကြီးနိုးကူးခွေဆိုင်တွေမှာပဲ မွှေနှောက်ရှာဖွေ ဝယ်ယူနားဆင်နိုင်ပါတယ်ရှင့်. . .
ဒီနေ့ည ညကြီးပိုင်းအစီအစဉ်များ ဒီတင်ပြီးဆုံးပါပြီ၊ သောတရှင်ပရိတ်သတ်အပေါင်း နားဒုက္ခမှကင်းလွတ်၍ ချမ်းသာစွာ အိပ်စက်နိုင်ပါပြီ တော်။

ဆိုးတီး








**သူ့ထက်သူ လူစွမ်းကောင်း**

ဂျပန်နိုင်ငံတွင် ဂျပန်ရာကူဇာများနှင့် လူမျိုးခြားတစ်ဦး ရန်ဖြစ်နေကြသည်။
ရာကူဇာတစ်ဦးက ခြိမ်းခြောက်သည်။
"ဟေ့ ဘယ်ကောင်မိုက်လဲ၊ မင်းတို့ထက်မိုက်လို့ ကိုယ့်နိုင်ငံမှာ မိသားစုခွဲပစ်ပြီး လူမိုက်လုပ်စားနေတာကွ"
လူမျိုးခြားလူက မဲ့ပြုံးပြုံးပြီး ပြန်ပြောသည်။
"အေး ငါကလည်း မင်းတို့ထက်ပိုမိုက်လို့ မင်းတို့နိုင်ငံထဲထိ ကျူးကျော်ပြီး ချေးကြုံးစားနေတဲ့ကောင်ကွ၊ ငါ့ကို ထိရဲရင်ထိကြည့်စမ်း"
လက်နှစ်ဖက်ဆန့်တန်းပေးလိုက်ရာ ရာကူဇာများ ဒရောသောပါးနှင့် ထွက်ပြေးကြလေ၏။

## အရေးမကြီးပါဘူး




ဝတာလင်ခေတ် ညကြီးသန်းခေါင် အိမ်တံခါးခေါက်သံကြောင့် မိသားစုတစ်စုသည် လန့်နိုးသွားကာ ကြောက်လန့်တကြား ထခုန် မိကြသည်။

'ခင်ဗျားတို့ သယ်နိုင်တဲ့ပစ္စည်းမှန် သမျှသယ်ပြီး အပြင်ကို ခုချက်ချင်း ထွက်ကြပါ'

အိမ်တံခါးဝမှ စကားသံထွက်လာသည်။

'ဒါပေမယ့် မကြောက်ကြပါနဲ့ခင်ဗျာ၊ ကျွန်တော်ပါ။ ခင်ဗျားတို့ အိမ်နီးချင်းပါ။ ဘာမှကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ကျွန်တော့်အိမ် မီးလောင်နေလို့ပါ'

## ဘယ်အရှုံးမဆို



လူတစ်ယောက်က အခြားတစ်ယောက်အား ပြောနေသည်။

' ငါ ချာတိတ်ဘဝက တော်တော်ဒုက္ခရောက်ခဲ့တယ်ကွာ၊ ငါ့အဖေ မွေးမြူရေးခြံမှာ နွားအကောင် ၂၀၀ရှိတာ နေ့တိုင်း ငါ့အစ်ကိုနှစ်ယောက်နဲ့ငါနဲ့ နွားတွေကို လူခွဲ ပြီး နို့ညှစ်ရတယ်'

'ဘုရားရေ လူသုံးယောက်တည်းနဲ့ တော်တော်ကို ဒုက္ခများတဲ့အလုပ်ဖြစ်မှာပဲ'

'ဒါပေါ့ကွာ၊ အဖေက နောက်ထပ် နွားအကောင်တစ်ရာ မဝယ်မချင်းဆိုတော့ တို့တွေဆိုတာ ရှူးနေတာပဲ၊ ဝယ်လိုက်တော့မှ တော်တော့တယ်'

'အဲဒါ ဘယ်လိုဖြစ်သွားလို့လဲ'

ထိုအခါ ပထမလူက

မင်းကလည်း တုံးပ့ါ။ အကောင်၃၀၀ဆိုတော့ ဘယ်အရှုံးမဆို ၃နဲ့စားနိုင်တာပေါ့ကွ'

## တစ်ယောက်လို



လူတစ်ဦး ရဲစခန်းထဲပြေးဝင်လာသည်။

"ကျွန်တော့်ကို ချုပ်ထားပေးပါ။ ကျွန်တော့် ယောက္ခမကို ကျွန်တော် သတ်မိလိမ့်မယ်"

စခန်းမှူးကပြောသည်။

"အေး တစ်ဂါက်စတည်း ငါ့ယောက္ခမပါ သတ်ပေး၊ မင်းအမှုလျှော့ပေါ့အောင် ငါလုပ်ပေးမယ်"

မထူးသည့်အခြေအနေမို့ လူငယ်က လမ်းပေါ် ပြေးထွက်ပြီးရှေ့နေတစ်ဦး၏ရုံးခန်းသို့ ပြေးဝင်သွား၏။

"မတရားလုပ်နေတဲ့ ယောက္ခမကို ကျွန်တော်သတ်မိရင် ထောင်ဘယ်လောက်ကျနိုင်မလဲ အမြန်ပြောပါဗျာ"

ရှေ့နေက

"အို သတ်လက်စနဲ့ ငါ့ယောက္ခမပါသတ်၊ မင်းအမှုလျှော့ပေါ့ဖို့ကငါတာဝန်ထား၊ ရှေ့နေလိုက်ခလည်း တစ်ပြားတစ်ကျပ်မှ မယူဘူး"

ယောက္ခမသုံးယောက်သတ်မှုနှင့် ၎င်းလူငယ် တရားရုံးရောက်လာသည်။ တရားသူကြီးက အမိန့်ချသည်။

"ယောက္ခမသုံးယောက်လုံးကို သတ်လိုက်သည်မှာ ထင်ရှားသဖြင့် ထောင်ဒဏ် ၃ လကျခံစေ"

တရားခံကို အချုပ်ထောင်သို့ခေါ်သွားရာလမ်းတွင် တရားသူကြီးနှင့်ဆုံရာ တရားသူကြီးက စိတ်မကောင်းတဲ့မျက်နှာနှင့် တရားခံကိုပြောသည်။

"ငါစိတ်မကောင်းပါဘူး၊ မင်းကွာ ငါ့ယောက္ခမကြီးပါ တစ်လက်စတည်း သတ်သွားရင် အမှုက ကွင်းလုံးကျွတ်တောင် လွတ်နိုင်တယ်"



# ဂလိုဗယ်ချက်ဖောင်း

ဘယ်သူက ဘယ်လိုစလိုက်တယ်ရယ် မသိဘူး။ အခုတလော ကျွ[illegible] တို့ရွာမှာ စကားတစ်ခု ခေတ်စားနေလေရဲ့။ အဓိပ္ပာယ်သတ်သတ်မှတ်မှတ် သိတာ၊ မသိတာ အပထား။ ဘယ်သွားသွား ဒီစကားကြားနေရတာတော့ အမှန်။ မြောက်ပိုင်းဓမ္မာရုံကနေ တောင်ပိုင်းထန်းတောရောက်တဲ့အထိ တွေ့တဲ့လူရဲ့ စကား နားထောင်ကြည့်။ မြေကြီးလက်ခတ်မလွဲအောင် ဒီစကားက ပါနေကျ။ ကုန်ကုန်ပြောရရင် ရွာထဲလည်လျှောက်နေတဲ့ အရူးအုန်းစိန်တောင် ဒီစကားလုံးကို မကြာခဏ သုံးတတ်နေပြီ။ အဲဒီစကားက 'ဂလိုဗယ်လိုက်ဇေးရှင်း'တဲ့။ ထဲ မခက်ပြီလား။

တောင်ယာလယ်လုပ်၊ ဝါးခုတ်ထန်းတက်နဲ့ ဘာသိဘာသာကြီး အသက်



[illegible]လာတဲ့ ကျွပ်တို့ရွာမှာ အခုတော့ ဒီစကားက အနန္တော အနန္တငါးပါးထဲ ထည့်[illegible]လောက် အရှိန်အဝါတွေ ကြီးထိုးလာတာကလား။ သူတို့အပြောတွေကတော့ [illegible]တယ်။

"ဂလိုဗယ်လိုက်ဇေးရှင်းဆိုတာ လူနာမည်ကွ"

တဲ့။ ဒါကို တစ်ယောက်ယောက်က ကြားကြည့်။

"ဘယ်ကဟုတ်ရမှာတုန်း၊ ဂလိုဗယ်လိုက်ဇေးရှင်းဆိုတာ ဟိုကွာ ကမ္ဘာ[illegible]ကြီးကို စုပြုံရောယှက် နယ်ဖတ်ထားတဲ့ အသုတ်စုံကြီးတစ်ပွဲလို့ ဆိုလိုတာ"

ဆိုပြီး ဝင်ကျိတ်တယ်။ အံမာ ဒါတောင် တချို့က

"ဂလိုဗယ်လိုက်ဇေးရှင်းရှိရင် ဂလိုညာလိုက်ဇေးရှင်း ဆိုတာလည်း [illegible]ကိုရှိရမယ်ကွ"

လို့ ထထက်ပြီး လက်သီးလက်မောင်းတန်းသေးတာ။ အဆိုးဆုံးက [illegible]ကြီးသားချက်ဖောင်းရယ်လေ။ ဒီကောင်က မြို့ကျောင်းမှာ ကိုးတန်းအထိ [illegible]တော့ ဒီကိစ္စမျိုး ကြုံလာရင်ပဲ ဆရာကြီးပိုက်ကို ချက်ချင်းဖမ်းလိုက်တယ်။

ညနေဘက်ဆိုကြည့်လိုက်။ ခြံဝိုင်းထဲက မန်ကျည်းပင်အောက်မှာ [illegible]ရဲ့ ဂလိုဗယ်လက်ချာပွဲကြီးဟာ ဟီးဟီးထလို့။ ဝမ်းရှောဘဝင်နဲ့ မျက်နှာပြောင်တိုက် [illegible]တွေ ရှိနေတော့ ချက်ဖောင်းတို့က ဒီတစ်ကြောတော့ပိုင်တယ်။ ဟုတ်တာ[illegible]ရော၊ မဟုတ်တာရော အားလုံးမှန်းတုတ်တာပဲ။ ကာလသားပရိသတ်က 'ဟာ' [illegible] 'ဟင်'ခနဲ အာမေဋိတ်သံတွေ ညံလာပြီဆိုရင် ချက်ဖောင်းက ရင်တွင်းပီတိ[illegible] တအိအိကြည်နူးနေသေးတာ။

"ဂလိုဗယ်လိုက်ဇေးရှင်းဆိုတာ တကယ်တော့ ရှေးဟောင်း အာလာပ သလ္လာပ အစီအရင်တွေနဲ့ လွယ်မယောင် ခက်အောင်ပြုထားတဲ့ ပရွှန်ဒွေ့ရ ဘာသာ[illegible]တားပဲ၊ သို့သော် ဒါတွေအားလုံးရဲ့အချုပ်က အာဝါဟ ဝိဝါဟပဲလေ၊ ကဲ ဒီလိုဆို[illegible]တော့ ခင်ဗျားတို့ ရှင်းမသွားဘူးလား"

ဒါက ချက်ဖောင်းရဲ့ ဒိုင်ကြော်ငြာခင်တွေ။ ဒါပေမယ့် ဒီလိုကြားလိုက်ရတာ[illegible]ကပဲ ကာလသားတွေအတွက် အဂ္ဂမဟာဗဟုသုတကြီး ဖြစ်နေတယ်။ ဒါနဲ့ပဲ ချက်ဖောင်းကို 'ဘရာ'တွေ'ဗို'ကြရော။

"ဟာ ဟုတ်ပေသားပဲ၊ ဒီလိုဆိုတော့လည်း ရှင်းလို့"



"အေးလေ၊ ဂလိုဗယ်လိုက်ဇေးရှင်းပဲဟာ၊ ဂလိုဗယ်လိုက်ဇေးရှင်းမှ မဟုတ်ဘဲနဲ့"

ဒီလိုအားပေးအားမြှောက်လုပ်ပြီဆိုရင်တော့လား။ သူတို့ရဲ့ အချီအချ စကားတွေက ဒီလို

"အတိုကောက်ပြောရင် ပိုရှင်းတယ်ဗျာ၊ ကမ္ဘာဟာ တဖြည်းဖြည်းနဲ့ ရွာကြီးတစ်ရွာ ဖြစ်လာနေပြီ"

"ဟာ ဒါဆို မြို့ကြီးပြကြီးကလူတွေ ခွေးဖြစ်ပြီပေါ့"

"ဒါပေါ့ဟာ၊ ငါတို့က နဂိုကတည်းက ရွာသားဆိုတော့ ကမ္ဘာကြီး ရွာ ဖြစ်သွားလည်း အေးဆေးပဲ၊ အပေးပေး ဟုတ်တယ်မှတ်လား ကိုချက်ဖောင်း"

"မှန်တာပေါ့ဗျာ၊ အဲဒါမှ ဂလိုဗယ် အတွေးအခေါ် စစ်စစ်၊ အဲဒီလို ကမ္ဘာဟာ ရွာတစ်ရွာဖြစ်လာတာနဲ့အမျှ အိုဇုန်းလွှာဟာ တဖြည်းဖြည်း ပေါက်ပြလာမှာပဲလေ၊ အဟက်ဟက်"

"ဟင် ဒါဆို ကမ္ဘာကြီးက ပြလရမ်းဖြစ်ကုန်မယ်ဆိုပါတော့"

"မစိုးရိမ်ပါနဲ့လေ၊ သိပ္ပံပညာရှင်တွေက အိုဇုန်းလွှာကြီးကို သွားဖာကြမှာပါ၊ ပွေးညက်နဲ့ဆင်ကော်သာ လိုသလောက်ရ ကျွပ်တောင် တက်ဖာနိုင်တယ် မယုံမရှိနဲ့ တကယ်"

ကဲ ဒီလောက်ဆို စကားဝိုင်းရဲ့ အနေအထားကို သဘောပေါက်လောက်ကြရောပေါ့။ ဒါနဲ့တင်ပြီးရောလားဆိုတော့ မကသေးဘူး။ အဲဒီလက်ဖက်ရည်



ဆိုင်းကထသွားတဲ့လူတွေရဲ့ တစ်ဆင့်စကားနဲ့ တစ်ရွာလုံး ဂလိုဗယ်တွေ ဖောင်းပွကုန်တယ်။ ယူဆချက်တွေ မှိုလိုပေါက်ကုန်တယ်။ နောက်ဆုံးတော့ တစ်ရွာလုံးရဲ့အတွေးအခေါ် အောက်မှာ ကမ္ဘာဟာ မှောက်လိုမှောက် လန်လိုလန် ဖြစ်ကုန်တယ်။ အရင်းစစ်တော့ အမြစ်မြေကဆိုသလို အားလုံးက ချက်ဖောင်းရဲ့ အာဘော်တွေ။

ချက်ဖောင်းကတော့ အေးဆေးပဲ။ နဂိုကတည်းက အလုပ်လက်ကြောတင်းအောင် မလုပ်ချင်တဲ့ကောင်ဆိုတော့ ချောင်ချောင်လေး ဆရာလုပ်ခွင့်ရတဲ့ဒါကိုပဲ အလုပ်တစ်ခုလို သတ်မှတ်ထားသပေါ့။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသလိုပဲ အပျော်တန်းမှသည် နိုင်ငံ့ဂုဏ်ဆောင် သင်တန်းသားတွေ ပေါ်ပေါက်လာဖို့ သူထပ်ကြံတယ်။ သိပ်မကြာဘူး။ မတောက်တခေါက် စာပေဝမ်းစာတွေဆိုရင်း သူ့လက်ချာမှာ ဘာသာရပ်အသစ်တစ်ခု ထပ်တိုးလိုက်တယ်။ ဒီတစ်ခါဘာသာက ကွန်ပျူတာတဲ့ဆရာ။

တောမှာနေ၊ တောမှာကြီး၊ နွားကိုလည်ပင်းဖက်ပြီး သေစာရှင်စာလောက်တတ်ခဲ့ရတဲ့ ရွာသားတွေအဖို့ 'ဂလိုဗယ်'မှ မပြီးသေးခင် 'ကွန်ပျူတာ'ဆိုတာကြီး ကြားလိုက်ရတော့ အံ့ဖွယ်နပန်းဖြစ်ကုန်တယ်။ ဆိုတော့ကာ ထုံးစံအတိုင်း သုခမိန်ချက်ဖောင်းထံ ပြေးကပ်ကြ ပြီးရင် ထင်ကြေးတွေ အလုံးအရင်းနဲ့ ပွက်လောရိုက်ကုန်ကြတယ်။

"ဒီတစ်ခါကိစ္စကတော့ အတော်လာမယ့်ပုံပဲ၊ ကွန်ပိုတာဆိုလား"

"အာ နင့်မေလွှား၊ ဘယ့်နှာ ကွန်ပိုတာကမှာလဲ၊ ကွန်ပျူတာလုပ်ပါချစ်ရ"

"နို့ နေပါဦး၊ အဲဒီ ကွန်ပတာက"

"ဩော် ကွန်ပျူတာပါဆိုမှ၊ ငါလုပ်မိတော့မယ်"

ဒီလိုယောင်ဝါးဝါးတွေနဲ့ တာ,မသွားတော့ဘူးလား။ ဟုတ်ကဲ့ ဆရာကြီးချက်ဖောင်း ဝင်လာပါပြီ။

"တကယ်တော့ ရှင်းရှင်းလေးပါ၊ ကွန်ပျူတာဆိုတာ ဟို ခင်ဗျားတို့ ဘဏ်းပေါင်းစက် မြင်ဖူးတယ်မို့လား"

"အင်း ဩော် မြင်ဖူးတယ်၊ စပါးပွဲစားမြကြိုင်ကိုင်တဲ့ ခလုတ်တွေနဲ့

ဟာလား"

"ဟုတ်ပ၊ အဲဒီဂဏန်းပေါင်းစက်နဲ့ တီဗီကို အလယ်က ကြိုးနဲ့ဆ ထားတာဟာ ကွန်ပျူတာပဲလေ၊ ဟွန့်ဟွန့် ကဲ ကျုပ်ပြောတော့လည်း လယ် မှာ ဆင်သွားသလို ဘွင်းဘွင်းကြီးမို့လား"

"အေးကွာ၊ အခုမှပဲ သိတော့တယ်၊ တို့ရွာမှာလည်း ချက်ဖောင်းတ ယောက်ရှိတာ တော်တော်နိပ်ဟ၊ ဒါနဲ့ အဲဒီ ကူပြွန်တာ အဲလေ ကာပြွန် ဟာ ဒီပါးစပ်ကလည်း အဲ ကွန် ကွန်ပျူတာက ဘာတွေလုပ်လို့ရလဲ"

"အင်း ပြောရရင်တော့ အစားစားပေါ့ဗျာ၊ ကျုပ်တို့ပြောနေတဲ့ ဖယ်ဆိုတာကြီးကို ကွန်ပျူတာကနေ သိနိုင်တယ်။ ကောက်ရိတ်၊ ပျိုးနှ ကွန်ပျူတာနဲ့ လုပ်နိုင်မယ်၊ ပြီးတော့ ထွန်ချ၊ စပါးစိုက်၊ ချွေလှေ့၊ ကောက်လှိုင်းစည တာကအစ ကုန်ကုန်ပြောရရင် နွားတွေကိုတောင် ကွန်ပျူတာစနစ်နဲ့ ထိန်းကျော ထားလို့ရတယ်"

"ဘာ"

ချက်ဖောင်းစကားကြားတော့ ရွာသားတွေအကုန်လုံး မျက်လုံးပြ ပျာတောက်ကုန်တယ်။ တယ်လာတဲ့ ကွန်ပျူတာကောင်ပါလားဆိုပြီးတော လည်း မချင့်မရဲ ဖြစ်သွားကြတယ်။ ကွန်ပျူတာတစ်လုံးလောက်သာရ ရှိသ အလုပ် သူနဲ့အကုန်လွှဲခဲ့ပြီး တောင်ဘက်ထန်းတောထဲ တစ်နေကုန် သွားကဲ ရပြီဟဲ့လို့ ရွှေညာဏ်တော်စူးရောက်သူတွေကလည်း ရှိသေးတယ်။

အဲဒီလို ဗွက်ပေါက်ချောင်းစီး တောမီးလို ပျံ့နှံ့လာတဲ့ 'ဂလိုဗယ်လိုင် ဇေးရှင်း'၊ 'ကွန်ပျူတာ'ဝေါဟာရ အခိုးအငွေ့တွေကြားမှာ မှိုင်းမိသွားတဲ့ လ တစ်ယောက်က ရှိသေးတယ်။ အဲဒါ တခြားလူမဟုတ်ဘူး။ တောင်ပိုင်းထန်းတော ပိုင်ရှင် ကိုရင်သာအေးပဲ။

ထန်းတောဆိုတော့ သိတဲ့အတိုင်း ကာလသားတွေစုံတယ်။ စကားတွေ လည်း ပေါတယ်။ ပြောပါများ အသားကျဆိုတဲ့အတိုင်း ကိုရင်သာအေးအဖို့ စကားလုံးတွေက ရင်းနှီးနေပြီ။ ကွန်ပျူတာ ဂလိုဗယ်စတဲ့ ခေတ်ရေစီးထဲမှာ ကိုရ သာအေး မျောနေပြီ။ ပြောရရင် ခေတ်မျက်စိ၊ ခေတ်နားတွေ ပွင့်ပက်ထွက် နေကုန်ပြီ။



"ကိုရင်သာအေးရယ် ခင်ဗျားမို့ ဒီထန်းတောကြီးကို အပင်ပန်းခံပြီး ထက်နေတယ်၊ ဂလိုဗယ်ခေတ် ရောက်နေပြီဗျ၊ ကျုပ်သာဆို ကွန်ပျူတာတစ် လုံးဝယ်ပြီး အကုန်ခိုင်းထားလိုက်တယ်"

ဒါက ချက်ဖောင်းရဲ့အပြော။ ချက်ဖောင်းကလည်း ဖောက်သည်ဆို တော့ သာအေးဆိုင် အမြဲရောက်တယ်။ ဒါကိုကြားရင် သူနဲ့ထိုင်နေတဲ့ ကာလ သားတွေကလည်း ပို့တယ်။

"ဟုတ်ပ၊ ကိုရင်သာအေး စိတ်ကူးမလွဲနဲ့၊ ခင်ဗျားရဲ့ ထန်းညက်ဖို မှာ ခေတ်မီ ကွန်ပျူတာကြီးတစ်လုံးနဲ့ တပ်ဆင်ထိန်းကျောင်းလိုက်မယ်ဆိုရင် ထန်းညက်တွေပိုပြီး ထွက်နှုန်းတိုးလာမှာ မုချပဲ"

ဆိုပြီး ထန်းရည်မူးမူးနဲ့ စွတ်တင်တယ်။ နိစ္စဓူဝ ဒီလိုအသံတွေ ကြားနေရတော့ နဂိုစိတ်ပျော့တဲ့ ကိုရင်သာအေးခမျာ ဆုံးဖြတ်ချက်တစ်ခု ဘုမသိဘမသိချတယ်။ အဲဒီဆုံးဖြတ်ချက်က ရန်ကုန်တက်ပြီး ကွန်ပျူတာဆို တာကြီး ဝယ်ဖို့။

× × ×

သာအေး ရန်ကုန်တက်သွားတယ်။ တစ်ယောက်တည်းတော့ မဟုတ် ဘူး။ ရွာ့ပဏ္ဍိတဆရာကြီးချက်ဖောင်းကိုပါ ပင့်သွားတာ။ သာအေးအဖို့ ကွန် ပျူတာအကြောင်းသိဖို့မပြောနဲ့၊ မြင်တောင်မမြင်ဖူးဘူးလေ။ ဒါကြောင့် စွယ်စုံ ရပညာရှင် ချက်ဖောင်းကို စားပြီးသောက်ပြီး စားရိတ်ငြိမ်းခေါ်သွားရတာ။ တစ်ရွာလုံးကလည်း ချက်ဖောင်းလိုက်သွားမှ သင့်တော်မယ်ဆိုတာ ထောက်ခံကြ တယ်လေ။ ဒီတော့ ချက်ဖောင်းနဲ့သာအေး ရန်ကုန်တက်သွားပြီဆိုကတည်းက ပြန်လာမယ့်ရက်ကို လက်ချိုးရေတွက်ရင်း စောင့်နေတယ်။ အားလုံးစိတ်ထဲမှာ ကွန်ပျူတာဆိုတာကြီးလည်း တွေ့ချင်နေကြပြီလေ။

ဟုတ်ကဲ့။ ဘယ်ကြာလိုက်မတုန်း၊ တမြန်နေ့ မနက်လင်းအားကြီးမှာ ကိုရင်သာအေးတို့ ပြန်လာတယ်။ သူတို့လက်ထဲမှာလည်း ခပ်ကြီးကြီးတွေ ပါကင်ကြီးပွေ့လို့။ နှစ်ယောက်လုံးကလည်း စစ်သူကြီးလို မျက်ဝန်းမှိုးနဲ့၊ ချက်ဖောင်းကြည်နူးပုံကိုကြည့်ဦး။ ပါးစောင်နှစ်ဖက်ဆိုတာ ပြုံးပျက်ထွက်နေ တာ။ ပြုံးပြုံးကြီးတွေနဲ့ နှစ်ယောက်သား ချီတက်သွားတာ။ စောင့်ကြိုနေတဲ့

ပရိသတ်ကိုတောင် လက်ပြမသွားနိုင်တော့ဘူး။ ရွာသားတွေလည်း အလျှိုလျှိုသူတို့နောက်လိုက်သွားကြတယ်။ ပဒေသာပင်လှည့်သလိုလို၊ ဘုရားပွဲဈေးလိုလိုဖုန်ဆိုတာ တထောင်းထောင်းနဲ့။

အားလုံး ကိုရင်သာအေးရဲ့တဲကို ဝိုင်းမိတော့ သူတို့စောင့်စားနေတဲ့လိုတရဖန်ဆင်းရှင် ကွန်ပျူတာကြီးကို လှလှပပ တွေ့လိုက်ရတော့တာပဲ။

"ကဲ ကဲ အားလုံးမတိုးကြပါနဲ့၊ လူစုံပြပေးသွားပါ့မယ်၊ ဖြစ်ပုံက ဒီလိုဂလိုဗယ်လိုက်ဇေးရှင်းသိဖို့ရာမှာ ကွန်ပျူတာအကြောင်းက အခရာပဲလေ ဒီတော့ ကွန်ပျူတာရဲ့ အခြေခံသဘောတရားတွေကို အရင်ဆုံးရှင်းပါ့မယ်" ဆိုပြီး အညွှန်းစာအုပ်ကိုကြည့်ပြီး ဝါးခြမ်းပြားနဲ့ထောက်ကာထောက်ကာရှင်းပြပါတော့တယ်။ မိုးလေဝသ အခြေအနေ ရှင်းပြမယ့်ဆိုဒ်မျိုး။

"ဒါက မောက်စ်လို့ခေါ်တယ်၊ မြန်မာလို ကြွက်ပေါ့၊ ဟိုဘက်ဒီဘက်ပြေးလို့ ရတယ်လေ၊ ဒီမှာတွေ့လား၊ ဟောဒီမှာ ဟင်းဟင်း သေသွားမယ်၊ ပြီးတော့ ဟောဒါလေးက ကီးဘုတ်၊ ကီးဘုတ်ဆိုတာ အော်ဂင်ပေါ့၊ ဟောဒါကိုကျတော့ မော်နီတာလို့ခေါ်တယ်၊ အတန်းခေါင်းဆောင်ပေါ့။ ဘာလို့လဲဆို ဒီကောင်မရှိရင် ဘာမှလုပ်မရဘူးလေ။ ဟုတ်ပြီနော်။ နောက်မှ မသိလိုက်ဘူးဆိုရင် သေမယ့်သာကြံ"

ကွန်ပျူတာထဲမှာ
ကြွက်တွေရော၊
အော်ဂင်တွေရော၊
အတန်းခေါင်းဆောင်တွေရော
ပါနေတာဆိုတော့ နားရှုပ်ပြီး
မျက်စိပါလည်ကုန်တယ်။



ချက်ဖောင်းရှင်းသမျှ ရွာသားတွေလည်း မျက်ပြူးဆန်ကြောင်



သူတို့စိတ်ထဲ မရှင်းဘူး။ ကြည့်ဦးလေ။ ကွန်ပျူတာထဲမှာ ကြွက်တွေရော၊ အော်ဂင်တွေရော၊ အတန်းခေါင်းဆောင်တွေရော ပါနေတာဆိုတော့ နားရှုပ်ပြီး မျက်စိပါလည်ကုန်တယ်။ ဪ ဒါကြောင့်လည်း ကွန်ပျူတာဟာ စုံစီနဖာ လုပ်လို့ရတယ်ဆိုတာ ဟုတ်မှာဆိုပြီး တွေးတဲ့လူလည်းတွေးလို့။

"ကိုချက်ဖောင်းရေ ကွန်ပျူတာနဲ့ အလုပ်တွေ လုပ်ပြပါတော့ဗျို့"

စိတ်မခိုင်တော့တဲ့ ရွာသားက သိချင်စိတ်ကို မဖုံးနိုင်မဖိနိုင် ထအော်တယ်။ နောက်ပါရွာသားတွေကလည်း သံသေးသံကြောင်မျိုးစုံနဲ့

"ဟုတ်တယ် မြန်မြန်ပြပါတော့ဗျို့။ ကွန်ပျူတာပြောတာ"

"ကျုပ်လည်း မြင်ချင်လှပြီ၊ ဟင်းဟင်း ကွန်ပျူတာကိုပဲ"

"ဒီဘက်ကလည်း အူယားနေပြီနော်၊ ပြမှာသာပြ"

သူလိုချင်တဲ့ တောင်းဆိုသံတွေ ကြားပြီဆိုတော့ ချက်ဖောင်းလည်း ပြုံးမြင်တယ်။ (အဲ ကွန်ပျူတာကိုပါပဲ)ပြတာမှ ရိုးရိုးပြတာမဟုတ်ဘူး။ အဝတ်ဖုံးထားတဲ့ ကွန်ပျူတာရှေ့မှာ မျက်လှည့်ဆရာလို ဝှေလည်ကြောင်ပတ်တွေ လုပ်ပြီး ဖျတ်ခနဲ ဆွဲဖွင့်ပြလိုက်တာ။

"ဟယ် ဒါလား။ ကွန်ပျူတာ"

"အေး ငါကြားဖူးတာ ဝိုင်းဝိုင်းလေးနဲ့ အလယ်မှာ ဘုပါတာဆို ဒီလိုကျတော့လည်း မည်းမည်းပြားပြားပါလား"

ဝေဖန်သံတွေထွက်လာပေမယ့် ချက်ဖောင်းက ဂရုမစိုက်ဘူး။ ကွန်ပျူတာရှေ့ ဆောင့်ကြောင့်ထိုင်ရင်း ဖန်သားပြင်ပေါ် တစ်ခုခုပေါ်လာဖို့ ကြိုးစားနေပြီ။ ရန်ကုန်ဆိုင်မှာတုန်းက အရောင်းဝန်ထမ်းတွေက သူ့ကိုသေချာပြလိုက်တာပါပဲ။ မှတ်ရပါများတော့ ချက်ဖောင်းလည်း မေ့တစ်ဝက်ပဲ။ ခလုတ်တစ်ခုချင်းကို စိမ်ပြေနပြေ နှိပ်ကြည့်တယ်။ ဘာမှမပေါ်လာဘူး။ ဘေးကသာအေးကလည်း ရင်ဘတ်လေးဖိရင်း စောင့်ကြည့်နေတယ်။ ရွာသားတွေကလည်း အအေးထက် စိတ်ဝင်စားမှုမလျော့ဘူး။ ကွန်ပျူတာထဲက ဘယ့်နှယ်ဟာကြီးတွေပေါ်လာမလဲ၊ ရင်တထိတ်ထိတ်ဖြစ်နေတယ်။ မတော် အထဲက ကွန်ပျူတာကောင်များထွက်လာရင်အခက်လို့တွေးပြီး လူကြားထဲ ကွယ်သူကကွယ်တယ်။ တစ်ခုခုဆို ပြေးရအောင် အပေါက်ရှာသူက ရှာထားတယ်။ ပြောလို့ရတာ

မဟုတ်ဘူး။ ကွန်ပျူတာဆိုတာ တတ်လည်းတတ်နိုင်တဲ့ဟာ။

× × ×

ချက်ဖောင်းကြိုးစားနေတယ်။ ကွန်ပျူတာကတော့ တုတ်တုတ်မှ မလှုပ်ဘူးရယ်။ ဒါကြောင့် လမ်းညွှန်စာအုပ်ထုပ်ပြီး တတ်သလောက်မှတ်သလောက် လိုက်ရှာတယ်။ ဟော သူတွေ့ပြီ၊ သူတွေ့သွားပြီ။ ပြုံးပြုံးကြီးနဲ့ ခေါင်းမော့လာတယ်။

"လက်စသတ်တော့ ကျုပ်ထင်တဲ့အတိုင်း ဝင်းဒိုးဗျ၊ ဝင်းဒိုးပိတ်နေတာ၊ ဒီတော့ ကိုရင်သာအေးရေ ခင်ဗျားတဲက ရှိသမျှ ဝင်းဒိုး၊ အဲ ပြတင်းပေါက်တွေ အကုန်ဖွင့်လိုက်ဗျာ"

အောင်မြင်ခန့်ညားတဲ့ ချက်ဖောင်းအသံကြောင့် သာအေးလည်း ပျာသွားပြီး ပြတင်းပေါက်တွေ ပြေးဖွင့်တယ်။ ဒါပေမယ့် ကွန်ပျူတာက ထူးခြားမလာဘူး။ ဒီတော့ ချက်ဖောင်း ခေါင်းကုတ်ပြီ။

"မဟုတ်သေးဘူးနော်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ချက်ဖောင်းတစ်ယောက်တည်း ရေရွတ်တယ်။ အားလုံးအကြည့်ကလည်း ကွန်ပျူတာနဲ့ ချက်ဖောင်းဆီကမရွေ့။ ဒီအချိန်မှာ ကိုရင်သာအေးဆီက အသံထွက်လာတယ်။ အသံက တုန်တုန်။

"ဥုဦး ချက်ဖောင်း၊ ရန်ကုန်မှာတုန်းက ဟောဒီကြိုးလေးကို အပေါက်တစ်ခုမှာ 'စွပ်'လိုက်တာမြင်တယ်၊ အဲဒါကြောင့်များလား"

ဆိုပြီး သာအေးက ကွန်ပျူတာရဲ့ 'ပလပ်'ကြိုးလေးကို ကိုင်ပြတယ်။ ချက်ဖောင်း ပထမ အူလည်လည် ဖြစ်သွားတယ်။ ပြီးမှ မစုစေ့တွေ ရေရေပေါ် ဆိုသလို သူတစ်လျှောက်လုံး မေ့ထားခဲ့တဲ့ အခြေခံလိုအပ်ချက်ကြီးကို သတိရသွားတယ်။

"ဟယ် ဟုတ်သားပဲ၊ ဒါဆို ဒီပလပ်ကြိုးကို စွပ်စရာ မီး လျှပ်စစ်မီး"

ချက်ဖောင်း အသံတွေတန့်သွားတယ်။ တံတွေးကို ဂလုဆိုမြိုချပြီး သာအေးမျက်နှာကို ခိုးကြည့်တယ်။ သာအေးမျက်နှာကလည်း လျှပ်စစ်မီးဆိုတဲ့အသံကြားကတည်းက ညှော်ဝနေတဲ့သွေးစုနှာလို ယောင်ကိုင်းမှောင်မှိုင်းသွားတာ။ အဲဒီမျက်နှာမှိုင်းကြီးပေါ်မှာပဲ ဒေါသလှိုင်းက တလိပ်လိပ်တက်လာတယ်။ စဉ်းစားကြည့်လေ။ သူတို့ရွာက လျှပ်စစ်မီးမှ မရှိသေးဘဲနဲ့။ မီးရှိမှသာ သုံးလို့ရမယ်ဆိုရင်လား။ လောက်စာလုံးကမှ နွားဟန်လို့ရသေးတယ်။ ကွန်ပျူတာဆိုတာ ပစ်ရပြီ။ နောက်ပြီး ဒီကွန်ပျူတာကလည်း သုံးနှစ်သုံးမိုး ထန်းတက်ရင်းစုထားတဲ့ငွေ။ အခုတော့ မျက်ထောင့်နီနဲ့ ဖမ်းတည်သွားတဲ့ သာအေးကို ချက်ဖောင်းက ရွှရွှလေးကြည့်တယ်။ ပြီးမှ

"ဟို ဟိုလေ တစ်နည်းနည်းနဲ့တော့ အဆင်ပြေအောင် ကြည့်လုပ်ကြသေးတာပေါ့၊ ဂလိုဗယ်ခေတ်ကြီးပဲဗျာ၊ ကမ္ဘာကြီးဟာ"

"တိတ်လိုက်"

သာအေးအသံက ထန်းတောတစ်ခုလုံး ပဲ့တင်ဟိန်းသွားတယ်။ ရွာသားတွေလည်း ဘုမသိဘမသိ၊ ခြေလှမ်းတွေ နောက်ပြန်ဆုတ်တယ်။ အနေအထားက လေဖိအားနည်းရပ်ဝန်းကနေ ဆိုင်ကလုံးအဖြစ် ပြောင်းလဲချိန်မှာတော့ ရာသီဥတုဟာ ချက်ဖောင်းဘက် လုံးဝမပါတော့ဘူး။ အခြေအနေရိပ်စားမိတဲ့ ရွာသားတချို့ မိုးလေလွတ်ရာပြေးတယ်။ အနောက်မြင်ကွင်းတွေ အားလုံးမှိုင်းညို့ကျန်ခဲ့တယ်။

× × ×

(ဇာတ်ပေါင်းသော်)

'ဂလိုဗယ်'ရွာလို့ မပြောရဘူး။ နောက် ငါးမိနစ်လောက်မှာပဲ တစ်ရွာလုံးပျံ့သွားတဲ့ သတင်းတစ်ခု ထွက်လာတယ်။ တောင်ပိုင်းထန်းတောထဲမှာ လူနှစ်ယောက် ကမ္ဘာကြီးပူနွေးမှုကို အံတုရင်း၊ စိန်ပြေတမ်း ကစားနေကြသတဲ့။ လေဆင်နှာမောင်းတိုက်သလို ဖုန်လုံးကြီးတွေ တလိပ်လိပ်တက်လာတာတဲ့။ အဲဒီဖုန်လုံးတွေကြားထဲကမှ လူတစ်ယောက် ပြေးထွက်လာတယ်တဲ့။ အဲဒီလူက ချက်ဖောင်းဖြစ်နေပြီဆိုရင် နောက်ကလူကို မမှန်းဘဲ တန်းခနဲသိနိုင်ကြပါရဲ့။ သူ့ခါးမှာ ထန်းလှီးဓားကြီးနဲ့လေ။

ခ က အ ရ ယ် လျှ တဲ့
ဝ. ဖြည်ဆု

# ရောမရောက် ၂၁ရာစုလူသား

# ခွင်း



ရောမရောက် ၂၁ရာစုလူသား

ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ မြို့ကြီးတွေရဲ့အိမ်သာမှာ ကိစ္စရှင်းမယ်ဆိုရင်တော့ သေချာတယ်၊ ထောင့်မှာ ကွမ်းတံတွေး ရှိနေလိမ့်မယ်။

ကျေးလက်ဒေသမှာ အိမ်သာတက်မယ်ဆိုရင်တော့ အောက်ကို မကြည့်ပါနဲ့၊ အောက်မှာ တုတ်ချောင်းတွေ တန်ပေါင်းများစွာ ရှိနေလိမ့်မယ်။

အဲဒါကြောင့် တောလည်းမကျ၊ မြို့လည်းမကျတဲ့ ရပ်ကွက်လေးမှာ ကျွန်တော် အိမ်သာတက်ကြည့်ဖူးတယ်။

"ကျွိ ကလောက်အင်း"

ပထမ တံခါးပိတ်တယ်။

အလယ် ဂျက်ထိုးတယ်။

အဆုံး . . . . ။

ရေထည့်ထားတဲ့

…ဒိုးကလည်း ညစ်ပတ်လိုက်တာ။ ရေအိုးထဲမှာလည်း ရေညှိတွေနဲ့ဆိုတော့

"ထွီ"

ရေကိုကြည့်ပြီး ကျွန်တော် ရွံလာပါတယ်။ အဲဒါနဲ့ပဲ အိတ်ကပ်ထဲ…လာတဲ့ တစ်သျှူးနဲ့ ကိစ္စရှင်းလိုက်တယ်။

ကံဆိုးချင်တော့

တစ်သျှူးပေါက်သွားပါတယ်။ လက်ခလယ်တည့်တည့်ပါ။

လူ့အကျင့်ကို သိတယ်မို့လား?

နံပါတယ်ဆိုတာ သိသိကြီးနဲ့ နမ်းကြည့်ချင်တယ်။ အဲဒီနမ်းကြည့်…ချင်တဲ့စိတ်ကပဲ ကျွန်တော့်ကို ဒုက္ခပေးတာပါ။

"ထွီ နံလိုက်တာ"

အနံ့ပျောက်စေချင်လို့လား၊ လွင့်စင်သွားစေချင်လို့လားဆိုတာ မသိ…ပေမယ့် အဲဒီလက်ကို ခါမိပါတယ်။

ခါတဲ့လက် ဘာဖြစ်မယ်ထင်သလဲ?

ဟုတ်ကဲ့။

ခါတဲ့လက် အိမ်သာတိုင်နဲ့ မိတ်ဆက်ပါတယ်။

ဟို လက်ခလယ်ကိုပဲ ထိပါတယ်။

ရုတ်တရက် နာကျင်မှုက အသိစိတ်ကို ဖုံးသွားပါတယ်။

နာကျင်တဲ့လက်ကိုတော့ အာငွေ့နဲ့ ဖုံးထားပါတယ်။ နာကျင်တာ…က်သာနိုးနိုးနဲ့ ပါးစပ်ထဲငုံထားတဲ့လက်က ဟို လက်ခလယ်ပါ။ သေချာ…ာယ် တစ်သျှူးပေါက်သွားတဲ့ လက်ခလယ်ပါ။

ဖင်ဆေးဖို့ ရွံပါတယ်ဆိုတဲ့ရေလည်း


အဟမ်း. .

နောက်ဆုံး. . ပါးလုပ်ကျင်းဖြစ်ပါတယ်ခင်ဗျ။

မှတ်ချက်။ ။ အိမ်သာ ဘက်လျှင် တစ်သျှူးမသုံးပါနဲ့၊ တစ်သျှူးသုံး…လျှင် တစ်ထပ်တည်း မဖြစ်ပါစေနဲ့။

ခွင်း

# ဝကဂပီဝိုင်စန့်
## ဒိုက်ဒီယာတကော့ဂျာက်



# တာလီတိုင်းစန်

မင်္ဂလာပါမောင်မှေးကြီး ကမ္ဘာကျော်လက်ဝှေ့သမားမိုက်တိုင်ဆန် အယောင်ဆောင်၍ ကိုဘကျောက်အိမ်ရောက်နေသည်မှာ လာမည့်ပြာသိုလ ဆန်း(၁)ရက်နေ့ဆို(၃)လပြည့်တော့မည်။ ကိုဘကျောက် မှေးကြီးမှန်းသိသ ချင်း အိမ်ပေါ်မှ မောင်းချခဲ့သော်လည်း ကွန်ကရစ် ဇလီဖားတုံးထက် အခွက်ဖ လှသော သူတောင်းစားကို ဘယ်လိုနည်းနှင့်မှ ကုတ်နှင့်ကော်ထုတ်လို့မရခဲ့ သူ့အစ်ကို အောင်စိန်ကြီးကို ရလိုရငြားသွားပြောတော့လည်း အဆဲခံရတာ အဖတ်တင်သည်။

ထို့ကြောင့် ကိုဘကျောက်အတော်လေး စိတ်ညစ်နေသည်။ ဒီကြား ထဲ လေဒီဘကျောက်မှာလည်း မှေးကြီး အိမ်ပေါ်စရောက်ပြီး(၁)လလောက် ကတည်းက သူ့အမေအိမ် ဆင်းသွားသည်။ အခုအချိန်ထိ လိုက်ခေါ်၍မရ သေး။

"ထမင်းစားမယ်"

ဘုရားအိုးစင်အောက်မှာရှိသော ကလပ်ကလေးပေါ် ဆောင့်ကြောင့် ကလေးတက်ထိုင်နေသည့် မှေးကြီးအော်သံ။ ကိုဘကျောက် ဒေါသထောင်



ခနဲ ဖြစ်သွားသည်။

"ဟော့ကောင် ထမင်းကို အမြဲတမ်း အခန့်သား ထိုင်စားနေရအောင် မင်းကဘာကောင်လဲ"

ကိုဘကျောက်အမေးကို မှေးကြီး သောက်ဂရုမစိုက်သလို မွှမွှလေး ပြုံးလိုက်ပြီး

"ခင်ဗျား လိုလိုလားလားနဲ့ခေါ်ထားတဲ့အကောင်လေ၊ သွားပါ၊ စကား တွေအများကြီးပြောနေရင် မောတာပဲ အဖတ်တင်လိမ့်မယ်၊ ထမင်းသွားခူး ချည်၊ ဒီမှာ ကျွပ်ဗိုက်လေး အတော်ဟာနေပြီ"

ကိုဘကျောက် ဒေါသတွေ အထွတ်အထိပ် ရောက်သွားသည်။

"ဟာရင် လဲသေလိုက်ကွာ၊ မင်းကျွေးဖို့ ဘာထမင်းမှမကျက်သေး ဘူး။ အေး ဒါကိုမှ မကျေနပ်ရင် အိမ်ပေါ်ကဆင်း"

သူ့စကားဆုံးတော့ မှေးကြီးမျက်နှာ အရောင်လက်သွားတယ်။ နောက် ကိုဘကျောက်ရှေ့ လက်ဝါးလေးဖြန့်လိုက်ပြီး

"ဒါဆို အရက်ဖိုးတစ်ထောင်ပေး"

ကိုဘကျောက် မျက်လုံးကြီးပြူး၍

"ဘာလို့ပေးရမှာလဲကွ"

"ဩော် ထမင်းမကျက်သေးဘူးဆို၊ အစ်ကို အေးအေးဆေးဆေး ချက်လို့ပြုတ်လို့ရအောင် ကျွန်တော် လမ်းထိပ်က ဖားပုဆိုင်မှာ ရှုကီထုရင်း သွားစောင့်နေမယ်လေ၊ ထမင်းဟင်းကျက်တော့ အစ်ကိုလာခေါ်ပေါ့"

"ဘာကွ"

ကိုဘကျောက်အော်သံက အတော်ကျယ်တယ်၊ မှေးကြီး သောက်ဂရု စိုက်သလို သူ့မျက်နှာ လက်ညှိုးလေး လှမ်းထိုးလိုက်ပြီး

"ဘာလဲ မပေးဘူးလား"

"အမ်"

သူ ဘာဆက်ပြောရမှန်းမသိဖြစ်သွားသည်။ မပေးလျှင် ဟိုအကောင် အိမ်ထဲရှိပစ္စည်းတွေ တစ်ခုမဟုတ်တစ်ခု ခိုးတော့မည်ကို။

"ရော့"

**မေးကြီးစရောက်ကတည်းက သူချခဲ့တဲ့ သက်ပြင်းတွေကို စုလိုက်ရင် မြန်မာပြည်ကို ဒုက္ခပေးသွားတဲ့ နာဂစ်ဆိုတာကြီးထက် ပိုကြီးသွားမလားပဲ။**

ကိုဘကျော် မသက်မသာနှင့် ဆောင့်ကြီးအောင့်ကြီး လှမ်းထိုးပေးလိုက်သော တစ်ထောင်တန်ကို မေးကြီး ဆတ်ခနဲဆွဲယူကာ

"ဟား ဟား ဒီလိုမှပေါ့ဗျာ၊ လူဆိုတာ အခုလိုပဲ ကိုယ့်တာဝန်ကိုယ် ယူရဲရတယ်၊ နောက်လဲမှတ်ထား၊ မေးကြီးရှိခိုး သွားမကျိုးတဲ့၊ မင်္ဂလာတရားတော်နဲ့အညီနေတဲ့ ကျုပ်ကို ရိုသေကိုင်းရှိုင်းနေသ၍ ဘယ်တော့မှ ကိုယ့်ဆရာ ရန်သူမျိုးငါးပါးနဲ့ ဒုက္ခမရောက်စေရဘူး၊ ဟား ဟား မှတ်ထားနော်၊ ဟား ဟား ဟား"

ရန်သူမျိုးငါးပါးထက် သူပေးတဲ့ဒုက္ခတွေက ပိုကြီးနေတယ်ဆိုတာတော့ သိပုံမပေါ်၊ တဟားဟားရယ်မောပြီး အိမ်ပေါ်က ဆင်းသွားတယ်။

"ဟူး"

ကိုဘကျော် သက်ပြင်းချသံက တော်တော်ကျယ်တယ်။ အတော်လေးလည်း ကြီးတယ်။ မေးကြီးစရောက်ကတည်းက သူ ချခဲ့တဲ့ သက်ပြင်းတွေကိုစုလိုက်ရင် မြန်မာပြည်ကို ဒုက္ခပေးသွားတဲ့ နာဂစ်ဆိုတာကြီးထက် ပိုကြီးသွားမလားပဲ။

"ဒီခွေးမသား အိမ်ပေါ်ကဆင်းသွားအောင် ငါ ဘယ်လိုလုပ်ရမလဲ"

ထိုသို့ရေရွတ်ကာ ကိုဘကျော် ခေါင်းတယမ်းယမ်းလုပ်နေသည်။ ဒီအတိုင်း သူ ဆက်သည်းခံနေ၍ မဖြစ်တော့။

ထိုအချိန်

သူ့ခေါင်းထဲ အလင်းတန်းတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာသည်။

"ဟုတ်တယ်၊ ဒီအိမ်မှာ ငါမရှိရင် ဒီကောင်လည်း ဘယ်လိုနည်းနဲ့မှ အငတ်ခံပြီး ဆက်နေမှာမဟုတ်ဘူး၊ သူ့အတွက် (၁)ရက် (၁)သောင်းလောက်နဲ့ (၁)လ(၃)သိန်းလောက် အမြဲအကုန်ခံနေမယ့်အစား(၅)သိန်းလောက်ရင်းပြီး ငါ ဘုရားဖူးထွက်လိုက်တာကမှ ဒီကောင့်ကို မောင်းထုတ်ပြီးသားဖြစ်တဲ့အပြင် ကုသိုလ်တောင် အချောင်ရဦးမယ်၊ အင်း ကုသိုလ်ကထားပါ၊ အဓိက ဒီကောင်အိမ်ပေါ်က သူ့စရိတ်နဲ့သူဒိုးသွားဖို့အတွက် ငါ အမြန်ဆုံးဘုရားဖူးထွက်ဖို့ ပြင်ရမယ်"



ထိုသို့တွေးမိ၍ ကိုဘကျော် ပြုံးဖြီးဖြီးမျက်နှာကြီးနှင့် ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။ ပျော်လိုက်သည်မှာလည်း ထမကာ့မိအောင်ကို မနည်းထိန်းသားရသည်။ ဟိုအကောင့်ဝဋ်က ကျွတ်တော့မည်ကိုး။

ထို့ကြောင့် . .

× × ×

ထို့ကြောင့် အိုက်ဒီယာဘကျော် မေးကြီးမပြောနှင့် အိမ်ပေါ်က ဆင်းသွားသော မသောင်းဟန်ကိုတောင် မသိမပေးဘဲ ဘုရားဖူးထွက်သွားသည်မှာ တစ်လပြည့်ပြီးသည့်အပြင် ဆက်ရက်တောင် စွန်းခဲ့ပြီ။

ဒါကြောင့် ကိုဘကျော် ကျိုက်ထီးရိုးဘုရားကြီးကို ကန်တော့၍ နှုတ်ဆက်ကာ ရန်ကုန်သို့ပြန်လာခဲ့သည်။ လမ်းတစ်လျှောက်မှာလည်း သူ့စိတ်တွေ အတော်လေးကို လန်းဆန်းနေသည်။ ဒီလောက် အချိန်ကြာကြာ မေးကြီး ဘယ်နည်းနှင့်မှ အငတ်ခံ၍ သူ့ကိုစောင့်နေမည်မဟုတ်ဆိုတာကို ကိုဘကျော် အပိုင်တွက်ထားမိသည်ကို။

"ဟင်"

အိမ်ပေါ်ရောက်ရောက်ချင်း အာမေဍိတ်သံနှင့်အတူ ကိုဘကျော် အတော်လေး အံ့အားသင့်သွားရသည်။ သူထင်သလိုမဟုတ်။ အိမ်ထဲမှာ အိမ်ထောင်ပရိဘောဂပစ္စည်းအသစ်တွေ အစုံအလင် ရောက်ရှိနေသည့်အပြင် ဟောင်းလောင်းလေးဖြစ်နေတာ ကြာပြီဖြစ်သော စင်အတွင်းမှာလည်း နောက်ဆုံးပေါ် တီဗီပြားပြားကြီးက ခန့်ခန့်ကြီး စံမြန်းနေလေသည်။

"အင်း ဒီကောင် ထမင်းအငတ်မခံနိုင်လို့ အကြံအဖန်တစ်ခုခုထွက်လုပ်ရင်း ကောင်းကောင်းအဆင်ပြေသွားပုံရတယ်"

ဘာပဲဖြစ်ဖြစ်လေ။ သူ အဆင်ပြေတဲ့အချိန် ငါ့အပေါ် အလိုက်တသိနဲ့ အိမ်ရဲ့လိုအပ်ချက်လေးတွေ လိုက်ဖြည့်ဆည်းပေးထားတဲ့အတွက်တော့ သူ့ရဲ့စေတနာကို ငါ ကောင်းကောင်းကြီးအသိအမှတ်ပြုပေးရမယ်။ မောင်မင်းကြီးသား ငါ့အပေါ် အကြည်အညိုမပျက် အမြဲမစနိုင်ပါစေကွယ်။

ထိုသို့တွေးမိ၍ ကိုဘကျောက်မျက်နှာ ပြုံးဖြီးဖြီးကြီးဖြစ်နေသည်။ အမှန်အတိုင်းပြောရလျှင် အခုလို အကောင်းစားအိမ်ထောင်ပရိဘောဂပစ္စည်းတွေနှင့် ကိုဘကျောက် မနေခဲ့ရဘူး။ ဒါဟာလဲ မှေးကြီးကျေးဇူးကြောင့်ဟုတွေးကာ ကိုဘကျောက် အနားရှိ အနက်ရောင်စိန်ကတ္တီပါဖုံးအုပ်ထားသောဆိုဖာထိုင်ခုံကြီးပေါ် အားရပါးရ ထိုင်ချပစ်လိုက်သည်။

အိနေတာပဲ။ နူးညံ့မှုကလည်း သူတို့လမ်းထိပ်မှာရောင်းတဲ့ ဒေါ်မွှေကောင်းရဲ့ဘီးမုန့်ထက် အဆတစ်ရာလောက်သာတယ်။ ခါတိုင်း ချဉ်စုတ်စုတ်အနံ့တွေကြီးစိုးထားတဲ့ သူ့အိမ်လေးအတွင်းမှာလည်း အခုတော့ စံပယ်ရနံ့ကသင်းသင်းလေး။ ကိုဘကျောက် သင်းသင်းလေးလှိုင်နေတဲ့ စံပယ်ရနံ့ကို တဝကြီးရှူရှိုက်ပြီး စိတ်ထဲမှာ အတော်လေး ပီတိဖြစ်နေတယ်။

"ဦးလေး ဦးလေး"

"ဟဲ့ သောက်ပလုတ်တုတ်"

ရုတ်တရက် အနားကထွက်ပေါ်လာတဲ့အသံကြောင့် ကိုဘကျောက်အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်တယ်။ နောက် သူ့အနားမှာ ခပ်ယို့ယို့လေးရပ်နေတဲ့ အသံရှင်ကို ပြန်ကြည့်လိုက်တော့ အသက်(၂၃)နှစ်လောက်ပဲ ရှိဦးမယ့် ခပ်ချောချောကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။

"ဘာကိစ္စလဲ"





သူ့အမေးကြောင့် ကောင်မလေး မျက်မှောင်ကြုတ်သွားသည်။ နောက် ခေါင်းလေးကုတ်၍ တစ်ခုခု စဉ်းစားဟန်ပြုပြီးမှ

"မဟုတ်ဘူးလေ၊ အဲဒါ သမီးမေးရမှာ၊ ဦးလေးက ဘာကိစ္စလဲ"

"ဟား ငါက ဘာကိစ္စရမှာလဲ၊ နင့်ကိုမေးနေတာ ရှင်းရှင်းလေးနင် ဘာကိစ္စနဲ့ ဒီအိမ်ကိုရောက်လာတာလဲ ဒါပဲ"

"အေးလေ သမီးက ဒီအိမ်ကိုရောက်လာပြီးလို့ ဦးလေးကိုမေးနေတယ်လေ၊ ဦးလေး ဘာကိစ္စနဲ့ ဘယ်သူ့ကိုတွေ့ချင်လို့ ဒီအိမ်ကိုရောက်လာတာလဲ"

"အာ အဲဒါက ငါမေးရမှာလေ၊ ပြောစမ်းမှန်မှန် နင် ဘာကိစ္စနဲ့ဘယ်သူ့ကိုတွေ့ချင်လို့ ဒီအိမ်ကိုရောက်လာတာလဲ"

"ဟာ မဟုတ်ဘူးလေ၊ အဲဒါ သမီးမေးရမှာ"

"ဘာ သမီးမေးရမှာလဲ၊ ငါမေးရမယ့်မေးခွန်းကြီးကို"

"မဟုတ်ဘူး၊ အဲဒါ သမီးမေးရမယ့်မေးခွန်း"

"ငါ့မေးခွန်း"

"သမီးမေးခွန်း"

နှစ်လုံးတည်းနှင့် မျက်မှန်ကျပ်နေသည်။ နောက်ဆုံး ကိုဘကျောက်မှ

"နေပါဦး နင့်မေးခွန်းဆိုရအောင် နင်က ဘာတုန်း"

"ဘာရမှာလဲ၊ သမီးက ဒီအိမ်ရှင်"

"ဟင်"

ကောင်မလေးစကားကြောင့် ကိုဘကျောက် မျက်မှောင်များကြုတ်သွားသည်။ သူ ဘာကိုမှ နားမလည်သေး။ ကောင်မလေး ဂုဏ်ယူသလို ခေါင်းမော့လိုက်ပြီး

"ဟုတ်တယ်၊ ဒီအိမ်ကို သမီးအတွက်ဆိုပြီး ဟိုမျက်ပေါက်ကျဉ်းကျဉ်းနဲ့ ဒါရိုက်တာကြီးက စေတနာနဲ့ သူ့မိန်းမ မသိအောင် ခိုးဝယ်ပေးထားတာတစ်လတောင်ပြည့်တော့မယ်"

"နင့်ဘာသာတစ်လပြည့်ပြည့် မပြည့်ပြည့်ဟာ၊ ဒါ ငါ့အိမ်အစစ်ကြီးပဲ ဥစ္စာ"

"ဟုတ်ပြီလေ၊ ဒါဆို ဦးလေးလည်း ဦးလေးအိမ် ဦးလေးနေ၊ သမီး

လည်း သမီးအိမ်သမီးနေမယ်"

ကောင်မလေး အူကြောင်ကြောင်နှင့် ပြောမိပြောရာတွေ ပြော၍ အနားက လှည့်ထွက်သွားမလိုလုပ်ပြီးမှ

"အား မဟုတ်သေးဘူးလေ၊ ဒါ သမီးအိမ်ပါဆိုမှ၊ ဘယ်လိုလုပ် ဦးလေး အိမ်ဖြစ်မှာလဲ"

"ဟား ဘာလို့မဖြစ်ရမှာလဲ၊ ဒါ ငါ့အိမ်မှ ငါ့အိမ်အစစ်ကြီး"

ကိုဘကျော် လေသံမာမာနဲ့ပြောလိုက်တဲ့စကားဆုံးတော့ ကောင်မလေး တစ်ခုခု စဉ်းစားမိသွားပုံရတယ်၊ ကိုဘကျော်ကို သေချာပြန်ကြည့်ပြီး

"ဒါနဲ့ ဦးလေးက ဦးလေးအိုက်ဒီယာဘကျော်ဆိုတာလား"

"အေး ဟုတ်တယ်"

"ဟာ ဒါဆိုခဏစောင့်"

ပြောပြောဆိုဆို ကောင်မလေး အနားရှိအခန်းထဲ လှစ်ခနဲဝင်သွားသည်။ နောက် ချက်ချင်းဆိုသလို ပြန်ထွက်လာကာ လက်ထဲပါလာသော စာအိတ်တစ်လုံးကို ကိုဘကျော်ထံ လှမ်းထိုးပေး၍

"ရော့ ဒါ ဒီအိမ်ကိုရောင်းခဲ့တဲ့အိမ်ရှင် မင်္ဂလာပါကိုမေ့ကြီးက သူ့အစ်ကိုလူမိုက်ကြီး ထောင်ကထွက်လာရင် ပေးလိုက်ပါဆိုပြီး ပေးခဲ့တာ"

ထိုစကားကြောင့် ကိုဘကျော် ဒေါသထောင်းခနဲဖြစ်သွားသည်။ မေ့ကြီး သူ့ကိုအကြီးအကျယ် ဒုက္ခပေးသွားရုံတင်မက မရှိမဲ့ရှိမဲ့သူ့သိက္ခာလေးကိုပါ ချသွားသည်ကိုး။

ကိုဘကျော် စာအိတ်ကို ဆတ်ခနဲဆွဲယူ၍ ဖောက်ဖတ်ကြည့်လိုက်တော့

**သို့**

**ကြည်ညိုလေးစားရပါသော အိုက်ဒီယာသမားကြီး အစ်ကိုတကျော် ကျွန်တော်ဟာ အချောင်သမားစိတ်ဓာတ်အပြည့်အဝနဲ့ အစ်ကို့ကို အမြဲ ဒုက္ခပေးခဲ့မိပါတယ်၊ နောက် အစ်ကိုအိမ်ပေါ်တက်ဆင်းသွားပြီး နှစ်ရက် မြောက်တဲ့မနက်မှာ သူများဆီ လက်ဝါးဖြန့် ပိုက်ဆံတောင်းနေရတဲ့ ကိုယ့်အဖြစ်ကိုယ်တွေးမိပြီး ကျွန်တော်ဟာရှက်တတ်လာတယ်၊ အထူးသဖြင့် အစ်ကို့ကို နေ့တိုင်း စိတ်သောကရောက်အောင် လုပ်ခဲ့မိတဲ့အတွက် ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်လောက်အောင်ကို ဒေါသတွေဖြစ်မိတယ်။**

**ဒါကြောင့် အစ်ကို ကျွန်တော့်အတွက်နဲ့ နေ့တိုင်းစိတ်သောက မရောက်ရအောင် အစ်ကို့အိမ်ကို သိန်း(၃၀)နဲ့ရောင်းပြီး တော်ရာကို ထွက်သွားပါပြီ၊ အစ်ကို ကျွန်တော့်အတွက် တစ်ရက်(၁)သောင်းလောက်ကုန်တယ်ဆိုတော့ ဒီငွေသိန်း(၃၀)ဟာ ဆယ်လစာကွက်တိပါပဲ၊ အဲဒီ(၁၀)လ အတွင်း အစ်ကို စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေပါ၊ ပျောက်သော သူ ရှာရင်တွေ့ဆိုတဲ့ စကားရှိခဲ့ပေမယ့် အစ်ကို့ကို ဒုက္ခမပေးချင်လို့ တမင် ရှောင်နေတဲ့ ကျွန်တော့်ကိုတော့ လိုက်မရှာပါနဲ့တော့။ (၁၀)လပြည့်လို့ သိန်း(၃၀)ကုန်ရင် ကျွန်တော်ပြန်လာခဲ့ပါ့မယ်၊ ဪ ကျွန်တော် ထွက်သွားတဲ့နေ့ကစပြီး အစ်ကို တာလီလေးတော့ မှတ်ထားနော်၊ ကျွန်တော်လည်း တာလီမှတ်ထားတယ်၊ ဟဲ ဟဲ ဝိုတော့ မမှတ်နဲ့ဗျာ၊ ကျွန်တော့်တာလီနဲ့လွဲနေရင် အစ်ကိုအဆဲခံရမှာ၊ ဒါပဲနော်**

**အစ်ကို့ရဲ့ချစ်ညီလေး**

**မင်္ဂလာပါမောင်မေ့ကြီး**

စာဆုံးသည်နှင့် အိုက်ဒီယာဘကျော် ဒေါသတွေအထွတ်အထိပ်ရောက်သွားသည်။ ဘာဆက်လုပ်ရမှန်းတော့ သူမသိ။ နောက် ဘာကြောင့်ရယ်မသိ သူ့မျက်လုံးသူငယ်အိမ်အတွင်း မျက်ရည်များ ဝေ့ဝဲလာသည်။ မသောင်းဟန်သိလျှင်ကော ဘာတွေဆက်ဖြစ်မည်နည်း။

ကိုဘကျော် ယောင်ယောင်ကန်းကန်းနှင့် ရှေ့စားပွဲပေါ်မှာရှိသော ဘောပင်ကို လှမ်းကိုင်လိုက်မိသည်။ ပြီးနောက် သူ ကြောင်တောင်တောင်နှင့် လက်ဖဝါးပေါ်မှာ တုတ်ချောင်းလေးတွေလိုက်ခြစ်ကာ လေးချောင်းပြည့်လျှင် အထက်အောက်တစ်ချောင်းဆွဲချသည်။

ထိုအရာကို အားလုံးအသိအမှတ်ပြုထားသည်က တာလီ။

အိုက်ဒီယာဘကျော်


ကျွန်မ
ကို
ထမင်းမစားရသေးဘူး

# ကျွန်မတို့ထမင်းမစားရသေးဘူး

ဝါလကင်းလွတ် သီတင်းကျွတ်ရောက်ကြပြီဆိုလျှင်ဖြင့် အရွယ်ရောက်ပြီးသူတိုင်း အမြဲတမ်း အမေးခံရလေ့ရှိသောမေးခွန်းမှာ 'ဘယ်တော့စားရမှာလဲ'ဆိုတဲ့မေးခွန်းမျိုးပဲဖြစ်သည်။ သတိထားမိသလောက်တော့ ဒီလိုမေးခွန်းမျိုးကို အများဆုံးအမေးခံရသည့် နံပါတ်တစ်လူတန်းစားများမှာ အပျိုကြီးလူပျိုကြီး လူတန်းစားများ ဖြစ်ကြသည်။ နံပါတ်နှစ်ကတော့ အရွယ်ရောက်အချိန်ကျနေပြီဟု ယူဆရသော လူတန်းစားများပဲဖြစ်သည်။ သူတို့က အပျိုကြီးလူပျိုကြီးစာရင်းတော့ မဝင်သေး။ ဒါပေမယ့် အိမ်ထောင်ပြုဖို့ အချိန်တန်အရွယ်ရောက်ပြီဟု သတ်မှတ်လို့ရသော အနေအထားများမှာ ရှိကြသည်။

ဒါကြောင့်လည်း လူတွေက သူတို့ကိုလည်း ဝါကျွတ်တော့မည်ဆိုတာနဲ့ သတိတရအမှတ်တရ ရှိတတ်ကြလေသည်။ အဲဒီလိုအမေးခံရလေ့ရှိသော



ဒုတိယလူတန်းစားများမှာ အသက်နှစ်ဆယ့်ငါးနှစ်မှ သုံးဆယ်အတွင်းမှာ ရှိကြပါသည်။ ဒါတောင် ယောကျ်ားလေးတွေက သိပ်အမေးမခံရချေ။ ယောကျ်ားလေးတွေအတွက်လည်း သားဖျိုကညာ အခါမလင့်စေနှင့်ဟူသော စကားကလည်းရှိမှမရှိတာ။ ယောကျ်ားလေးတွေက ဘယ်အချိန်ထုတ်ရောင်းရောင်း စွံတတ်သည့်ပစ္စည်းမျိုး။ သက်တမ်းရင့်လေ ပိုကောင်းလေဖြစ်သည့် ပိုင်စာရင်းဝင် ယောကျ်ားများလားတော့ မပြောတတ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏အသက်သုံးဆယ်အရွယ် အမျိုးသားမိတ်ဆွေများရဲ့ ရည်းစားသနား ချစ်သူကောင်မလေးများမှာ ဆယ့်ရှစ်၊ နှစ်ဆယ်ပတ်ဝန်းကျင်တွေသာ ဖြစ်သောကြောင့်ပင်။ ဒီတော့ ကျွန်မတို့လို အပျိုကြီးစာရင်းလည်း မဝင်သေး၊ နုနုနယ်နယ် ချာတိတ်မလေးအရွယ်လည်း မဟုတ်တော့သော နှစ်ဆယ်ကျော်အစိတ်ပိုင်း အရွယ်တော်တစ်ဆိတ်ဟိုင်းစပြုနေသည့် နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်နှစ်အရွယ်မိန်းကလေးများကိုကြိုက်မည့် အသက်အရွယ်များမှာ မည်သည့်အသက်အရွယ်များ ဖြစ်နိုင်ပါမည်လဲ။

ရှိတောင်ရှိမည် မထင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်မရဲ့သူငယ်ချင်းများမှာလည်း ဒီအသက်ဒီအရွယ်၌ အနားမှာ မူးလို့ပင်ရှူစရာရည်းစားလေး တစ်ယောက်တလေသော်မှ မရှိသောကြောင့်ပင်။ ဒီအကြောင်းအရာတွေကို တွေးမိလာရသည်မှာလည်း ဒီဘက်ပိုင်းမှာ လူတွေက ပိုမေးလာသောကြောင့်ပဲဖြစ်သည်။ အပျိုကြီးလည်းမဟုတ်ဘဲ ဘာကြောင့်မေးရတာလဲ။ မှန်းပါသည်။ အချိန်တန်နေပြီမို့လို့ပေါ့။ အရွယ်ရောက်နေပြီလို့ သတ်မှတ်လို့ရနေပြီမို့လို့ပေါ့။ အဲဒီအကြောင်းအရာနှင့် ပတ်သက်ပြီးတော့ ကျွန်မရဲ့မိတ်ဆွေတစ်ယောက်ကတော့ ပြောဖူးသည်။ အဲဒီလိုမေးတဲ့ သဘောတရားဟာ နေ့ခင်းဆယ့်နှစ်နာရီနဲ့ ညနေဘက်ခြောက်နာရီ ခုနစ်နာရီဝန်းကျင်လောက်မှာ မိတ်ဆွေအချင်းချင်း စကားပြောရင်းနဲ့ သတိတရ ထည့်မေးတတ်ကြတဲ့ 'ထမင်းစားပြီးပြီလား'ဆိုတဲ့စကားနဲ့ သဘောတရားချင်း အတူတူပါပဲတဲ့။

သဘောကတော့ ဒီအချိန်ပတ်ဝန်းကျင်လောက်ဟာ ထမင်းစားလေ့စားထရှိတတ်ကြတဲ့ အချိန်တွေမို့ စားပြီးပြီလားလို့ မေးတတ်ကြတာပါတဲ့။ နေ့က်ကိုးနာရီလောက်မှာ ထမင်းစားပြီးပြီလားလို့ ဘယ်သူကမှမမေးသေး။

ဒီလိုပဲ ညကိုးနာရီ ဆယ်နာရီလောက်ကျတော့လည်း ဘယ်သူကမှ စားပြီးသွားပြီလားလို့ မမေးကြတော့ပါတဲ့။ စားပြီးရင်လည်း ပြီးမည်။ မစားရသေးတာလည်း ရှိချင်ရှိမည်။ ဒါပေမယ့် ဒီလို'စားပြီးပြီလား'ဟု ပဋိသန္ဓာရစကားတော့ ဆိုဖြစ်ကြမည်မထင်တော့။

အိမ်ထောင်ပြုခြင်းမှာလည်း ဒီသဘောအတိုင်းပဲ ဖြစ်လိမ့်မည်။ ထမင်းစားချိန်ရောက်နေသလိုပဲ အိမ်ထောင်ပြုရတော့မည့်အရွယ်ရောက်နေတာမို့ မယူသေးဘူးလား၊ ဘယ်တော့စားရမလဲဆိုသော မေးခွန်းတွေကို ကိုယ်က ကြုံနေရခြင်းဖြစ်သည်။ ဒါကြောင့် ကိုယ့်လိုပဲ အမေးခံရတိုင်း စိတ်ဓာတ်ကျနေသော သူငယ်ချင်းတွေကို ကျွန်မက ထမင်းစားပြီးပြီလား ဟူသော ဥပမာနဲ့ပဲ ရှင်းပြရသည်။

"ဟဲ့ နင်တို့တွေ စိတ်ညစ်မနေနဲ့၊ ဒါက စားချိန်သောက်ချိန်ရောက်နေလို့ မေးကြတာ၊ အချိန်ကျော်သွားရင် နင်တို့ကို ဘယ်သူကမှ မမေးတော့ဘူး"

အဲဒီအခါတွင်လည်း သူတို့က ပြန်လည်ညည်းတွားပြောဆိုကြသည်မှာ

"ဟဲ့ အဲဒါကလည်း အသက်လေးဆယ်လောက်အထိ မယူသေးလည်း မေးနေကြဦးမှာပဲလေ၊ ဘိုးဘွားရိပ်သာရောက်တော့မှပဲ ရပ်မှာ"


ဖြစ်တော့လည်း ဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံမှလွဲ၍ အမြဲတမ်းလိုလို ရောက်လာတတ်သော ဖိတ်စာများ၏ သတို့သမီးများမှာ ကိုယ့်ထက်တောင် ငယ်ရွယ်သူတွေ များနေသောအခါ ကိုယ်တွေကတော့ ဘာကြောင့် အိမ်ထောင်မပြုဖြစ်သေးတာလဲဟူသော မေးခွန်းကို ကိုယ့်ဘာသာကိုယ် ပြန်လည်ဆန်းစစ် မေးခွန်းထုတ်ခဲ့စမြဲပဲ ဖြစ်ပါသည်။ ဒါပေမယ့်လည်း အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ် မိန်းမတစ်ယောက်အတွက် သိပ်အချိန်ကျလှပြီလည်း မထင်မိသေးပါ။ ကိုယ့်ကိုကိုယ်မို့လည်း ဖော့တွေးတာလည်း ဖြစ်နိုင်ပါသည်။

ငယ်ငယ်တုန်းကတော့ ပတ်ဝန်းကျင်သည် ဒီကောင်မလေး ရည်းစားရှိသလားဟု မေးခွန်းထုတ်တတ်ကြသည်။ မငယ်လျှင်တော့ ရည်းစားရှိတာ



ရှိတာထက် ဘယ်တော့ယောက်ျားယူမလဲ၊ ဘယ်တော့စားရမလဲဆိုတာပဲ မေးတတ်ကြတော့သည်။ ကျန်တဲ့အချိန်တွေမှာ သိပ်မသိသာပေမယ့် အခုလို သတင်းကျွတ်တော့မည့် အချိန်မှာတော့ သိသာလာသည်။ ဒါကြောင့်ပဲ ကိုယ့်ကိုကိုယ် မချစ်တတ်တဲ့ မိန်းမတစ်ယောက်များ ဖြစ်နေလားလို့လည်း ခဏ ခဏ တွေးစားကြည့်ခဲ့ဖူးသည်။ အချစ်ဝတ္ထုတွေရေးနေသော စာရေးဆရာမ တစ်ယောက်က အချစ်ကို မတွေ့ဖူးဘူးဆိုလျှင်လည်း ယုံချင်စရာအကြောင်း မရှိပါ။

ကျွန်မရဲ့အကြောင်းကို သိကြသော သူငယ်ချင်းတချို့က ကိုယ့်အကြောင်းကိုယ် ဝတ္ထုရေးပါလားဟု အမြဲပြောတတ်ကြသည်။ ဒါပေမယ့်လည်း ကျွန်မက အသာရယ်မောကာ ခေါင်းယမ်းစမြဲပဲဖြစ်ပါသည်။ ကျွန်မတွင် အချစ်



စာရေးဆရာမရဲ့
ဇာတ်လမ်းအစစ်ဟု
သိကြမည်ဖြစ်သော
ပရိသတ်ကလည်း သေချာပေါက်
ကြိုက်နှစ်သက်ကြမည်မှာမလွဲပါ။

ဇာတ်လမ်း များများစားစား မရှိခဲ့ပါ။ ဇာတ်ကောင်တစ်ယောက်သာရှိသော ဇာတ်လမ်းတစ်ပုဒ်သည် ရေးမည်ဆိုလျှင် အင်မတန် ဆွတ်ပျံ့ဖွယ်ကောင်းသော ဝတ္ထုတစ်ပုဒ် ဖြစ်သွားနိုင်သည်။ စာရေးဆရာမရဲ့ ဇာတ်လမ်းအစစ်ဟု သိကြမည်ဖြစ်သော ပရိသတ်ကလည်း သေချာပေါက် ကြိုက်နှစ်သက်ကြမည်မှာမလွဲပါ။ ဒါပေမယ့်လည်း ကျွန်မ အဲဒီဇာတ်လမ်းကို ဘယ်တော့မှ ရေးမည်မဟုတ်။

မရေးချင်ရတဲ့အကြောင်းရင်းမှာ နာကြည်းချက်ကြောင့်လည်းမဟုတ်၊ မခံစားနိုင်သောကြောင့်လည်းမဟုတ်ဘဲ တစ်ဖက်က ဇာတ်ကောင်များမှာ အဲဒီလိုရေးဖို့တောင် ထိုက်တန်လှတဲ့သူများ မဟုတ်၍ပင်။ ဒါပေမယ့်လည်း ဘယ်တုန်းကမှ နေ့ခင်တာမရတတ်ခဲ့ပေမယ့် ဖြစ်လာတဲ့အကြောင်းပေါ် မှာ ကောင်း

တဲ့အကျိုးတွေ ထုတ်တတ်ခဲ့သော ကျွန်မအတွက် စာရေးဖို့ကုန်ကြမ်းတွေကတော့ မက်လောက်စရာ ရရှိခဲ့လေသည်။ ဒီကုန်ကြမ်းတွေနဲ့ စာရေးရင်း ပြင်ပက အချစ်ဆိုတာတွေလည်း ထပ်စိတ်မဝင်စားခဲ့မိတော့။ စာရေးခြင်း အနုပညာ ထဲမှာသာ စိတ်ကို အပြည့်မြှုပ်နှံလိုက်ခဲ့မိသော ကျွန်မသည် 'ဘယ်တော့စား တော့မှာလဲ'တို့၊ 'အပျိုကြီး'တို့ အခေါ်ခံရဘော့မှသာ၊ ဩော် ငါ့ အသက်က ဟူသော အဖြစ်အပျက်ကို သတိရခဲ့မိတော့တာပင်။

သူများတွေ ဖူးစာရှင် ကိုယ်စီကိုယ်စီ တွေ့သွားကြပေမယ့် ကိုယ်က ရော သူများတွေ တွေ့နေတဲ့အချိန်မှာ ဘာတွေလုပ်နေသလဲ၊ ဒါမှမဟုတ် ဘယ် သူတွေနဲ့ ဘယ်လိုတွေများ ထပ်လွဲချော်ခဲ့သလဲဆိုတာ စဉ်းစားမိတော့သည်။ အဲဒီအဖြစ်အပျက်တွေကတော့ ပြုံးချင်စရာကောင်းသဖြင့် ပရိသတ်ကို ပြော ပြချင်ပါသေးသည်။ ပထမဆုံးမှတ်မိသောတစ်ယောက်မှာ သူ့ကို ကျွန်မ မမြင် ဘူးသေးချေ။ အဲဒီအချိန်တွင် ကျွန်မက စာရေးဆရာမပေါက်စဘဝပဲ ရှိသေး သည်။ (အခုတော့ ရင့်ကျက်နေပြီဟုလည်း မဆိုလိုပါ)အဲဒီအချိန်တွင် ပါဆယ် တွေဖြင့် ကျွန်မဆီသို့ ဘောပင်တွေ ဒါဇင်လိုက်ရောက်လာတာမျိုး၊ ချောကလက် တွေ၊ အရုပ်တွေ၊ ရေမွှေးကတ်လေးတွေ၊ အသစ်ထွက်တဲ့ သီချင်းစီဒီတွေစသဖြင့် နှစ်ရက်၊ သုံးရက်ခြားတစ်ခါ ရောက်လာတတ်သည်။

လူကဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရတော့ ကြာလာသောအခါ နည်းနည်းစိတ်ဝင်စားလာသည်။ သူက ကျွန်မကို စာရေးဆရာမမှန်းသိသဖြင့် စာရေးကိရိယာပစ္စည်းလေးတွေ ပေးပို့တက်တာကိုလည်း စိတ်ထဲက သဘော ကျနေမိသေးသည်။ (ကျမှာပေ့ါ ဘောပင်ဖိုး၊ စာရွက်ဖိုး အကုန်သက်သာတာ ကို) ဒါပေမယ့်လည်း သူက လုံးဝလူလုံးထွက်မပြသေးချေ။ ကြာသောအခါ သူ့အကြောင်းက ကျွန်မတို့သူငယ်ချင်းတွေကြားထဲမှာ ပြောစရာဖြစ်လာသည်။

မမြင်ရတဲ့သူ့ကို မှတ်ချက်တွေ အမျိုးမျိုးပေးကြသည်။ ကျွန်မက ကိုးရိုးယားမင်းသား ကင်ရေးဝန်(တစ်ခါတုန်းက တက္ကသိုလ်)ကို သိပ်ကြိုက် သူမို့ သူနဲ့တူဖို့ မျှော်လင့်သည်။ သူငယ်ချင်းတစ်ယောက်ကတော့ Romantic ဆန်တဲ့လူဆိုတော့ စတိုင်လ်ကလည်း လန်းမှာပဲဟု မှတ်ချက်ချသည်။ ဒီလိုနှင့် လအနည်းငယ်ကြာသောအခါမှ ကျေးဇူးရှင်က ကျွန်မကို ဆက်သွယ်လာတာ



ဘုရားမှာတွေ့လျှင် သူ လာနှုတ်ဆက်မည့်အကြောင်း ပြောလေသည်။ အဲဒီတုန်း က ကျွန်မဟာ နံနက်စောစော အမြဲတမ်း ဘုရားတက်တတ်သူ ဖြစ်ပါသည်။ ကျွန်မနှင့်အတူတူ ညီမတစ်ဝမ်းကွဲလည်းပါသည်။

နောက်တစ်နေ့ ဘုရားရောက်သောအခါ ကျေးဇူးရှင်ကိုတွေ့ပါတော့ သည်။ အရပ်က ကျွန်မထက်ပုကာ မျက်နှာမှာ ဝက်ခြံက ခြေချစရာနေရာပင် မရှိ၊ အသားကလည်း မည်းသေးသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ထိပ်ကလည်း ပြောင်နေသေးသဖြင့် အတည်ပေါက်ကြီးဖြင့် ဟောက်စားလုပ်ကာ နောက် နောင် ပါဆယ်တွေမပို့တော့ရန် တားမြစ်ပြီး ညီအစ်မနှစ်ယောက် မြန်မြန်ပြန် ခဲ့ရသည်။ ကျေးဇူးရှင်က ဒီလောက်နဲ့ လက်မလျှော့သေးချေ။ သူ့ရဲ့Romantic အစီအစဉ်ဖြင့် မအောင်မြင်သောအခါ အောင်သွယ်ဖြင့် လူကြီးချင်းနားဖောက် သည်။ အောင်သွယ်သည် ကျွန်မမှာသာ သမီးရှိခဲ့ပါက ချက်ချင်းပေးစားချင် အောင် သူ့အရည်အချင်းတွေကို မစားရဝခမန်း ထုတ်ဖော်ပြောဆိုသည်။ ဒါပေမယ့်လည်း ညစာလည်းမခက်သော၊ လှတာလည်းမက်သော ကျွန်မက တော့ ဗဲရိုးဆောရီးသာ လုပ်လိုက်ရတော့သည်။

ဒါတောင် နောက်ပိုင်းမှာ အောင်သွယ်က သတင်းပို့သေးသည်မှာ သူဟာ ကျွန်မကိုမှ မရရင် ဘုန်းကြီးဝတ်တော့မှာဆိုပဲ။ ကျွန်မ သိပ်အကြာ ကြီးမစောင့်လိုက်ရပါ။ သူသည် လွန်ခဲ့သော ၂၀၀၉ သီတင်းကျွတ်တွင် မင်္ဂလာ ဆောင်သွားပြီဖြစ်ပါသည်။ ကျွန်မတို့ သူငယ်ချင်းတစ်စုမှာ သူ့အကြောင်းပြော ပြီး မရယ်ဖြစ်ကြပါ။ ခွက်ထိုးခွက်လန်သာ ဟားဖြစ်ကြလေသည်။ နောက်ထပ် တွေ့ရသော ယောက်ျားများသည်လည်း ဘာ့ကြောင့်များ စိတ်ပျက်စရာကောင်း နေခဲ့သလဲတော့ မပြောတတ်တော့ပါ။ လူကွယ်ရာမှာ သူ့စာမူခက ဘယ်လောက် ရသလဲဆိုတာမျိုး စုံစမ်းရတာနဲ့၊ မိသားစုအခြေအနေက ဘယ်လိုရှိသလဲ စုံစမ်း ရတာနဲ့၊ ကိုယ်တောင် ခေါင်းခေါက်အရွှေးခံနေရသလား မပြောတတ်တော့ပါ။ ခေတ်တွေပြောင်းလဲလာသလို ယောက်ျားတွေရဲ့ ရွေးချယ်မှုစံနှုန်းတွေကလည်း ပြောင်းလဲလာသလားတော့ မသိပါ။ ပတ်ဝန်းကျင်မှာ မြင်တွေ့နေရတာတွေ သည် အိမ်ထောင်ရေးကို စိတ်ကုန်စိတ်ပျက်စေလေသည်။ ယောက်ျားတိုင်းကို ဆိုလိုတာတော့ မဟုတ်ပါ။ ကောင်းတဲ့ယောက်ျားတွေလည်း အများကြီးရှိပါ

‘ဒါတို့က
ပြည်တန်ပတ္တမြားကြီးတွေဆိုတော့
တော်ရုံမဝယ်နိုင်ဘူးဟဲ့၊
တန်ဖိုးမရှိလို့
ရောင်းမထွက်တာမဟုတ်ဘူး။
တန်ဖိုးရှိလွန်းလို့
ဘယ်သူမှမဝယ်နိုင်တာ’

●

သည်။ ဒါပေမယ့်ကိုယ်နဲ့တော့ အကောင်းတွေက ဘယ်တော့မှမတွေ့ရတတ်ပါ။

ကျွန်မသူငယ်ချင်းတစ်ယောက် ပြောသလိုပင် ‘ဒါတို့က ပြည်တန်ပတ္တမြားကြီးတွေဆိုတော့ တော်ရုံမဝယ်နိုင်ဘူးဟဲ့၊ တန်ဖိုးမရှိလို့ ရောင်းမထွက်တာမဟုတ်ဘူး။ တန်ဖိုးရှိလွန်းလို့ ဘယ်သူမှမဝယ်နိုင်တာ’ဆိုသလိုမျိုး ဖြစ်နေလားတော့ မသိပါ။ ရောင်းမထွက်တာလား၊ မရောင်းချင်တာလားဆိုတာတော့ ကိုယ့်ကိုကိုယ်အသိဆုံးပဲ ဖြစ်ပါလိမ့်မည်။ ဒါမှမဟုတ်ရင် တကယ်ကိုပဲ ဖူးစာရှင်နဲ့လွဲရမယ့်ဇာတာမျိုး ပါလာလို့လားတော့လည်း မပြောတတ်တော့ပါ။ ဘယ်တော့မှ အကောင်းနဲ့ မတွေ့ရတတ်ဘူးလို့ပြောခဲ့သော ကျွန်မအတွက် တစ်နေ့မှာတော့ သူငယ်ချင်းတစ်ယောက်က သတင်းထူးပေးလာခဲ့သည်။ သူ့ရဲ့ရာထူးဂုဏ်အင်တွေ၊ အသိုင်းအဝိုင်းတွေကိုတော့ အကျယ်တဝင့် မရေးချင်တော့ပါ၊ (လွတ်တဲ့ငါးလည်း မကြီးချင်တော့) သူဟာ အကောင်ကြီးတစ်ကောင်ပဲ ဆိုပါတော့။ အဲဒီအကောင်ကြီးဟာ ကျွန်မကို စိတ်ဝင်စားနေသည်၊ စုံစမ်းနေသည်၊ ဖုန်းနံပါတ်လည်း တောင်းထားသည်ဟု သူငယ်ချင်းက ပြောထားသောအခါ ကိုယ်ကလည်း ပြော် အေးအေးပေါ့ ဒီတစ်ခါတော့ ငါ့ကံက အကောင်းနဲ့တွေ့ပြီပေါ့ဟု မှတ်ထင်ခဲ့ဖူးသည်။

ဒါပေမယ့်လည်း ထိုကျေးဇူးရှင်က တော်တော်နှင့် ဖုန်းဆက်မလာပါ။ ကျွန်မအကြောင်း ဘာတွေကြားကာ ဘယ်လိုတွေကြောက်နေသလဲတော့ မပြောတတ်။ သူငယ်ချင်းတွေကလည်း စိတ်ဝင်တစား မေးကြသည်။ နေပြည်တော်က ဖုန်းဆက်လား၊ ဘာထူးလဲ စပ်စုကြသော်လည်း အခြေအနေက ဘာမှမထူးကြသောအခါ ကျွန်မလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။ သို့သော် ဒီအတိုင်းပြီးမသွားခဲ့ဘဲ ကံဇာတ်ဆရာက ကျွန်မကို လှလှပပ ကျီစယ်ခဲ့ပါ



သည်။ နေပြည်တော်က ပုဂ္ဂိုလ်သည် မှတ်မှတ်ရရဖြစ်အောင် ဟုဆိုကာ (ဒါတာ နောက်မှ ပြန်သိခဲ့ရခြင်းဖြစ်သည်)ကျွန်မဆီကို Happy New Year လုပ်ဖို့ ဒီဇင်ဘာ(၃၁)ရက်ကျမှ ဖုန်းဆက်ရှာပါသည်။ ဆက်သည့်အချိန်ကလည်း ည ဆယ့်နှစ်နာရီမှာဖြစ်သည်။ သူကတော့ သူ့အတွေးနဲ့သူ ကယ်လ်ဆမ်ကွေကာ သောက်နေခဲ့သော်လည်း ကျွန်မကတော့ အဲဒီညက ဗော်လ်ကာတွေ သောက်သွားခဲ့သည်။

ပြီးခဲ့တဲ့ ၂၀၀၉ New Year တုန်းက ကျွန်မနှင့်သူငယ်ချင်းတစ်စုက ချောင်းသာသို့ ရောက်နေခဲ့တာဖြစ်ပါသည်။ အဲဒီမှာ ကျွန်မနဲ့ခင်သော ယ်ရှင်အဖွဲ့သားတွေလည်း ရုပ်ရှင်လာရိုက်နေခဲ့ကြသည်။ New Year Party ကို အားလုံးပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ ကျွန်မလည်း သူငယ်ချင်းတွေတိုက်သော ဗော်လ်ကာတွေကို အားပေးခဲ့ပါသည်။ ညကိုးနာရီ ဆယ်နာရီက စထားသော ဗော်လ်ကာဇာတ်လမ်းသည် ဆယ့်နှစ်နာရီအထိမှာတော့ ကောင်းကောင်းကြီး အရှိန်တက်နေခဲ့ပြီဖြစ်သည်။ လူက လေထဲမှာ မျောသလိုဖြစ်ကာ တအားပေါ့ပါးနေပြီ။ ရေထဲမဆင်းပါဘဲ လှိုင်းစီးသလိုဖြစ်နေခဲ့သည်။ အဲဒီအချိန်မှာ ဝင်လာသောဖုန်းများကို ဘာတွေ ဘယ်လိုပြောမိခဲ့မှန်းတောင် မသိတော့ပါ။ ဘယ်လိုအိပ်ပျော်သွားမှန်းလည်း မသိတော့။

နေပြည်တော်က ပုဂ္ဂိုလ်သည် အဲဒီအချိန်မှာ ကျွန်မကို ဖုန်းဆက်ခဲ့သော်လည်း သူ့ကို ကျွန်မ ဘာတွေပြောခဲ့သလဲဆိုတာ လုံးဝမမှတ်မိတော့ပါ။ သူသည်လည်းပဲ ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ် ဖုန်းဆက်ခဲ့ခြင်းပဲဖြစ်ပါသည်။ သူ့စိတ်ထဲမှာတော့ ဒေါ်ဆုမြတ်ဟာ ဒီလိုပဲ ဆိုရှယ်ကျ အဲတားရေချိန်ကိုက်နေသော မိန်းကလေးဟု ထင်သွားသလားတော့ မပြောတတ်ပါ။ တီဗီကြော်ငြာထဲမှ ဦးအရိုင်းလို လက်ညှိုးလေးတစ်ချောင်းထောင်ပြီး မသိနိုးနား မျက်နှာလေးဖြင့် ‘တစ်ခါတည်းပါ ဆရာရယ်’ဟုလည်း ရှင်းမပြချင်တော့။ သူငယ်ချင်းတွေကတော့ ကျွန်မကို ဟားကြသည်။ ဒီအကြောင်းကိုလည်း ဝတ္ထုရေးဦးဟု ပြောကြသည်။ ကြုံတဲ့တစ်နေ့မှာ ရေးပါမည်ဟု ကတိပေးထားခဲ့သော ကျွန်မဟာ တကယ်ပဲ အခုရေးလိုက်ပါပြီ။

ဘာအတွက်နဲ့မှ နောင်တမရခဲ့သော ကျွန်မအတွက် လက်ရှိဘဝတ

တော့ သက်သောင့်သက်သာအရှိဆုံးပဲ ဖြစ်လိမ့်မည်။ ပြောသာပြောရသည်။ နံနက်ကို အိပ်ရာက ဆယ်နာရီမှထထတ်သော၊ ညဘက်ဆိုလျှင် တစ်နာရီ နှစ်နာရီမှ အိပ်ဖြစ်သော၊ သူငယ်ချင်းအပေါင်းအသင်းတွေကို သံယောဇဉ်ကြီး တတ်သော၊ အမေဖြစ်သူက အပြည့်အစုံ စီစဉ်ပေးထားသောကြောင့် အိမ်မှုကိစ္စ မှန်သမျှ ဘာမှလှည့်ကြည့်စရာမလိုသော၊ ကိုယ့်ရဲ့နှစ်ဆယ့်လေးနာရီကို ကိုယ် သာပိုင်ဆိုင်သောဘဝကို ဒီအချိန်မှာ ဘယ်နည်းနဲ့မှလည်း မစွန့်လွှတ်ချင်သေး ပါ။ နေတတ်လျှင် ဘဝကြီးက ကျေနပ်ဖို့ကောင်းပါသည်။

ဒါကြောင့် ဘဝတူသူငယ်ချင်းများရော၊ အချိန်ကျ အပျိုကြီးများကို ရော အားပေးချင်သည်။ ဘယ်တော့စားရမလဲတို့၊ သီတင်းကျွတ်ပြီနော်ဆို တာတွေကို တုန်လှုပ်ဖို့မလိုပါ။ ဒါတွေဟာ ထမင်းစားချိန်မှာတွေ့ရလို့ စားပြီး ပြီလားဟု ဝတ်ကျေတမ်းကျေ နှုတ်ဆက်သည့် သဘောသာဖြစ်သည်။ ထမင်း စားချိန်မဟုတ်တော့လျှင် (အချိန်ကျော်သွားလျှင်)ဘယ်သူကမှ မမေးတော့ ပါ။ ပြီးလျှင်လည်း လူတွေက မေ့သွားကြမှာပါပဲ။ လွတ်လပ်စွာနေရခြင်းကတော့ ကိုယ်နဲ့အတူတူ အမြဲရှိနိုင်သည်။ ဒါကြောင့် ဒီအချိန်မှာတော့ ကျွန်မ ထမင်း မစားရသေးဘူးဟူသော ခေါင်းစဉ်ထက် ကျွန်မတို့ထမင်းမစားရသေးဘူးဟု သော အများဆိုင်နာမ်ကိုပြောင်းလဲကာ အချိန်ကျနေသော်လည်း အိမ်ထောင် မပြုသေးသော၊ အချိန်လွန်နေသော်လည်း အိမ်ထောင်မပြုကြသေးသော အထူးသဖြင့် ဒီဝါကျွတ်မှာ မစုံချင်သေးသော၊ ကြီးကြီးငယ်ငယ် အပျိုရွယ် များသို့ ဤဝတ္ထုလေးဖြင့် ဂုဏ်ပြုတင်ဆက်လိုက်ရပါသည်။

ဆုမြတ်မွန်မွန်

**အချစ်ကြီးပုံ**

"ဟော့လူလုပ်ပါဦး၊ ကျွန်တော့်မိန်းမချောင်းကန်ထဲကို ခင်ဗျား ယောက္ခမ ကျသွားလို့ ကယ်ပါဦး"

"အောင်မာ ငါနဲ့ဘာဆိုင်လို့လဲ၊ မင်းမွေးထားတဲ့မိချောင်း မင်းဘာသာမင်း ဆင်းကယ်ပါလား"



ရန် လွ ယ် လွ ယ် ဖြ စ် လို သူ တို င်း အ တွ က်

# ရန်များအောင် စကား ပြောနည်း

ဆရာကြီး ကြပ်ခိုး

"ခွေးတွေသာ စကားပြောတတ်ရင် ဘာဖြစ်မယ်ထင်လဲ။"
" မင်းကိုပေါင်းမယ့်အစား ခွေးကို ပြောင်းပေါင်းမှာပေါ့။"

"လက်ကြောမတင်းတဲ့လူတွေကို အကူအညီမပေးချင်ဘူး"
"လက်ကြောတင်းတဲ့လူတွေကလည်း အကူအညီမလိုဘူး"

"အင်း ဆရာဝန်တို့ရဲ့ စိတ်ထွက်ပေါက်ရအောင် နှစ်သစ်ကူးမှာ ကိုယ့်လူနာဖြစ်ခဲ့သူတွေနဲ့ အချိန်သွားဖြုန်းရင် ကောင်းမလား"
"သင်္ချိုင်းမှာလား"

"ကျုပ်ကိုတွေ့တိုင်း ကိုယ့်အားကိုယ်ကိုး ကိုယ့်အားကိုယ်ကိုးလို့ချည်း ပြောနေကြတယ်။ ဘာလို့လဲ"
"မင်းက ကိုယ့်အားကိုယ်ကိုးဖို့ မေ့နေတာကိုး"

"ဘေးအိမ်ကလူတွေ ဝမ်းသာသွားအောင် ထမင်းဖိတ်ကျွေးရင် မကောင်းဘူးလား"
"မလိုပါဘူး။ ငါတို့အိမ်က တစ်ခုခုပျောက်သွားတယ်ပြောလိုက်၊ သူတို့ ပိုတောင် ဝမ်းသာလိမ့်ဦးမယ်"

"ပညာသင်တာ ဘယ်တော့မှ နောက်မကျဘူး"
"ကျောင်းနောက်ကျကြည့်ပါလား"

■


ဟဲမင်းဝေးနှင့်အပေးအယူ
မျိုးဒါလင်မိုးလေး

# ဟဲမင်းဝေးနှင့်အပေးအယူ

ကျွန်ုပ်သည် စာဗိုလ်လေးအဖြစ်နှင့် တရုတ်ပြည်ချွန်ကင်းရှိ တိုက်ရေယာဉ်တစ်စီးတွင် တာဝန်ကျနေစဉ်က မမျှော်လင့်ဘဲ နာမည်ကြီးမှုတစ်ခုနှင့်ကြုံခဲ့ရ၏။ အဖြစ်အပျက်မှာ တရုတ်လေလံပွဲတစ်ခု၌ အလုံပိတ်ထင်းရှူးသေတ္တာကြီးတစ်လုံးကို လေလံဆွဲမိရာမှ စတင်လေ၏။ သေတ္တာကြီးက လွန်စွာလေးလံလှသည်။ အထဲတွင် ဘာတွေပါမှန်းမသိရ။ ထိုသေတ္တာကို ကျွန်ုပ်ဒေါ်လာသုံးဆယ်နှင့် ရယူလိုက်နိုင်၏။

"အချဉ်တစ်ကောင်တော့ ခံရပြန်ပြီ"

လူတစ်ယောက်ထံမှအသံကို ကြားလိုက်ရသည်။ သို့သော်လည်း ကျွန်ုပ်သေတ္တာကို ဖွင့်လိုက်သည့်အချိန်မှာတော့ လူအများထံမှ အာမေဋိတ်သံများထွက်ပြည်စီသွားတော့သည်။ အထဲတွင် အစီအရီထည့်ထားသည့် ဝီစကီပုလင်းများအားလုံး နှစ်ဒါဇင်တိတိ။ စစ်အတွင်း ချွန်ကင်းလိုအရပ်၌ ရတနာကဲ့သို့ ရှားပါးတန်ဖိုးရှိသည့်ပစ္စည်းများ။



အင်္ဂလိပ်ငနဲတစ်ကောင်က တစ်လုံးသုံးဆယ်ပေးမည်ဟု စတင်ပြောဆို၏။ ကျွန်ုပ်မရောင်းပါ။ သူ့ထက်ဈေးကြီးပေးသူများကိုလည်း မရောင်းပါ။ ကျွန်ုပ်မှာ ပြောင်းရွှေ့ရတော့မည်ဖြစ်သောကြောင့် ထိုဝီစကီများနှင့် ပါတီပွဲကြီးတစ်ပွဲပေးရန်ရည်ရွယ်ထားသောကြောင့် ဖြစ်လေသည်။

ထိုအချိန်လောက်မှာပင် ကမ္ဘာကျော်စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေးနှင့် တွေ့ဆုံဖြစ်တော့၏။ သူကလည်း ချွန်ကင်းသို့ရောက်နှင့်နေသည်လေ။ တစ်နေ့သ၌ ဟဲမင်းဝေး ကျွန်ုပ်ထံသို့ ရောက်လာသည်။

"မောင်ရင့်မှာ ဝီစကီတွေရှိတယ်ဆို"

"ဟုတ်ပါတယ်"

"ခြောက်ပုလင်းလောက်ရောင်းဗျာ၊ ဘယ်လောက်ပေးရမလဲ"

သူက ငွေစက္ကူတစ်ထပ်ကို ထုတ်လိုက်သည်။ ချွန်ကင်းလို အရက်ရှားပါးသည့်နေရာ၌ သူ၏ဝေဒနာကို ကျွန်တော်နားလည်နိုင်ပါသည်။ သို့သော်လည်း

"ခွင့်လွှတ်ပါဗျာ၊ ဒါတွေက ကျွန်တော်ပြောင်းတဲ့အခါ ပါတီပေးဖို့ရည်ရွယ်ထားလို့ပါ"

"ဘယ်လောက်ပေးရပေးရ ပေးပါ့မယ်"

ကျွန်ုပ် အားနာသွား၏။

"ဒါဆို ဒီလိုလုပ်ဗျာ၊ ကျွန်တော် အရက်ခြောက်ပုလင်းပေးမယ်၊ ကျွန်တော့်ကို စာရေးနည်း ခြောက်နည်းပြန်သင်ပေး"

သူက ပြုံးလိုက်ပြီး

"ဒါတော့ လွန်တာပေါ့ကိုယ့်လူရာ၊ ဒီအတတ်ပညာကို ကျုပ်တနှစ်ပြီး လေ့ကျင့်ခဲ့ရတာ"

"ကျွန်တော်ကလည်း အခုလို လေလံပွဲအောင်ဖို့ လေလံပွဲပေါင်းများစွာ အရှုံးခံခဲ့ရတာပဲဗျာ"

"ကောင်းပြီလေ၊ ဒီအတိုင်းလုပ်ကြတာပေါ့"

ဝီစကီခြောက်ပုလင်း သူ့ကိုပေးလိုက်၏။ သူကလည်း ကတိအတိုင်း

**"မောင်ရင်ကတော့ လူလည်ပါပဲကွာ၊
စစ်ပိုလ်မလုပ်ဘဲ ပွဲစားလုပ်ရမှာ၊
ဒါနဲ့ ကျန်တဲ့ပုလင်းတွေကိုရော
မပြည်းကြည့်သေးဘူးလား"**

ငါးရက်အတွင်း သင်ခန်းစာငါးခုပြန်ပေး၏။

ဟဲမင်းဝေးသည် လွန်စွာတော်လွန်း တတ်လွန်းပေ၏။ ထို့ကြောင့်လည်း ကမ္ဘာကျော်ခဲ့ရခြင်းပင်တည်း။ သူ့တွင် ဟာသဉာဏ်လည်း အပြည့်ရှိ၏။ ကျွန်ုပ်ကတော့ ဝီစကီခြောက်ပုလင်းနှင့် သူ့ထံမှ လွန်စွာတန်ဖိုးရှိသော စာရေးနည်းအတတ်ပညာများကို ရလိုက်လေရာ လွန်စွာအူမြူးနေမိ၏။

"လေလံဆိုတာ ရဲတဲ့သူမင်းဖြစ်ပဲဗျ၊ မစ္စတာဟဲမင်းဝေးရေ ကျွန်တော့်ကို ကြည့်ပါလား၊ စွန့်ရဲတော့ အောင်တယ်ပေါ့ဗျာ၊ လေလံတရုတ်တွေ ခံလိုက်ရပြီ၊ မဆွဲရဲတဲ့ကြောက်တွေကိုလည်း မြိန်မြိန်ကြီးကြည့်ပြီး ဟားနိုင်ပြီ။ ဟောခုဆို ခင်ဗျားရဲ့ လျှို့ဝှက်ချက်စာရေးနည်းတွေကိုလည်း ရပြီဗျာ၊ ဘယ်လောက်ပိုင်လဲ"

သူက ပြုံးလိုက်ပြီး

"မောင်ရင်ကတော့ လူလည်ပါပဲကွာ၊ စစ်ပိုလ်မလုပ်ဘဲ ပွဲစားလုပ်ရမှာ၊ ဒါနဲ့ ကျန်တဲ့ပုလင်းတွေကိုရော မပြည်းကြည့်သေးဘူးလား"

"တစ်လုံးမှ မဖောက်ရသေးပါဘူးဗျာ၊ ပါတီပွဲကျမှ အောတိုက်ပစ်လိုက်မယ်လေ ဟီဟီ"

"မောင်ရင်လေးကို ရင်းနှီးလို့ အကြံတစ်ခုပေးလိုက်ချင်သကွာ၊ မိန်းမလှလေးကိုနမ်းဖို့ရယ်၊ ဝီစကီပုလင်းကို ဖွင့်ဖို့ရယ် ဘယ်တော့မှ လက်မနှေးစေနဲ့ လက်နှေးရင် ခံသွားရလိမ့်မယ်"

ဒီနောက်မှာတော့ ဟဲမင်းဝေး ဌာနပြန်ဖို့အကြောင်းပေါ်လာ၏။ ကျွန်ုပ်သူ့အား လေယာဉ်ကွင်းသို့ လိုက်ပို့ဖြစ်သည်။

"ကိုယ့်ဆရာ ကျွန်တော့်ကိုပေးဖို့ သင်ခန်းစာတစ်ခု ကျန်သေးတယ်နော်"



"ကျုပ်မမေ့ပါဘူးဗျာ၊ ပြောတော့မလို့ပါ၊ ဒီမှာ မောင်ရင်လေး လူတွေအကြောင်းကို ရေးတော့မယ်ဆိုရင် ကိုယ်တိုင်ယဉ်ကျေးနေဖို့လိုတယ်၊ လူယဉ်ကျေးဖြစ်ဖို့ အချက်နှစ်ချက်ပဲရှိတယ်၊ အဲဒါကတော့ ကိုယ်ချင်းစာတရားရှိဖို့နဲ့ လောကခံရဲ့ရိုက်နှက်ချက်တွေကို ခံနိုင်ဖို့ပဲ၊ ကံမကောင်းအကြောင်းမလှဖြစ်နေသူတွေကို ဘယ်တော့မှ ပြက်ရယ်မပြုရဘူး၊ ကိုယ်တိုင် ကံမကောင်းအကြောင်းမလှဖြစ်ပြီး ခွေယိုင်သွားမယ်ဆိုရင်တော့ ပြန်ထနိုင်အောင်ကြိုးစားပါပဲ"

"စာရေးနည်းနဲ့ ဘာဆိုင်တာမှတ်လို့ဗျာ"

"သိပ်ဆိုင်တာပေါ့ကွာ၊ မောင်ရင် တဖြည်းဖြည်းသိလာမှာပါ"

ထိုသို့ဆိုပြီးနောက် ဟဲမင်းဝေး လေယာဉ်ဆီသို့ လှမ်းသွား၏။ သုံးလေးလှမ်းလှမ်းပြီးမှ ရပ်တန့်လိုက်ပြီး ကျွန်ုပ်ဘက်သို့လှည့်ကာ

"မောင်ရင့်ပါတီပွဲကြီးမစခင် ကိုယ့်အရက်ကိုယ် အရင်မြည်းကြည့်လိုက်ပါဦး"


ဟု လှမ်းပြော၏။ သိပ်မကြာမီမှာပင် ဟဲမင်းဝေးလိုက်ပါသွားသော လေယာဉ်ကြီးထွက်ခွာသွားတော့သည်။ ကျွန်ုပ်လည်း သူမှာခဲ့သည့်အတိုင်း အိမ်ရောက်သည်နှင့် ဝီစကီပုလင်းတစ်လုံးကို ဖွင့်လိုက်ရာ ဟိုက်ဟုသာအော်လိုက်နိုင်တော့သည်။ ပုလင်းထဲမှာ ရေနွေးကြမ်းတွေ။ နောက်ပုလင်း နောက်ပုလင်းတွေမှာလည်း ထိုနည်းလည်းကောင်း။ ခွေးမသားတရုတ် ဆီမဆွတ်ဘဲ အုပ်သွားပြန်ပြီ။

ဟဲမင်းဝေးသည်ကား အစကတည်းက ဒါကိုသိခဲ့၏။ သို့သော်လည်း ကျွန်ုပ်အား လုံးဝလှောင်ပြောင်မသွားခဲ့။ သူ့ကတိအတိုင်း ပညာတွေကိုသာ သင်ပေးသွားခဲ့၏။ လူယဉ်ကျေးဆိုသည်မှာ မည်သို့ဖြစ်ကြောင်း ကျွန်ုပ်ကောင်းကောင်းသဘောပေါက်သွားခဲ့ပါသည်။

**(My Bargain with Hemingway By.W.J.Lederer)**

မျိုးဒါလင်မိုးဝေး

# ရှုံးပေမယ့်လည်း ပြုံးနေတယ်
## မောင်နှင်းမိုး



# ရှုံးပေမယ့်လည်း ပြုံးနေတယ်

မောင်နန်းမိုးတို့ ပွဲတူတူးလေးဘဝက ရွှေရောင်တောက်ပခဲ့တဲ့ မြန်မာဘောလုံးဟာ မောင်နန်းမိုးတို့အရွယ်လည်းရောက်လာရော ဒန်ရောင်တောင်မတောက်ပနိုင်ရှာတော့ပါလားလို့ ကြေကွဲစိတ်နဲ့ ဘယ်လိုဖြေသိမ့်ရမလဲလို့ စဉ်းစားခန်းဝင်နေတုန်း၊ မောင်နန်းမိုးဘကြီးဖြစ်သူက

‘ငါတို့ခေတ်တုန်းက ဗဟာဒူး၊ စတိုင်၊ တင်အေး၊ ဘပု၊ မောင်မောင်တို့များ ရွှေခြေထောက်လို့တောင် တင်စားခေါ်ကြတယ်ကွ။ သူတို့ကန်ခဲ့တဲ့ နိုင်ငံခြားပွဲတွေဆို နိုင်သလားလို့ မမေးနဲ့။ အဲဒီလိုမေးတဲ့လူဟာ ဘောလုံးပွဲ တစ်ခါမှ မကြည့်ဘူးတဲ့သူပဲ။ ဘယ်နှဂိုးပြတ်နိုင်ခဲ့သလဲလို့သာ ဆီးမေးလိုက်။ မင်းတို့ခေတ်ကျမှကွာ”

မြန်မာ့ဂုဏ်ဆောင် အောင်ပွဲခံဘောလုံးသမားဟောင်းတွေရဲ့အကြောင်း ခရေစေ့တွင်းကျမြိန်ရေယှက်ရေပြောနေတဲ့ ဘကြီးကို မောင်နန်းမိုး ချေပစကားမဆိုနိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့လို့ နေရပါတော့တယ်။ မောင်နန်းမိုးလည်း ကိုယ့်ဘကြီးအရင်းခေါက်ခေါက် ဖြစ်နေတာကတစ်ကြောင်း၊ သူပြောသမျှဟုတ်နေတာကတစ်ကြောင်းမို့ စိတ်ထဲက မခံချိမခံသာဖြစ်နေပေမယ့် ငြိမ်နေ



ရရှာပါတယ်။ ဒါပေမယ့် မောင်နန်းမိုးဘကြီးကိုတော့ တစ်နေ့နေ့မှာ ‘ကျွန်တော်တို့ခေတ်ပေါ့ဗျာ’လို့ အစချီပြီး မောင်နန်းမိုးတို့ခေတ်ရဲ့ ပလက်တီနမ်ရောင် တောက်ပတော့မယ့် မြန်မာဘောလုံးအကြောင်း လက်မတထောင်ထောင်နဲ့ ပြောပြလိုက်မယ်လို့ အားခဲလိုက်မိတယ်။

ကံကြမ္မာက မောင်နန်းမိုးကို မျက်နှာသာပေးတယ် ဆိုမလားပဲ။ အခွင့်အရေးကို စောင့်မျှော်နေတဲ့ မောင်နန်းမိုးအဖို့ အခွင့်အလမ်းပေါ်လာတယ်ဆိုပါတော့။

ဘောလုံးပွဲအကြောင်း အာဘောင်အာရင်းသန်သန် ငြင်းခုံဆွေးနွေးလေ့ရှိတဲ့၊ ဘောလုံးပွဲဆောင်းပါးတွေ မတောက်တခေါက် ရေးသားလေ့ရှိတဲ့ မောင်နန်းမိုးကို မောင်နန်းမိုးနေထိုင်တဲ့ ဗွေးတုတ်ကုန်းရပ်ကွက်လူကြီးတွေက တာဝန်တစ်ခု ပေးလာတယ်။ အခြေအနေ ကျဆင်းစပြုနေတဲ့ ဗွေးတုတ်ကုန်းရပ်ကွက်ဘောလုံးအသင်းရဲ့ အဆင့်အတန်း ပြန်လည်တိုးတက်လာစေရေးနဲ့ ရပ်ကွက်ပေါင်းစုံဘောလုံးပွဲမှာ အနိုင်ရဖိုလ်စွဲရေးပဲ ဖြစ်ပါတယ်။ ဒီတော့ နည်းပြဆရာငှားရမ်းရေး၊ ဘောလုံးသမားရွေးချယ်ရေးတာဝန်တွေဟာ မောင်နန်းမိုးအပေါ် ပုံကျလာပါတယ်။ ရပ်ကွက်လူကြီးတွေကလည်း များပြားလှတဲ့ ရပ်ရေးရွာရေးကိစ္စတွေနဲ့ အလုပ်ရှုပ်ထွေးနေတော့ မောင်နန်းမိုးစိတ်ကြိုက်ပဲ စီမံခန့်ခွဲပေါ့။

မောင်နန်းမိုးသူငယ်ချင်း ဂေါ်ရင်ဂျီလူမျိုးတစ်ယောက်ရဲ့ ညီဖြစ်သူအပ္ပနားကို ဗွေးတုတ်ကုန်းအသင်းနည်းပြအဖြစ် ကမ်းလှမ်းလိုက်ပါတယ်။ ဒီ ဂေါ်ရင်ဂျီပုဂ္ဂိုလ်ဟာ နှယ်နှယ်ရရမဟုတ်ပါဘူး။ မြို့နယ်လက်ရွေးစင်အရန်လူအဖြစ် သုံးနှစ်ဆက်တိုက် အရန်ခုံမှာ ထိုင်ခဲ့ဖူးသူပါ။ မောင်နန်းမိုးတို့မြို့နယ်လက်ရွေးစင်အတော်များများဟာ သူ့ကျေးဇူးနဲ့ မကင်းကြပါဘူး။ (ရေခပ်တိုက်တာ၊ သံပရာသီးစိတ် ကမ်းပေးတာလေ)။

သူ သူ့ကိုလစာ ၂၀၀ကျပ်နဲ့ သုံးလစာ စာချုပ်ချုပ်လိုက်ပါတယ်။ (မောင်နန်းမိုးကတော့ ပွဲခအဖြစ် နည်းပြဆရာဆီက တစ်လ ၂၀၀ကျပ်ရပါတယ်) ဘောလုံးသမား (၁၈)ယောက်ကိုတော့ အဲဒီနည်းပြဆရာနဲ့ညှိနှိုင်းပြီး ရွေးချယ်ကြပါတယ်။ ရပ်ကွက်၊ ကျေးရွာစတဲ့ အခြေခံတွေက အလားအလာရှိတဲ့ မျိုးဆက်သစ်

ဘောလုံးသမားတွေ ဖော်ထုတ်ရွေးချယ်နိုင်မှ အမျိုးသားလက်ရွေးစင်အသင်းကြီးမှာ ထူးချွန်ထက်မြက်တဲ့ ဘောလုံးသမားတွေ စုစည်းပေါက်ဖွားလာနိုင်မှာ ဖြစ်လို့ ဗွေးတုတ်ကုန်းရပ်ကွက် လက်ရွေးစင်တွေကို ဘယ်သူ့မှ မျက်နှာမထောက်ဘဲ မှန်မှန်ကန်ကန် ပြတ်ပြတ်သားသားပဲ ရွေးချယ်ပစ်လိုက်ပါတယ်။ *Line-up*ကိစ္စနဲ့ပတ်သက်ပြီး ဗွေးတုတ်ကုန်းပရိသတ်ကြီးနဲ့ အုပ်ချုပ်သူ မောင်နန်းမိုးတို့ အကြီးအကျယ် သဘောထားကွဲလွဲခဲ့ပါသေးတယ်။

အဓိက,ကတော့ ရှေ့တန်းတိုက်စစ်မှူး စာကလေး(ခေါ်)ခင်မောင်ထက်ထက်ဦးကို မရွေးချယ်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒီကောင့်ကို မရွေးချယ်ခဲ့ခြင်းအတွက် ခိုင်လုံသောအကြောင်းပြချက်ကို ရပ်ကွက်လူကြီးများကို မောင်နန်းမိုး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဖြစ်မှန်ကတော့ ဒီလိုပါ။ လူရွေးပွဲမလုပ်ခင်ရက်ပိုင်းလောက်အလိုက အရက်ဖြူဆိုင်တစ်ဆိုင်မှာ ဗွေးတုတ်ကုန်းနည်းပြဂေါ်ရင်ဂျီလူမျိုး အပ္ပနာနဲ့ မောင်နန်းမိုးတို့ အရက်သွားသောက်တုန်း ပိုက်ဆံပြတ်သွားတာနဲ့ မလှမ်းမကမ်းမှာသောက်နေတဲ့ စာကလေးကို အရက်ဖြူတစ်ပိုင်း တိုက်ခိုင်းပါတယ်။ 'ပိုက်ဆံရှိရင်သောက်၊ မရှိရင်မသောက်နဲ့'ဆိုတဲ့ စာကလေးရဲ့ မာရေကျောရေ စကားကြောင့် အရက်ဖြူဆိုင်ထဲမှာ မောင်နန်းမိုးရော ဂေါ်ရင်ဂျီနည်းပြပါ အရှက်တကွဲဖြစ်ခဲ့ရဖူးပါတယ်။

ဘယ့်နှယ်ဗျာ။ အရက်ဖြူဆိုင်ထဲမှာတောင် အသင်းအုပ်ချုပ်သူနဲ့ နည်းပြရဲ့စကားကို မလိုက်နာတဲ့သူဟာ ဘောလုံးကွင်းထဲမှာဆို ပိုတောင်ဆိုးဦးမှာပေါ့။ (အဲဒီနေ့က မောင်နန်းမိုးတို့ကို အရက်တစ်လုံးနဲ့ ပျာပျာသလဲပြုစုခဲ့တဲ့ ဂျပုမျိုးဝေကိုတော့ သူ့အရပ် ၅ပေမပြည့်ပေမယ့် ရှေ့တန်းတိုက်စစ်မှူးအဖြစ် ရွေးချယ်လိုက်ပါတယ်)ဗွေးတုတ်ကုန်းပရိသတ်အနေနဲ့ မောင်နန်းမိုးရဲ့ Line-upကို ဘယ်လိုပဲ ဝေဖန်ဝေဖန် မောင်နန်းမိုးကတော့ ဘောလုံးသမားတွေကို ရပ်ကွက်ထိပ်က မူလတန်းကျောင်းကလေးထဲမှာ စခန်းသွင်းလေ့ကျင့်ပေးလိုက်ပါတယ်။

မောင်နန်းမိုး စပါယ်ရှယ်ရွေးချယ်ထားတဲ့ ဂေါ်ရင်ဂျီနည်းပြကလည်း စည်းစနစ်ကြီးမားစွာနဲ့ ဘောလုံးသမားတွေကို အထူးလေ့ကျင့်ပေးပါတယ်။



**တစ်ယောက်တစ်ထုပ် ဖျော်တိုက်မယ့်အစား ဘောလုံးသမား(၁၈)ယောက်ကို ရေနွေးကြဲကြဲနဲ့ ကော်ဖီမစ်တစ်ထုပ် ဖျော်တိုက်ပစ်လိုက်တယ်။ ထမင်းကြော်အစား ကောက်ညှင်းပေါင်းငါးကျပ်ဖိုး အဝကျွေးလိုက်တယ်။**

တစ်ဖက်အသင်းက ဘောလုံးဆွဲပြေးလာရင် မိမိအသင်းက ရှေ့တန်း၊ အလယ် တန်း၊ နောက်တန်း ရှိသမျှအကုန်ဝိုင်းရံပြီး ခြေထောက်ဆောင့်နင်းဖို့ ညှို့သကျိုး ဖြတ်ရိုက်ဖို့၊ ခြေထိုးခံဖို့ အတော်စုံလင်တာ တွေ့ရပါတယ်။ နည်းစနစ်အခေါ် အဝေါ်အရဆိုရင်တော့ Total လူရိုက်စနစ်ပေါ့။

အစားအသောက်ကျွေးမွေးတာတော့ လေ့ကျင့်ရင်းကုန်ခမ်းသွားတဲ့ အားအင်စွမ်းရည်တွေ ပြန်လည်ဖြည့်တင်းရေးအတွက် မောင်နန်းမိုး အထူးဂရုစိုက်ပါတယ်။ လူကြီးတွေက ဘောလုံးသမားတစ်ယောက်အတွက် မနက်ကြက်ဥသုံးလုံး၊ ကော်ဖီမစ်၊ ထမင်းကြော် စသည်ဖြင့် ဖွယ်ဖွယ်ရာရာ စီမံပေးပေမယ့် မောင်နန်းမိုးကတော့ မိမိဘောလုံးအသင်းအောင်နိုင်ရေးအတွက် ဒီကိစ္စကို အလေးအနက်စဉ်းစားတယ်။ ကြက်ဥသုံးလုံးဆိုရင် ဘောလုံးသမားတွေ အားအင်တွေ အပြည့်လွှံပြီး ထိုင်းမှိုင်းသွားမယ်၊ လေးလံသွားမယ်။ ဒီတော့ ကြက်ဥသုံးလုံးအစား တစ်လုံးပဲပေး။ ကော်ဖီမစ်ဆိုရင်လည်း ကြာကြာစွဲသောက်ရင် နှလုံးရောဂါဖြစ်စေတယ်လို့ ကြားဖူးတယ်။ ဖြစ်တော့မှ ကုသကြတာထက် မဖြစ်ခင်ကြိုတင်ကာကွယ်တာ ပိုထိရောက်တယ်မဟုတ်လား။ တစ်ယောက်တစ်ထုပ် ဖျော်တိုက်မယ့်အစား ဘောလုံးသမား(၁၈)ယောက်ကို ရေနွေးကြဲကြဲနဲ့ ကော်ဖီမစ်တစ်ထုပ် ဖျော်တိုက်ပစ်လိုက်တယ်။ ထမင်းကြော်အစား ကောက်ညှင်းပေါင်းငါးကျပ်ဖိုး အဝကျွေးလိုက်တယ်။ မောင်နန်းမိုးရဲ့ အားကစားသမားတွေခမျာ ကောက်ညှင်းပေါင်းအစားကောင်းလို့ တစ်ခါတစ်လေ မနက်စာတောင် မစားနိုင်ကြရှာပါဘူး။

မောင်နန်းမိုးကတော့ ပိုလျှံနေတဲ့ကြက်ဥတွေနဲ့ ကော်ဖီမစ်ထုပ်တွေကို ကုန်စုံရောင်းတဲ့အဖောင်ဆီ လက်သိပ်ထိုးပြန်သွင်းလိုက်တယ်။ ရလာတဲ့ ပိုက်ဆံတွေကိုတော့ မဒမ်နန်းမိုးဆီ အကုန်အပ်လိုက်တာပေါ့။ (တချို့တော့

မောင်နန်းမိုးကို ကိုယ်ကျိုးရှာတယ်၊ အလွဲသုံးစားလုပ်တယ်လို့ တိုးတိုးကြိတ်ကြိ အတင်းပြောကြတယ်)တကယ်တော့ ဒီလိုလုပ်ရတယ်ဆိုတာ မောင်နန်းမိုးနေထိုင် တဲ့ ဧွေးတုတ်ကုန်းရပ်ကွက် ဘောလုံးအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ပါပဲ။ ဘောလုံးအသင်းတစ်သင်းမှာ အုပ်ချုပ်သူဟာ အဓိကကျပါတယ်။ အုပ်ချုပ် သူ စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေဖို့အတွက် မဒမ်တွေရဲ့ အခန်းကဏ္ဍ ဟာလည်း အရေးကြီးဆုံးပါပဲ။ ဘောလုံးအသင်းအတွက် မောင်နန်းမိုး စိတ်ရော ကိုယ်ပါ မြှုပ်နှံပြီး ဆောင်ရွက်နေချိန်မှာ တစ်ဖက်ကလည်း မဒမ်နန်းမိုးက နား နားဆာလုပ်နေမယ်၊ ပြူစူဆောင့်အောင့်နေမယ်ဆိုရင် အသင်းကြီးအနိုင်ရဖို့ စွဲရေးအတွက် မောင်နန်းမိုး ဘယ်လို အချိန်ပြည့် စဉ်းစားအလုပ်လုပ်နိုင်တော့ မှာလဲ။ (အသီးသီးသော ဘောလုံးအသင်း အုပ်ချုပ်သူများကလည်း မောင်နန်းမိုး ကို နမူနာယူလိုက ယူနိုင်ကြပါတယ်)

အဲဒီလို ဘက်ပေါင်းစုံက မောင်နန်းမိုးတို့ လေ့ကျင့်ပြင်ဆင်ပြီးခဲ့ မှာပဲ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကြီး စတင်ပါတော့တယ်။ အစဉ်အလာ ကြီးမားခဲ့တဲ့ ဧွေးတုတ်ကုန်းရပ်ကွက်အသင်းကြီးဟာ အုပ်စုပွဲစဉ်တွေနိုင်ပြီးချိန်မှာ တော့ ဂေါ်ရင်ဂျီနည်းပြ အပ္ပနာတစ်ယောက် ဦးမော့ရင်ကော့လို့ သူ့ရဲ့ (Total လူရိုက်)စနစ်ကြောင့် အခုလို အောင်ပွဲခံနိုင်တာဖြစ်ကြောင်း၊ သူ့နည်းစနစ် အတိုင်း တသွေမသိမ်း လိုက်နာကြရင် ဧွေးတုတ်ကုန်းအသင်းကြီး အောင်ပွဲ ဗိုလ်စွဲနိုင်တဲ့အကြောင်းပါ ရေပက်မဝင် ပြောပါတော့တယ်။

ဒါပေမယ့် ကံဆိုးချင်တော့ ဂေါ်ရင်ဂျီနည်းပြခများ ကြာကြာ ခံ မကော့နိုင်ရှာဘူး။ မောင်နန်းမိုးတို့ ဧွေးတုတ်ကုန်းအသင်း ရွှေရောင်တောက်နေ စဉ်က ဘယ်ချောင်ကပ်နေမှန်းမသိတဲ့ ဝိုင်းသာကြီးအသင်းနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ရတဲ့ပွဲမှာပါ။ သူ့ရဲ့ (Total လူရိုက်)စနစ်နဲ့ ဧွေးတုတ်ကုန်းအသင်းဟာ ဘယ်လိုမှ အံဝင်ခွင်ကျမရှိတာတော့ အမှန်ပါပဲ။ အမြဲတမ်း သန့်သန့်ရှင်းရှင်း ကစားလေ့ရှိတဲ့ ဧွေးတုတ်ကုန်းဟာ ဝိုင်းသာကြီးက ဘောလုံးဆွဲပြေးလာခဲ့ လူချဖို့ကြိုးစားလိုက်၊ ကိုယ့်ကိုချနင်းသွားလိုက်နဲ့ ဧွေးတုတ်ကုန်းဘောလုံးသမား တွေခများ ညှို့သကျိုးဖြတ်ရိုက်ခံရ၊ ခြေဖမိုးဆောင့်နင်းခံရ၊ ခြေထိုးခံရလို့ မျော ရက်ပစ်လဲရနဲ့ ကစားကွင်းထဲမှာ တဖုံးဖုံးတဒိုင်းဒိုင်းနဲ့ မြင်မကောင်း ရှုမကောင်း



ပါပဲ။

ဧွေးတုတ်ကုန်းဘောလုံးသမားတွေခများလည်း စိတ်ဓာတ်အပြည့်အဝ နဲ့ ကြိုးစားကစားလေလေ ဟောတစ်ယောက် ဟောတစ်ယောက်နဲ့ ထမ်းစင်နဲ့ ထုတ်သွားရလေလေ။ ပွဲပြီးခါနီးလည်းရောက်ရော မျက်နှာတစ်ခုလုံးယောင်ကိုင်း ပြီး လက်အဆစ်လွဲနေတဲ့ ဧွေးတုတ်ကုန်းဂိုးသမား ဖိုးသာအောင်ရယ်၊ ညှို့သကျိုး ဖြတ်အရိုက်ခံထားရလို့ ခြေထောက်ထော့နင်းထော့နင်းဖြစ်နေတဲ့ ရှေ့တန်း တိုက်စစ်မှူး ဇျုပုမျိုးဝေရယ်ပဲ ကျန်ရှာပါတော့တယ်။ ဒီပွဲမှာ ဧွေးတုတ်ကုန်း အသင်း ရှုံးနိမ့်ခဲ့ရပေမယ့် ဘောလုံးသမားများရဲ့ စိတ်ဓာတ်၊ ဇွဲနဲ့ အနစ်နာခံမှုတွေ ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဘောလုံးသမားများကို ခွင့်လွှတ်စိတ်နဲ့ သောင်းသောင်း ဖြဖြ ကြိုဆိုခဲ့ကြပါတယ်။

အောင်ပွဲနဲ့မပြန်လာခဲ့ရပေမယ့် ဧွေးတုတ်ကုန်းဘောလုံးသမားတွေ ခများ ဟိုအိမ်က ထမင်းဖိတ်ကျွေးလိုက်၊ ဒီအိမ်ကထမင်းဖိတ်ကျွေးလိုက်နဲ့ မျက်နှာပွင့်လို့နေပါတယ်။ မကြာခင် ရပ်မိရပ်ဖများနဲ့ ဧွေးတုတ်ကုန်းရပ်ကွက် ဘောလုံးအသင်းတွေ့ဆုံပွဲကို ရပ်ကွက်ဓမ္မာရုံမှာ ကျင်းပပြုလုပ်ပါတယ်။ ဒီ တွေ့ဆုံပွဲဟာ ဧွေးတုတ်ကုန်းရပ်ကွက်အသင်း ရှုံးနိမ့်ခဲ့ခြင်းရဲ့ အဓိက တာဝန်ရှိ သူကို ရှာဖွေဖော်ထုတ်တဲ့ပွဲပဲ ဖြစ်ပါတယ်။ အသက်ရှစ်ဆယ်နီးပါးရှိပေမယ့် မျက်စိမမှုန်၊ နားမလေးသေးတဲ့ ဘကြီးသာဝရဲ့ စွပ်စွဲချက်ကတော့ ပြင်းထန်လှ ပါတယ်။

"ဧွေးတုတ်ကုန်းနဲ့ ဝိုင်းသာကြီးဘောလုံးပွဲကို သုံးသပ်ရရင် ဧွေးတုတ် ကုန်းဘောလုံးသမားတွေရဲ့ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်ကတော့ ချီးကျူးစရာ ပဲ။ ဂေါ်ရင်ဂျီကြီးရဲ့ တိုတယ်လူရိုက်စနစ်ကြောင့် ဘောလုံးသမားတွေ တဖုံးဖုံး တဒိုင်းဒိုင်းနဲ့ ထမ်းစင်နဲ့ ကွင်းပြင်ထုတ်နေရချိန်မှာ ဒဏ်ရာလေးမဖြစ်စလောက် နဲ့ကျန်ခဲ့တဲ့ ဂိုးသမားဖိုးသာအောင်နဲ့ ရှေ့တန်းတိုက်စစ်မှူး ဇျုပုမျိုးဝေကို သံသယ ဖြစ်စရာကောင်းလှပါတယ်။ သူတို့နှစ်ယောက်ကိုသာ ထမ်းစင်နဲ့ထုတ်သွားရ ရင် ဧွေးတုတ်ကုန်းအတွက် ပြစ်ဒဏ်ဘောပဲဖြစ်ဖြစ်၊ ပယ်နယ်တီပဲဖြစ်ဖြစ် နှစ်ခိုး လောက်တော့ အသေအချာရမှာ အမှန်ပါပဲ"

ဘကြီးသာဝရဲ့စကားကို ဩဘာပေးလိုက်ကြတဲ့ လက်ခုပ်သံတွေ

ဆူညံသွားပါတယ်။ 'ဂျပုမျိုးဝေနဲ့ ဖိုးသာအောင်ကို ထုတ်ပစ် ထုတ်ပစ်'လို့ ဆက်အော်ကြပါတယ်။ ဖွေးတုတ်ကုန်းရဲ့ လိုင်စင်ရ အရှုံးဘိုကျော်အ အကျယ်လောင်ဆုံးပါပဲ။ ဒီမှာတင် ဘောလုံးသမားတွေဘက်က မခံရပ်နိုင် အလယ်တန်းလူ 'ရွှေသွားငစိုး'က ကမန်းကတန်း ထရပ်ပြီး ကျောက်ပတ်တီး ထားတဲ့ သူ့ရဲ့ညာလက်ကိုမြှောက်ပြရင်း 'အမြဲတမ်း သန့်သန့်ရှင်းရှင်းနဲ့ အနိုင် ခဲ့တဲ့ ဖွေးတုတ်ကုန်းအသင်းဟာ ဂေါ်ရင်ဂျီကြီးရဲ့ (Total လူနိုက်)စနစ်ကြောင့် ဖရဲနဲ့ အလဲလဲအကွဲကွဲ ရှုံးနိမ့်ခဲ့ရတာပါ။ ဒါကြောင့် ဘောလုံးသမားများနဲ့ ခွင်ကျမှုမရှိတဲ့ နည်းစနစ်ကို ရွေးချယ်လေ့ကျင့် သင်ကြားပေးတဲ့ အသင်းန ဂေါ်ရင်ဂျီကြီးမှာသာ လုံးလုံးလျားလျား တာဝန်ရှိပါတယ်'လို့ ဆိုလိုက်ပါတ

ဂေါ်ရင်ဂျီကြီးကို ထုတ်ပစ် ထုတ်ပစ် ဆိုတဲ့အော်ဟစ်သံတွေ တ နက် ဆူညံလို့မဆုံးခင်မှာပဲ ဖွေးတုတ်ကုန်းအသင်းအုပ်ချုပ်သူ မောင်နန်း ထအရပ် မီးကို သဲနဲ့ပက်လိုက်သလို ရှဲရှဲတောင်မမြည်နိုင်ရှာဘဲ ပရိသတ်ကြီး ငြိမ်သက်သွားပါတယ်။

မောင်နန်းမိုးရဲ့မျက်နှာ တင်းမာနေပြီး ချောင်တစ်ချောင်မှာ မျက် ခပ်ငယ်ငယ်နဲ့ ခပ်ကုပ်ကုပ်လေးထိုင်နေရှာတဲ့ ဂေါ်ရင်ဂျီနည်းပြ အပွနား လက်ညှိုးတည့်တည့်ပဲ ထိုးချလိုက်ပါတယ်။ တုန်လှုပ်ချောက်ချားနေတဲ့ အပွ မျက်နှာဟာ ဒရက်ကူလာ သွေးစုတ်ခံထားရတဲ့ အေဒိုင်ဒီအက်(စ်)ဝေဒနာရှင် မျက်နှာလို နီ ညို ဆွတ်ဖြူ။

"ကျွန်တော်တို့အုပ်ချုပ်သူများအနေနဲ့ ဖွေးတုတ်ကုန်းကိုယ်စာ ဘောလုံးသမားတွေရဲ့ လိုအပ်ချက်ကို အဘက်ဘက်က လိုလေသေးမရှိအော ဖြည့်တင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ကြားက ဂေါ်ရ နည်းပြဟာ ဖွေးတုတ်ကုန်းဘောလုံးသမားတွေနဲ့ ဘယ်လိုမှ ဆက်စပ်မှုမ Total လူနိုက်စနစ်ကို အတင်းအဓမ္မ ငါတကောကောပြီး ဖွတ်လေ့ကျင့် သင်ကြ စေခဲ့တာကြောင့် ဖွေးတုတ်ကုန်းအသင်း မရှုမလှ ရှုံးနိမ့်ခဲ့ရတာပါ။ ဒ့ါအပြင် ဂေါ် ရင်ဂျီနည်းပြ အပွနားဟာ လမ်းထိပ်အရက်ဆိုင်မှာ ဘောလုံးအသင်းနာမည် အလွဲသုံးစားပြုပြီး အရက် ဇခုကျပ်ဖိုးတိတိ အကြွေးသောက်ခဲ့တယ်လို့လည်း ရပါတယ်။ ဒါကြောင့် နည်းစနစ်လည်းမှားခဲ့တဲ့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်လည်း အ



ကို ဝယ်မသောက်နိုင်တဲ့ ဂေါ်ရင်ဂျီနည်းပြကို ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်ဖို့ အချိန်တန်ပြီလို့ ဖွေးတုတ်ကုန်း ဘောလုံးပရိသတ်ကြီးကို အလေး အနက် တင်ပြချင်ပါတယ်။

× × ×

ပရိသတ်ကြီးရဲ့ ပေါက်ကွဲမှုတွေကတော့ ထိန်းလို့သိမ်းလို့တောင် မရတော့ပါဘူး။ အော်ဟစ်ရှုတ်ချသံ၊ ရေရွတ်ကြိမ်းမောင်းသံစတဲ့ ဒဏ်တွေကို အားတင်းမခံနိုင်တဲ့အဆုံး ဂိုးသမားဖိုးသာအောင်၊ ရှေ့တန်းတိုက်စစ်မှူး ဂျပု မျိုးဝေနဲ့ ဂေါ်ရင်ဂျီနည်းပြကြီးတို့ဟာ ခေါင်းငိုက်စိုက်ကျလို့ မျက်ရည်စက်လက် နဲ့ပဲ ရပ်ကွက်ခမ္မာရုံကြီးက ထွက်ခွာသွားရပါတော့တယ်။

ဆွေးနွေးပွဲကြီးပြီးလို့ လူစုခွဲလိုက်တဲ့အချိန်မှာ ညဉ့်နာရီကျော်တောင် ရှိသွားပါပြီ။ မောင်နန်းမိုး ပေါ့ပါးလန်းဆန်းစွာနဲ့ အိမ်အပြန် မှောင်အရိပ်ထဲ က ဘွားခနဲပေါ်လာတဲ့ လူရိပ်တစ်ခုကြောင့် ကြက်သီးမွေးညှင်းထလို့ လန့်ပြီး ခုန်မိပါတယ်။ အနီးကပ်ကြည့်တော့မှ ကုန်စုံဆိုင်က အဖောင်။

"ဆရာကြီးသွင်းထားတဲ့ပစ္စည်းတွေအတွက် ဝပိုက်ဆံပေးစရာရှိသေး တယ်၊ ရှေ့ ငွေတစ်ထောင်၊ ဒါထက် စကားမစပ် ဖွေးတုတ်ကုန်းအသင်းအုပ်ချုပ် သူအဖြစ်က ဆရာကြီးမပြုတ်သေးဘူးမို့လား၊ ဝမ်းသာပါတယ် ဆရာကြီး၊ နောက်ပြိုင်ပွဲတွေရှိသေးရင် ဝနဲ့ပဲ အလုပ်ဆက်လုပ်ပါ၊ ဝသစ္စာရှိပါတယ်"

"အေးပါ အဖောင်ရယ်၊ မင်းနဲ့ပဲ ငါလက်တွဲပါ့မယ်။ ဘောလုံးအသင်း တစ်သင်းရှုံးနိမ့်တယ်ဆိုတာ အသင်းအုပ်ချုပ်သူမှာ တာဝန်မရှိဘူးကွ၊ အသင်း နည်းပြနဲ့ ဘောလုံးသမားတွေမှာသာ လုံးလုံးလျားလျားတာဝန်ရှိတယ်။ အဲဒါ မြဲ မြဲမှတ်ထား။ အသင်းနည်းပြ ဘယ်သူ့ကိုရှာရမလဲဆိုတာ ငါစဉ်းစားဖို့ မဒမ်နန်းမိုး ဆီ မင်းပေးတဲ့ငွေလေး အချိန်မီသွားအပ်ဖို့ ပြောလိုက်ဦးမယ် အဖောင်ရေ တာ့တာ"

ဖွေးတုတ်ကုန်းအသင်းကြီးကဓ ရှုံးနိမ့်သွားပါတယ်။ သာယာ အေးမြတဲ့ လရောင်အောက်မှာ အသင်းအုပ်ချုပ်သူ မောင်နန်းမိုးကတော့ အိမ် အပြန်လမ်းမှာ အပြုံးပွင့်တွေ ဝေဝေဆာဆာနဲ့ ရွှင်လို့ပြုံးလို့(အင်း ဘောလုံးပွဲ ရှုံး လို့ထင်ပါရဲ့)

**မောင်နန်းမိုး**

# ဂျက်ကိုးကာင်း

## ဈာန်ဆရာ၏ အသံသာနည်း နိသာရ



## ဈာန်ဆရာ၏အသံသာနည်း နိသာရည်း

ခေတ်ကာလသားသမီးများကြားတွင် အဆိုတော်ဆိုသည်မှာ လွန်စွာခေတ်စား၏။ ယခု ဟစ်ဟော့ ရက်ပါတို့ ယင်ကောင်ခြင်ပုန်းများကဲ့သို့ ရှိုက်သတ်မကုန်ဖြစ်နေသည့်အချိန်တွင် သူလည်း အဆိုတော်၊ ငါလည်းအဆိုတော် အော်ချင်ဟစ်ချင် ဖြစ်ကုန်ကြတော့၏။ တစ်ခုတော့ သိထားရပေမည်။ အဆိုတော်ဆိုသည်မှာ အသံကောင်းဖို့လို၏။ မှအသံမကောင်းလျှင်လည်း ပညာသားပါပါ လှည့်ပတ်ဆိုတတ်နိုင်ဖို့တော့ လိုသည်။ သို့မှသာ လောက်လောက်လားလား အဆိုတော်ဘဝသို့ရောက်ပေမည်။

"ဆန်းဆန်းပန်းကျင်ရဲ့ မင်းတို့လက်တွေ မြေကြီးကို ထောက်ထား လိုက်၊ ဆန်းဆန်း မင်းတို့အနောက်မှာ ရောက်နေတယ်ဆိုတဲ့သီချင်း မိုက်တယ် ကွာ၊ ငါဆို ဒီလောက်ကောင်းအောင် ဆိုနိုင်မှာမဟုတ်ဘူး"

"ငါကတော့ ရက်ပါ ကြက်မလောက် မကြိုက်ပါဘူး၊ သူမှ တကယ် ဆိုနိုင်တာ၊ ဟိုသီချင်းကြည့်ပါလား၊ ရွှဲလိုရွှဲ၊ ပြဲလိုပြဲ၊ ကွဲလိုကွဲ၊ ရှိုရှို့ဆွဲဆိုချွဲ ချွဲဆိုချွဲ၊ ရှိုရှို"

"သူတို့ ဘယ်လောက်ကောင်းကောင်းကွာ၊ ငါကတော့ အာခေါင်နီ ကိုအကြိုက်ဆုံးပဲ"

"ယူတို့က ယောက်ျားလေးအဆိုတော်တွေကိုပဲ ညွှန်းနေတာကိုး၊ အိုင်တို့မိန်းကလေးတွေကတော့ မည်းမည်းဘုတို့ကို အခိုက်ဆုံးပဲ၊ ပလပ်စတစ် နီနဲ့ တွဲဆိုထားတဲ့ အတွင်းလေတို့၊ မေနခလာနဲ့ဆိုထားတဲ့ ငါလင်မရတို့ကို နားထောင်ကြည့်ပါလား၊ အိုင်လည်း သူ့လိုဆိုချင်လိုက်တာနော်"

"ဟဲ့ သူကအသံတင်ကောင်းတာမဟုတ်ဘူး၊ အပြုကလည်းတကယ် မိုက်တာ၊ စင်ပေါ်မှာ လေးဘက်ထောက်ရဲတာ ကြည့်ပါလား၊ ပြီးတော့ သူ့ဟာတွ ကြီးမြှောက်လိုက်ရင် မည်းမည်းကြီးပေါ်လာတာများ အသည်းယားစရာကြီး"

"ဟဲ့ ဘာမြှောက်တာလဲ"

"လက် လက်လေ မြှောက်လိုက်ရင် ချိုင်းကြားကြီးက မည်းနေတာ ပဲ ခိခိ"

ဒါကတော့ လူငယ်လေးတစ်စုရဲ့ စကားဝိုင်းပါ။ သို့ကလို အားကျ စိတ်များနှင့် ငါကတော့ သူတို့လိုမဖြစ်နိုင်ဟု မထင်ကြပါနှင့်။ ကြိုးစားလျှင်ဖြစ် နိုင်ပါသည်။ အသံမကောင်းသူများ အသံကောင်းအောင် အဆွဲအငင်မကောင်း သူများ အဆွဲအငင်ကောင်းလာအောင် လေ့ကျင့်နိုင်၏။ ဒီအတွက် ကျွန်တော့် အာစရိဖြစ်သူ ပန်တျာရှာန်ဆရာ၏ အသံသာနည်းနိသျှရည်းကို လက်ဆင့် ကမ်းလိုပါသည်။

ပန်တျာရှာန်ဆရာမှာ အကတွင်သာ ဂုရုဖြစ်သည်မဟုတ်။ အသံအရာ မှာလည်း ဂုရုအဆင့်တွင်သာမက၊ ဘောမ သူရဋ္ဌ သောကြအထိ ကြေသူ ဖြစ်လေ၏။ ကဲ သူရဲ့အသံကောင်းနည်း နိသျှရည်းကို လက်တွေ့ လေ့ကျင့်



● သင်အူသလို တစ်ကောင်စနှစ်ကောင်စသော လိုက်အူလျှင် သင့်တွင် အသံပါဝါ နည်းပါးနေသေးကြောင်း သိရှိနိုင်၏။ ဆက်ပြီး ကြိုးစားရဦးမည်။

ကြပါစို့။

ရှာန်ဆရာက အသံသာနည်းကို လက်တွေ့လေ့ကျင့်ရန် အကောင်း ဆုံးအချိန်မှာ လပြည့်ည သန်းခေါင်ယံအချိန်ဖြစ်သည်ဟု အခိုင်အမာဆို၏။ လပြည့်ညတွင် လ၏ဆွဲငင်အားကြောင့် ဒီရေများ လှိမ့်ပြီးတက်ရသလို ထို အချိန်တွင် လေ့ကျင့်သူများ၏ အသံပါဝါဒီရေများမှာလည်း အဆမတန်တိုး လာရမည်ဟု ယုံကြည်လေ၏။

ဟုတ်ကဲ့။ လေ့ကျင့်ပြီဆိုပါစို့။ မည်သို့ လေ့ကျင့်ရမည်နည်း။ မည် သည့်အသံကိုထုတ်၍ မည်သို့သော သီချင်းကို ဆိုရမည်နည်းဟု မေးစရာရှိ ၏။ လွယ်ပါသည်။ အလွန့်အလွန်ကို လွယ်ပါသည်။

ပထမဦးဆုံးအနေနှင့် ထဘီ၊ ပုဆိုးများကို ခပ်တင်းတင်း ခါးတောင်း ကျိုက်လိုက်ပါ။ အပေါ်လေ တစ်ခုတည်းကိုသာ အတိအကျ အသုံးပြုရန်အတွက် ဖြစ်သောကြောင့် ထိုအချက်မှာ အရေးကြီး၏။ ထို့နောက် ဒူးထောက်ထိုင်ချ လိုက်ပါ။ ဒါကတော့ ပထဝီဓာတ်ကို ထိထိမိမိကြီး ရရှိစေရန်အတွက် ဖြစ်လေ ၏။ ထို့နောက် လက်တစ်ချောင်းကို ရှေ့တွင်ထောက်လိုက်ပြီး ကျန်လက်တစ် ချောင်းကိုတော့ မိုးပေါ်သို့ ဆန့်တန်းကာ လက်ညှိုးထိုးလိုက်ပါ။ ထိုအခါ သင်၏ဟန်မှာ သုံးဖက်ထောက်တစ်ချောင်းထောင် နှစ်လုံးမြေကျ လှတပတ ပုံစံမျိုးဖြစ်သွားပေမည်။ ရပြီ။ ပုံစံမှန်ပြီဆိုလျှင် အသက်ကိုဝအောင်ရှူ၍ ရင်ခေါင်းထဲမှထွက်သည့်အသံနှင့် 'အူး ဝူး ဝူး'ဟု ရှည်လျားထွေပြားစွာ အော် နိုင်သလောက် အသံကုန်သည်အထိ အော်လိုက်ပါ။ ထိုအခါ အလွမ်းအဆွေး ဓာတ်ခံရှိပြီး လွန်စွာဆိုချင်ဟစ်ချင်ကြသည့် အောင်နက်၊ ဂုတ်ကြား၊ စုတ်ဖွား မိနီ၊ ပါပီ စသည့် အကောင်ဘလောင်တစ်သိုက်က သင်၏နောက်မှလိုက်၍ အူကြပေမည်။ သို့ဆိုလျှင် သင် အောင်မြင်ပေပြီ။

သင့်အနေနှင့် ထိုအကောင်များထက်ပို၍သာအောင် ပို၍ကျယ် လောင်ပြီး အားပါအောင် အတွန့်အကွန့်လေးများနှင့် ဆွဲဆွဲငင်ငင်လုပ်နိုင်သေ

သင်၏အသံမှာ ပို၍ကောင်းလာလေဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲပင်တည်း။

သင်၏အသံပါဝါ မည်မျှအထိ ကောင်း၊ မကောင်း။ သင်အဆိုတော် ဖြစ်နိုင်၊ မဖြစ်နိုင်တို့ကို ထိုနည်းနှင့် အလွယ်တကူစမ်းသပ်နိုင်၏။ သင်အူသလို တစ်ကောင်စနှစ်ကောင်စသော လိုက်အူလျှင် သင့်တွင် အသံပါဝါ နည်းပါးနေသေးကြောင်း သိရှိနိုင်၏။ ဆက်ပြီး ကြိုးစားရဦးမည်။ သင် အူလိုက်သည်နှင့် ကြားကြားသမျှ တစ်ပြုံတစ်မ ခွေးပရိသတ်များ ပျော်ပျော်ကြီး လိုက်အူပြီဆိုလျှင်တော့ လက်ခမောင်းခတ်ပေတော့ မိတ်ဆွေ။ သင် အဆိုတော် လုပ်စား၍ရပေပြီ။

ထိုသို့မဟုတ်ဘဲ သင်ကကောင်းမိကောင်းရက် အူသံပေးပါလျက် သင်၏ဂီတကိုနားမလည်ဘဲ ဝုတ်ဝုတ်. . ဝုဝု အော်သံစုတို့နှင့် ငါတို့ရဲ့သီချင်းကို ဖျက်ဆိုရမလားဟု စိတ်ဆိုးမာန်ဆိုးနှင့် ကိုက်ခဲထောပနာပြုရန် တစ်အုံတစ်မပိုင်းလာကြပြီဆိုလျှင်တော့ ပြေးသာပြေးပေတော့။ ပြေးလေဦး ဝေးမြေဆုံး။ အဆိုတော်လုပ်စားဖို့ကိုလည်း မည်သည့်အခါမှ မစဉ်းစားပါနှင့်တော့ မိတ်ဆွေ။ သင့်မှာ ပါရမီမရှိသည်ကို သင်သိနိုင်ပါပြီ။

ဂျတ်တိုးကင်း

**ပ ဧ ဟ ဠိ အ ဧ ဖြ မှ န်**

(၁) လတိုင်း

(၂) စာတိုက်(Post Office)

(၃) ကြက်ဆင်

(၄) ငှက်ပျောသီး

(၅) ပုရွက်ဆိတ်

■



# ညီမလေးကိုခေါ်လိုက်မယ်

ကောင်းကင်သစ်

ရိုးအနေသောပုံထွက်သူတစ်ယောက်သည် မီးရထားလမ်းဆုံ ဂိတ်စောင့်အလုပ်ကို သွားလျှောက်သည်။

"မင်းကို ငါသေချာစစ်ဆေးရလိမ့်မယ်"

တာဝန်ခံအရာရှိက ပြောသည်။

"ကြိုက်သလို စစ်နိုင်ပါတယ်ခင်ဗျာ"

လူရိုးက ခပ်ကြွားကြွားပြောလိုက်သည်။

"ဟုတ်ပြီ မင်းက ရထားလမ်းဆုံမှာ ရောက်နေပြီ၊ ရထားလမ်းပေါ်မှာ တစ်နာရီ မိုင်၇၀နှုန်းနဲ့ ရထားနှစ်စင်းဟာ အပြိုင်ခေါင်းချင်းဆိုင် မောင်းလာနေကြပြီဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

"ကျွန်တော် ဝစီမှုတ်ပြီး တားလိုက်မှာပေါ့"

"ဟုတ်ပြီ၊ မင်းဝစီက အသံမထွက်ဘူးဆိုရင်ရော"

"ကျွန်တော်က လည်ပင်းမှာ ပဝါအနီကို အမြဲတမ်းပတ်ထားတော့ အဲဒီပဝါကိုဖြုတ်ပြီး ဝှေ့ယမ်းကာ အချက်ပြလိုက်မှာပေါ့"

"တကယ်လို့ အဲ ခုနရထားနှစ်စင်းက ညအမှောင်ထဲမှာ မောင်းလာတာဆိုရင်ကော"


"ဒီလိုဆိုရင် ကျွန်တော် ဓာတ်မီးနဲ့အချက်ပြလိုက်ပါမယ်"

"မင်းဓာတ်မီးက ဓာတ်ခဲကုန်နေတယ်ဆိုရင်ကောကွာ"

"အဲဒီအခါကျရင် ကျွန်တော့်ညီမလေးကို လှမ်းခေါ်လိုက်မယ်"

"မင်းညီမခေါ်ပြီး ဘာလုပ်ဖို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ညီမလေးရေ မင်းရဲ့ တစ်သက်တာမှာ မကြုံဘူးနိုင်တဲ့ အဆိုးဝါးဆုံး ရထားတိုက်မှုကြီးကို ထိုင်ကြည့်စမ်းပါလို့ ပြောမလို့ပါ"




မျိုးကိုမျိုး
ပရော်ဖက်ရှင်နယ်

# ပျော်ပျက်ရှင်နယ်

အနုပညာလောကထဲမှာ ကျွန်တော်တို့ စာပေရပ်ကွက်က ညှိုသည် အမျှော်တတ်ဆုံးနဲ့ လှိုက်လှဲ ပျူငှာအရှိဆုံးပဲလို့ ကျွန်တော်ထင်တယ်။ ဆန်ရင်းနာနာဖွပ်ဆိုတဲ့ ရှေးမြန်မာတို့ရဲ့စကားကိုလည်း အလွန်ပဲ လေးစားလိုက်နာတတ်တဲ့ လောကဆိုလို့လည်း ကျွန်တော်တို့စာပေရပ်ကွက်ပဲရှိမယ့်ပုံပါ။

တကယ်တော့ ညှိုသည်မျှော်တယ်ဆိုတာကလည်း မြန်မာတို့ရဲ့ ချစ်စရာ အစဉ်အလာလေ့ပါ။ 'အိမ်သာမှ ညှိုလာ' ဆိုတဲ့ ဆိုရိုးစကားလည်း အရှိသားပဲ မဟုတ်လား။ ကိုယ့်အိမ်က သာယာပျော်ရွှင်စရာကောင်းမှ ညှိုသည်က လာရောက်လည်ပတ်ချင်မှာပေါ့၊ ဒါကြောင့်လည်း အိမ်ကို ညှိုသည်အလာများတာဟာ မင်္ဂလာတစ်ပါးပါဆိုပြီး ဂုဏ်ယူနိုင်ကြပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့စာပေရပ်ကွက်လေးဟာ သာတောင့်သာယာရှိပြီး ပျော်ရွှင်စရာကောင်းပါတယ်။ ဒါကြောင့်လည်း ညှိုသည်တွေကို အမြဲတွေ့နေရတာပါ။ ကျွန်တော်တို့မှာ ညှိုသည်ကို မျှော်တတ်ရုံသာမကဘူး တကူးတကတောင် ကိုယ်တိုင်သွားပြီး အလည်ခေါ်ရတာလည်း မမောနိုင် မပန်းနိုင်ပါပဲ။

ကျွန်တော်ပြောတာကို သံသယရှိရင် မဂ္ဂဇင်းဂျာနယ် စာမျက်နှာတွေကို အချိန်မရွေး လှန်ကြည့်လိုက်ပါ။ မင်းသားမင်းသမီးတွေ၊ အဆိုတော်တွေ၊ တေးရေးဆရာတွေ၊ ဒါရိုက်တာတွေရဲ့ ဝတ္ထုကဗျာ၊ ဆောင်းပါးတွေကို တစ်ပုဒ်မဟုတ် တစ်ပုဒ်တော့ မလွဲဧကန် ဖတ်ရှုရပါလိမ့်မယ်။ ဖတ်လို့ကောင်းချင်ကောင်းမယ်။ ကောင်းချင်မှလည်း ကောင်းပါလိမ့်မယ်။ သေချာတာကတော့ ပရိသတ်က စိတ်ဝင်တစား ဖတ်ကြသလို နယ်ခံ



စာပေသမားတွေကလည်း ဂရုတစိုက် ဖတ်ကြပါတယ်။ ဒါဟာ အင်မတန်လည်း ကြည်နူးစရာကောင်းပါတယ်။

ပရိသတ်အထင်ကြီးအားကျတဲ့ နာမည်ကျော်သရုပ်ဆောင်တွေ၊ အဆိုတော်တွေကိုယ်တိုင်က ဝတ္ထုတွေ၊ ကဗျာတွေကို အချိန်ပေးရေးသားဖော်ပြလာကြခြင်းအားဖြင့် စာပေကို ပရိသတ်တွေ အထူးပဲ အာရုံကျ အလေးထားလာနိုင်တဲ့ အကျိုးကျေးဇူးကို ရရှိနိုင်တာမို့ မင်္ဂလာတစ်ပါးပါပဲ။ တချို့ဆို အတိုအစလေးတွေ ရေးသားခံစားနေရတာ ရင်နဲ့မမျှတော့လို့ လုံးချင်းတွေတောင် ထုတ်လာနိုင်ကြတဲ့အထိ စာပေကို ပူးကပ်ဝင်စားလာကြတဲ့အတွက် ကျွန်တော်တို့စာပေနယ်ကလည်း ဝမ်းသာပီတိ ဖြစ်ရတာ အတိုင်းထက်အလွန်ပါ။ အခုလို စာပေနယ်ထဲကို ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တွေ စိတ်ပါဝင်မှုများလာလေလေ စာပေလောကအတွက်လည်း အကျိုးရှိလေလေပါပဲ။

ဒါကြောင့်မို့လည်း စာဖတ်ပရိသတ် တိုးပွားသည်ထက်တိုးပွားရေးကို လိုလားသော မဂ္ဂဇင်းဂျာနယ်များအနေနဲ့ ထင်ရှားတဲ့ အနုပညာရှင်တွေရဲ့စာမူတွေ ဝီရိယစိုက်တောင်းခံဖော်ပြလာကြပါတယ်။

မဂ္ဂဇင်းဂျာနယ်များရဲ့ အရေးထားမှုကို ပြန်လည်အသိအမှတ်ပြု တန်ဖိုးထားသောအားဖြင့် အနုပညာရှင်များကလည်း စာမူတွေကို အားထုတ်ရေးသားလာကြတာတွေ့ရပါတယ်။ စာပေနယ်ထဲမှာ အနုပညာရှင်အားလုံး တစ်သွေးတစ်သားတည်း စီးဆင်းပျော်ဝင်နေတာကို မြင်တွေ့ရတာ တကယ်ကိုကြည်နူးပီတိဖြစ်ရပါတယ်။

ကြည်နူးပီတိဖြစ်ရတဲ့သူတွေထဲမှာ ကျွန်တော်လည်း တစ်ယောက် အပါအဝင်ဆိုတာ သစ္စာဆိုပြောရဲပါတယ်။

ကျွန်တော်ပြောတာ ဟုတ်မှန်ကြောင်း ဥပမာဆောင်ပြောရရင် မဂ္ဂဇင်းတစ်စောင်က စာမူတောင်းလို့ ကျွန်တော့်ကဗျာရှည်တစ်ပုဒ် ပေးလိုက်ပါတယ်။ ကျွန်တော် အဲဒီမဂ္ဂဇင်းကို ကဗျာရှည်ပေးကတည်းက ဖတ်ကြည့်ပါ ကြိုက်မှထည့်ပါ။ မကြိုက်ရင်ပြန်ပေးပါ။ အားနာစရာမလိုပါလို့ အတိအလင်း ပြောခဲ့ထားပါတယ်။ အယ်ဒီတာကလည်း

ကျွန်တော်နဲ့ လူချင်း ရင်းနှီးပြီးသားမို့ မျက်နှာနာလို့ ထည့်ပေးရတယ်ဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ စာမူကို တကယ်ကြိုက်လို့ ထည့်သွင်းဖော်ပြတာမျိုးကိုသာ ကျွန်တော် ဘဝင်ကျပြီး လိပ်ပြာလုံနိုင်ပါတယ်။

စကားကိုဆက်ရရင် အယ်ဒီတာမင်းလည်း ဖတ်ပြီးပြီးချင်း ကြိုက်တယ် ရှေ့လထုတ်မယ် ထည့်မယ် ဆိုပြီး နှုတ်ထွက်စကားဆိုပါတယ်။

ဒါပေမယ့်

တစ်လလည်းပါမလာ၊ နှစ်လလည်းပါမလာ၊ သုံးလေးလလည်း ပါမလာတဲ့ ကျွန်တော့်ကဗျာလေးရဲ့ ကျန်းမာရေးကို ကျွန်တော် စိတ်ပူလာရပါတယ်။ ဒါကြောင့် အပြေးအလွှား သွားတွေ့ပြီး အကျိုးအကြောင်း မေးကြည့်ရပါတယ်။

အယ်ဒီတာမင်းလည်း ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်ခေါ် သွားပြီး အခြေအနေကို ရှင်းပြပါတယ်။

"အေးဗျာ ခင်ဗျားကဗျာကို ထည့်မယ်ဆိုပြီး သရုပ်ဖော်ပုံတွေ ဘာတွေတောင် အပ်ထားပြီးပြီ ဒါပေမယ့် ပထမလမှာက မင်းသမီးလေးရဲ့စာမူ ရောက်လာလို့ ခင်ဗျားစာမျက်နှာ သူ့ပေးလိုက်ရတာ၊ အဲ ဒုတိယလကျတော့ ရော့ခ်တေးရေးဆရာကြီးရဲ့ ကဗျာကို ထည့်လိုက်ရတယ်။ တတိယလမှာက အဆိုတော်မလေးရဲ့ဝတ္ထု စတုတ္ထလမှာကျတော့ မင်းသားရဲ့ ခရီးသွားဆောင်းပါးကို ဦးစားပေးလိုက်ရလို့ဗျ၊ အဲ. . ဒီလထုတ်မှာတော့ ခင်ဗျားကဗျာကို ထည့်မယ်ဆိုပြီး စီစဉ်ပြီးကာမှ အခုတလော နာမည်ကြီးလာတဲ့ မော်ဒယ်လေးက သူ့ရဲ့ကိုယ်တွေ့ အချစ်ဇာတ်လမ်းလေး တစ်ပုဒ်ကို ရေးပေးလိုက်လို့ဗျာ။ ဒါကြောင့် ခင်ဗျားစာမူကို နောက်ဆုတ်လိုက်ရတယ်။ ဒီအတွက် စိတ်မရှိပါနဲ့ဗျာ။ ကျွန်တော်အဆင်ပြေတဲ့ တစ်လလမှာ ဖြစ်အောင် ထည့်ပေးပါ့မယ်။ ဧည့်သည်တွေကို ဦးစားပေးနေရလို့ပါ။ ခင်ဗျားကျတော့ ကိုယ့်လူရင်းပဲဥစ္စာ၊ အေးဆေးပေါ့ဗျာ ဘယ်အချိန်မှ ထည့်ထည့် ရပါတယ်၊ ဟုတ်တယ် မဟုတ်လား"

တဲ့။ ဟုတ်ပါတယ်။ ရပါတယ်။ ဧည့်သည်ကို ဦးစားပေးတဲ့ အိမ်ရှင်ကောင်းတို့ရဲ့ စိတ်ရင်းအတိုင်း ကျွန်တော် ကျေနပ်ကြည်ဖြူရှိပါတယ်။ ထင်ရှားကျော်ကြားသော အနုပညာရှင်များရဲ့ ကျေးဇူးကြောင့် စာပေအပေါ် လူငယ်တွေ စိတ်ဝင်စားမှု နက်ရှိုင်း



လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို ရင်မှာတွေးပိုက်ရင်း ပြုံးမိပါတယ်။

အဲသလို. . ကျွန်တော်တို့ စကားပြောကောင်းနေတုန်းမှာ စာရေးဆရာတစ်ယောက် ရောက်လာပါတယ်။ သူ ဗီစီဒီဒါရိုက်တာလုပ်မယ့် အကြောင်းနဲ့ အခြေအနေပေးရင် ကိုယ်တိုင် သီဆိုပါဝင်သရုပ်ဆောင်ဦးမယ့် အကြောင်းတွေ အားပါးတရ ပြောပြီး နှုတ်ဆက်ပြန်သွားပါတယ်။

စာရေးဆရာ မြင်ကွင်းက မပျောက်ခင်မှာပဲ အယ်ဒီတာမင်းက ခေါင်းတခါခါပြုပြီး

"ဒီလူတွေ ကိုယ့်နေရာကိုယ် မသိတာ တယ်ခက်တာပဲ၊ စာရေးတဲ့လူက စာရေးတဲ့အလုပ် မလုပ်ဘဲ ဒါရိုက်တာ လုပ်မယ်၊ သရုပ်ဆောင် လုပ်မယ်၊ အဆိုတော်လုပ်မယ်ဆိုတော့ ဖြစ်ပါလိမ့်မယ် အားကြီးကြီး"

ဆိုပြီး မဲ့ရွဲ့ထောပနာပြုပါတယ်။ ကျွန်တော်လည်း မျက်ခုံးပင့်မိပြီး အနုပညာနယ်ပယ်ထဲကလူတွေလည်း စာတွေကဗျာတွေကို ရေးတတ်သလို ခံစားရေးဖွဲ့ကြသလို စာရေးဆရာလည်း အခြားအနုပညာနယ်ပယ်မှာ ဧည့်သည်သွားလုပ်တာ နားလည်အားပေးရမှာသာဖြစ်ကြောင်း ဖြေရာပြေရာ ပြောဆိုမိပါတယ်။ အယ်ဒီတာမင်းက ကျွန်တော့်စကားကို ဘဝင်မကျဟန်နဲ့

"ဟ ဒါက နှိုင်းစရာမဟုတ်ဘူးဗျ၊ အဆိုတော်တွေ မင်းသား မင်းသမီးတွေရေးတဲ့ဝတ္ထု၊ ကဗျာတွေကို ကောင်းကောင်း မကောင်းကောင်း ပရိသတ်ကြိုက်တယ်၊ ပရိသတ် စိတ်ဝင်စားတယ်၊ ဒါကြောင့် ကျုပ်တို့က တကူးတက နေရာပေးရတာ၊ ဖြစ်နိုင်ရင် ကျုပ်မဂ္ဂဇင်းမှာ မင်းသား မင်းသမီးတွေ အဆိုတော်တွေရေးတဲ့ စာမူတွေချည်းပဲ ထည့်ချင်တာ၊ စာရေးဆရာရေးတဲ့ စာမူတွေကို ထည့်ချင်တာမဟုတ်ဘူး၊ ပရိသတ် စိတ်မဝင်စားလို့ အဲသလို စာရေးဆရာရေးတဲ့ စာမူတောင်မှ ပရိသတ်စိတ်မဝင်စားရင် စာရေးဆရာက ဒါရိုက်တာ သရုပ်ဆောင်လုပ်တဲ့ ရုပ်ရှင်ဗီဒီယိုတွေ စာရေးဆရာ ဆိုတဲ့သီချင်းတွေကို ဆို ပိုပြီးဝေးရောပေါ့။ ပရိသတ် မပြောနဲ့ ကျုပ်တို့တောင် အထင်ကြီးတာမဟုတ်ဘူး"


ဆိုပြီး ဆန့်ရင်းနာနာဖွင့်ပါလေတော့တယ်။ သြော် စာရေးဆရာဘဝ၊ စာရေးဆရာဘဝ။

**မျိုးကိုမျိုး**



# အဖတ်သင်
## စာမျက်နှာ

အဖတ်သင်စာမျက်နှာမှ ကြိုဆိုပါသည်။
စာဖတ်ချင်စိတ်ဖြစ်ခါစ
လူငယ်လူရွယ်များ၏ စာဖတ်ချင်စိတ်ကို
ပျိုးထောင်ပေးရန် ရည်ရွယ်ပါသည်။
ထို့ကြောင့် တိုတိုတိတိထိထိမိမိစာနမူများကို
ဖော်ပြအပ်ပါသည်။
အဖတ်သင်များ နှစ်သက်လိမ့်မည်ထင်ပါသည်။





အ ဖ တ် သ င် စာ မျ က် နှာ

# ထာဝရအတွက် ဟာသတစ်ခွက်

အောနွန်



**ကလေးမွေးတဲ့နေရာ**

ဘတ်စ်ကားဂိတ်တွင် စကပ်တိုတိုနှင့်ကောင်မလေး မလှံ့တလုံ့နှင့် ထိုင်နေသည်။ လူကြီးတစ်ဦးက ကောင်မလေးနားကပ်၍

"ဟဲ့ကောင်မလေး နင့်စကပ်ကို ဒီထက်မြှင့်မြှင့်မပေးရင် ငါငွေတစ်သောင်းပေးမယ်"

ကောင်မလေးက ငွေတစ်သောင်းကို လက်ခံရယူပြီး စကပ်ကိုအနည်းငယ် မပြလိုက်သည်။

ဘတ်စ်ကားဆိုက်ရောက်လာသဖြင့် နှစ်ယောက်သား ဘေးချင်းကပ်ခုံတွင်ထိုင်စီးသွားကြသည်။ ကောင်မလေးက ထပ်မံကမ်းလှမ်းလာသည်။

"ဦးလေး နောက်ငွေတစ်သောင်းပေးရင် ကျွန်မ ကလေးမွေးလို့ရတဲ့နေရာကိုပြမယ်"

လူကြီးက ဝမ်းသာအားရ ငွေတစ်သောင်းထပ်ပေးသည်။ ကောင်မလေးက ကားပြတင်းမှလမ်းဘေးရှိအဆောက်အဦးကို လက်ညှိုးထိုးပြသည်။ အဆောက်အဦးတွင်ရေးထားသည်က

"ဂျမခါနာ ကလေးဆေးရုံဟူသတည်း"

**သတင်းစာဖတ်လို့**


မော်စကိုမြို့သားနှစ်ဦး ဆုံမိကြသည်။

"အခြေအနေကောင်းရဲ့လားဟေ့"

"အရမ်းကောင်းပေါ့ဗျာ"

"သတင်းစာဖတ်သလား"

"ဖတ်တာပေါ့ဗျာ၊ နို့မို့ဆို အခြေအနေတွေ အရမ်းကောင်းနေတာ ကျုပ် ဘယ်လိုလုပ်သိမလဲ"





**နိုင်ဟာသည့်ဆုံးဖြတ်ချက်**

သူဌေးအဘွားကြီးတစ်ဦးက သူ့သမက်သုံးယောက်လုံး သူ့ကို မနှစ်သက်ကြောင်း ရိပ်မိနေသည်။ ချောင်းသာကမ်းခြေသို့ မိသားစုအပန်းဖြေခဲ့သွားကြစဉ် သူ့သမက်များ၏စိတ်ကို စမ်းမည်ဟု သူအကြံရသည်။

ပထမတစ်ရက်တွင် အကြီးဆုံးသမက်နှင့်သူ နှစ်ဦးတည်း ကမ်းခြေ၌ရှိစဉ် ရေလယ်သို့သွား၍ ရေနစ်ချင်ယောင်ဆောင်သည်။

သမက်အကြီးက ကယ်ရကောင်းနိုင်း၊ ကြည့်နေရကောင်းနိုးနှင့်



နောက်ဆုံးတွင် မကယ်ချင်ကယ်ချင်နှင့် ကယ်ခဲ့သည်။

နံနက်လင်းတော့ သူ့အခန်းရှေ့တွင် အကောင်းစားBSA ဆိုင်ကယ်သစ်ကြီးတစ်စီး ရောက်နေသည်။ ဆိုင်ကယ်ထိုင်ခုံပေါ်တွင်လည်း 'ချစ်သမက်ကြီးအတွက် ဂုဏ်ပြုလက်ဆောင်' ပုံ/ယောက္ခမဓမမေ ဟု ရေးထားသည်။

နောက်တစ်နေ့တွင်လည်း သမက်အလတ်ကို စိတ်စမ်းပြန်သည်။ သမက်အလတ်ကလည်း မကယ်ချင်ဘဲ လူသားဆန်တဲ့စိတ်နှင့် ကယ်ခဲ့ရပြန်သည်။

နောက်တစ်နေ့နံနက်တွင် သူ့အခန်းရှေ့တွင် ဆလွန်းကားသစ်ကြီးတစ်စီးရောက်နေသည်။

ကားထိုင်ခုံပေါ်တွင်လည်း 'မြင့်မြတ်သောစိတ်ထားနဲ့ ချစ်သမက်အလတ်အတွက် ဂုဏ်ပြုလက်ဆောင် ပုံ/ယောက္ခမမေမေ'ဟု ရေးထားသည်။

ထိုအဖြစ်အပျက်များကို အငယ်ဆုံးသမက်က အားလုံးတွေ့မြင်နေရသည်။ ယနေ့ညနေတွင်တော့ ကမ်းခြေတွင် သူနှင့်ယောက္ခမအဘွားကြီး နှစ်ဦးတည်းသာရှိနေသည်။

ထုံးစံအတိုင်း အဘွားကြီးက ရေနစ်ဟန်ဆောင်သည်။ သမက်အငယ်က ဆင်းကယ်ပြီး ဆုလာဒ်ယူရကောင်းမလား၊ ထိုင်ကြည့်နေရကောင်းမလားဟု ချီတုံချတုံဖြစ်နေသည်။ နောက်ဆုံးတော့ တစ်သက်တစ်ခါမြင်ရခဲသောမြင်ကွင်းကို စိတ်အေးလက်အေးနှင့် ထိုင်ကြည့်နေရန် ဆုံးဖြတ်လိုက်သည်။


ယောက္ခမအဘွားကြီး ရေနစ်ဟန်ဆောင်ရင်းနှင့် တဖြည်းဖြည်း ရေနက်ပိုင်းရောက်ကာ တကယ်ရေနစ်သေဆုံးသွားသည်။

နောက်နေ့မနက်တွင် သမက်အငယ် အိပ်ရာကနိုးလာသည်။ မိမိ၏အိပ်ခန်းကိုဖွင့်ကြည့်လိုက်ရာ အံ့ဩဖွယ်ရာ မာစီဒီးကားသစ်ကြီးတစ်စီး ရောက်နေသည်ကို တွေ့ရသည်။ ကားထိုင်ခုံပေါ်တွင် စာတစ်စောင်ရှိနေသဖြင့် အလျင်စလို ဖတ်ကြည့်ရာ ဤသို့ရေးထား၏။

"ချစ်သမက်ငယ်၏နိုင်မာသည့်ဆုံးဖြတ်ချက်အတွက် ဂုဏ်ပြုလက်ဆောင်" ပုံ/ယောက္ခမဖေဖေ ဟူ၍ဖြစ်သည်။

အ ဖ တ် သ င် စာ မျ က် နှာ

**<u>သူ့ကျေးဇူး</u>**



"ကျွန်တော့်ယောက္ခမကြီးကို ကုသပေးခဲ့တဲ့အတွက် ဆရာ့ကို ကျွန်တော် ကန်တော့ပါရစေ"

လူငယ်က ရိုသေစွာ ထိုင်ကန်တော့သည်။

"ခြော် တလောက ရောဂါအရှင်းပျောက်သွားတဲ့ ဒေါ်သိန်းရဲ့သမက် ထင်တယ်"

"မဟုတ်ဘူးဆရာ၊ ဆရာဆေးတစ်လုံးထိုးတာနဲ့ မျက်လုံးပြူးပြီးဆုံးသွားတဲ့ဒေါ်နုရဲ့သမက်ပါ"

**<u>အားလုံး•••အထဲမှာ</u>**




ထောင်မှူးသည် ထောင်သား ဖြစ်သူပြောင်ကြီးအတွက် စိတ်မကောင်းဖြစ်နေသည်။ ဧည့်သည်တွေသည့် အပတ်တိုင်းတွင် ထောင်သားတိုင်းလိုလို မိသားစုမိတ်ဆွေများ လာရောက်တွေ့ဆုံကြသော်လည်း ပြောင်ကြီးကိုမူ တွေ့ ဆုံသူမရှိသဖြင့် ထောင်မှူးက စိတ်မကောင်းဖြစ်နေခြင်းဖြစ်သည်။

'ငါကြည့်နေတာကြာပြီ မင်းဆီ ဧည့်သည်လာတာ မတွေ့ရဘူး မင်းမှာ မိသားစုတို့ မိတ်ဆွေတို့ မရှိကြဘူးလား'

ပြောင်ကြီးက ပြုံးစိစိဖြင့် ပြန်ဖြေသည်။

'ထောင်မှူးရယ်၊ ကျွန်တော့်မှာရှိပါတယ်၊ ဒါပေမယ့် သူတို့အားလုံး ဒီထောင်ထဲမှာချည်းပဲလေ'



## ကြွက်မင်းကြီးရဲ့သမီးတော်

ရှေးရှေးတုန်းက ကြွက်တိုင်းပြည်မှာ ကြွက်မင်းကြီးနဲ့ ဇနီးရွှေနန်းကိန်ကိန်တို့ ဘုရင့်မိဖုရားမိသားစုရှိသတဲ့။ တစ်နေ့မှာတော့ မင်းမိဖုရားကိန်ကိန်က လှပချောမောလွန်းတဲ့သမီးတော် ရွှေနန်းကြွက်လေးကို မွေးဖွားသန့်စင်လိုက်သတဲ့ကွယ်။ သမီးလေးဟာ သူမတူအောင် လှပလွန်းတော့ ဘုရင်ကြီးနဲ့ မိဖုရားကိန်ကိန်တို့ဟာ မာန်တက်ပြီး၊ ဘုရင်ကြီးက

'မိဖုရားကြီးကိန်ကိန် တို့သမီးလေးဟာ ကြွက်မက နတ်မကျ ချောတော့ တို့ဆီက ကြွက်နော၊ ကြွက်ဖျောင်း၊ ကြွက်ပျောင်း၊ ကြွက်အရက်သမားကြွက်ဖေား၊ ကြွက်သေို၊ ကြွက်သူခိုးတွေနဲ့ မပေးစားဘူး၊ ဟူးဟူး။ တို့ထက်တန်ခိုးကြီးတဲ့ နေနတ်သားနဲ့ပေးစားရင် မကောင်းဘူးလား ကိန်ကိန်ရဲ့'

'သင့်တော်ကြောင်းပါဘုရား'

ဆိုတော့ ကြွက်မင်းကြီးဟာ မိဖုရားကိန်ကိန်နဲ့ သမီးလေးရွှေကြွက်ကို စိန်ရွှေရတနာတွေ ညွတ်နေအောင်ဆင်ပေးပြီး နေနတ်သားဆီ ဘောက်ဆတ်ဘောက်ဆတ်နဲ့သွားတော့ မိဖုရားကိန်ကိန်ကလည်း ဆတ်ကော့လတ်ကော့နဲ့ ပါသွားတော့တာပေါ့။



ဒီလိုနဲ့ ရောက်တယ်ဆိုရင်ပဲ

'နေနတ်မင်းကြီး ကျွန်ုပ်သမီးလေး လှလွန်းလို့ နေနတ်မင်းကြီးနဲ့ ပေးစားဖို့ခေါ်ခဲ့ပါတယ်၊ ရှုစားတော်မူပါ'

ဆိုတော့ နေနတ်မင်းကြီးက

'အိုးဟိုး အဆွေကြွက်မင်းကြီး ကျွန်ုပ်ကို လွတ်အထင်ကြီးတာကိုး။ ကျွန်ုပ် နေဘယ်လောက်ပဲပူပူ၊ ဟို မိုးနတ်မင်းကြီးက ကျွန်ုပ်ကိုရွဲ့ပြီး တစ်မိုးလုံးမှောင်မဲအောင်အုံ့ချလို့ကတော့ ကျွန်ုပ်လည်း ဘာမှမတတ်နိုင်ဘဲ စိတ်ဆိုးပြီးသက်ပျော့ရတာပါပဲ။ ဒါကြောင့် ဒင်းကြီးဆီပဲ သွားပေးစားပါ၊ သူက ကျွန်ုပ်ထက် တန်ခိုးကြီးပါတယ်'

ဆိုတော့ မိုးနတ်မင်းဆီ သွားရပြန်တာပေါ့။ ရောက်တယ်ဆိုရင်ပဲ

'မိုးနတ်မင်းကြီး ကျွန်ုပ်သမီးလေးကို ရှုစားတော်မူပါ၊ ဘယ်ကလောက်ချောတယ်ဆိုတာ သင်မျက်မြင်ပဲ၊ သိမ်းပိုက်လိုက်စမ်းပါ'

ဆိုတော့ မိုးမင်းကြီးက

'အ,ရန်ကော ကြွက်မင်းကြီးရယ်၊ ခင်ဗျားသမီးလေးလှတာမှန်ပေမယ့် ကျွန်ုပ်ထက်တန်ခိုးကြီးတဲ့နတ် ရှိပါသေးတယ်၊ ကျွန်ုပ်ဘယ်လောက်ပဲမိုးရွာရွာ ဒင်းပါးစပ်ကြီးနဲ့မှုတ်ထုတ်လိုက်ကတော့ ကျွန်ုပ်ရွာချတဲ့မိုးရေတွေ အကုန်ပျောက်လွင့်တော့တာပဲဗျို့။ အဲဒီလေနတ်သားနဲ့သာ ပေးစားပါဗျာ'

ဒီလိုနဲ့ လေနတ်သားဆီရောက်တယ်ဆိုရင်ပဲ အကျိုးအကြောင်းပြောပြတော့

'အဆွေတော်ကြွက်မင်းကြီး ခင်ဗျားသမီးလေးကိုတော့ ကျွန်ုပ် စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် အဆင့်ကျော်ပြီး ကျွန်ုပ်မလုပ်ချင်ဘူး၊ ကျွန်ုပ်ဘယ်လောက်ပဲမှုတ်မှုတ် ဟိုတောင်ကိုစောင့်တဲ့ မျက်နှာမာတောင်စောင့်နတ်မင်းကြီးက လှုပ်ဘဲ နေနိုင်တာဆိုတော့ ကျွန်ုပ်သိက္ခာကျ အရှက်ရတာပေါ့။ ဒါကြောင့် တောင်စောင့်နတ်ကြီးနဲ့သာ ပေးစားပေတော့"

ဂလိုနဲ့ တောင်စောင့်နတ်ဆီကို ပြေးရတာပေါ့ အရပ်ကတို့ရဲ့။ ဟိုရောက်တော့ အကျိုးအကြောင်းပြောပြတော့ တောင်စောင့်နတ်ကြီးက တတ်ဘက်ပက်ပက်ရယ်တော့တာပေါ့။

## အ ဖ တ် သ င် စာ မျ က် နှာ

'ခြောက်ပေါ် အဆွေတော်ကြွက်မင်းကြီး ကျွန်ုပ်ပြောဖို့တောင် အားန လိုက်တာ၊ အောင်မလေး ပြောကို မပြောချင်ဘူး တကတည်း သိတယ်ဟုတ် ကျွန်ုပ်က ခပ်တည်တည်နဲ့သာနေနေတာ၊ မချိသွားဖြဲ ချို့၊ ကျွန်ုပ် မင်သတ်ပြ နေပေမယ့် ကျွန်ုပ်ရဲ့မျက်နှာကြည့်ပါဦး၊ ငိုလို့ရယ်လို့မရတဲ့မျက်နှာဗျ၊ တောင် တစ်ခုလုံးကို ကြွက်တို့အမျိုးတွေဖောက်လို့ ကျွန်ုပ်လဲပြုံတော့မယ် အဆွေ တော်ရဲ့ အဲဟဲ့ ဟင့်ဟင့်ရှုတ် အဲဒီတော့ ကျွန်ုပ်ထက်တန်ခိုးကြီးတဲ့ ကြွက်မင်းသား နဲ့သာ ပေးစားတော့ အဆွေတော်ရဲ့ အဟင့် ဟင့်'

ဆိုပြီး ငိုချလိုက်တော့ ကြွက်မင်းကြီးလင်မယားလည်း အမြီးကုတ်ပြီ ပြန်ပြေးရတာပေါ့ကွယ်။ နောက်ဆုံးကျတော့ ရွှေကြွက်လေးကို ကြွက်ငမေ တစ်ကောင်နဲ့ပဲ ပေးစားလိုက်ရတာပါပဲ။ ပုံပြင်လေးကတော့ ဒါပါပဲကွယ် အဲဒါကြောင့်ပြောတာပေါ့။ ကိုယ့်အိုးကိုယ့်ဆန် တန်ရုံမှန်းရင် လောကပါလ တရားနဲ့လည်း အံဝင်ခွင်ကျဖြစ်မယ်ဆိုတာ အမှန်မလွဲပါဘဲ။

မရွှေနှယ်

-အဖတ်သင်များ အ တွက် အိမ်စာဖြစ်ပါသည်။

ယခုလ
အဖတ်သင်
စာမျက်နှာကို
ဆရာအုပ်လှကြီး၏
ဘယ်လိုဖြစ်သင့်လဲ
ပုံပြင်နှင့် နှုတ်ဆက်ပါတော့မည်။ ဤပုံပြင်ကို စေ့ငုသေချာစွာ ဖတ်ရှု ပြီးပါက ဟားခလုတ် အယ်ဒီတာ အဖွဲ့မှ စာဖတ်သူ၏အမြင်ကို သိလို လှပါသည်။

(၁)ဘယ်လိုဖြစ်သင့်လဲ၊
(၂)-ဘာ့ကြောင့်လဲ။

-စာဖတ်သူများ၏ အ မည်နှင့် နေရပ်လိပ်စာကို ဖော်ပြ ပေးပို့စေလိုသည်။

-ဟားခလုတ် အယ်ဒီတာ အဖွဲ့လိပ်စာကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

-အဖြေမှန်သူများ၏ အ ဖြေများကို ဟားခလုတ်(၁၁)တွင် ဖော်ပြပေးပါမည်။

# အုပ်လှကြီး

## ဘယ်လိုဖြစ်သင့်လဲ



# ဘယ်လိုဖြစ်သင့်လဲ

ဦးပိန်မှာ လှလွန်းသူလို့ အမည်ရတဲ့ သမီးလေးတစ်ယောက်ရှိတယ်ပြည့်တ်သွားရာ ဓာတ်သက်ပါလို့ပဲ ပြောရမလားမသိဘူး။ ဦးပိန်က ပိန်ရှည်ရှည်ကြီးဖြစ်သလို လှလွန်းသူကလည်း အလွန်တရာ ချောမောလှပပြေပြစ်သူလေးပါ။ ဦးပိန်ဟာ လှလွန်းသူလေးကို မိတဆိုးလေးလည်းဖြစ် တစ်ဦးတည်းသောသမီးလေးလည်း ဖြစ်တာကြောင့် အသက်မက အချစ်ပိုခဲ့ပါတယ်။ ဒီလိုပါပဲ။ လှလွန်းသူလေးကလည်း ဖခင်ဖြစ်သူကို အရမ်းချစ်တဲ့သမီးအလိမ္မာလေးပါ။

သို့သော်လည်း အချိန်တန်အရွယ်ရောက်လာတော့ သဘာဝတရားအတိုင်း မောင်ဗလဆိုသူ လူငယ်လေးနဲ့ ရည်ငံပါတော့တယ်။ ဦးပိန်ဟာ သမီးလေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ပေမယ့် ရေစက်ပန္နက်ကိုတော့ ဘယ်ဖျက်လို့ရပုံမလဲ။ မောင်ဗလဆိုတာကလည်း လူရည်သန့်လူတော်လူကောင်းလေးဆိုတော့ အဆုံးမှာတော့ သူတို့နှစ်ယောက်ကို ထိမ်းမြားလက်ထပ်ပေးလိုက်ပါတော့တယ်။

မောင်ဗလကို ချစ်ပေမယ့် ဖခင်ဖြစ်သူနဲ့လည်း မခွဲနိုင်တဲ့ လှလွန်းသူလေးကြောင့် မောင်ဗလခမျာ သျှောင်နောက်ဆံထုံးပါ မဟုတ်တော့ဘဲ ဆံထုံးနောက် သျှောင်ပါ ဖြစ်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်မြတ်စွာနေထိုင်ကြရင်း တစ်နေ့ကျတော့ ရွာမှာ ကပ်ရောဂါဘေးဆိုးကြီးတစ်ခု ဖြစ်ပါရောလား။ ဒီရောဂါက ကူးစက်လွယ်ပြီး အသေအပျောက်မြန်တယ်ဆိုတော့ သူတို့ရွာကို အပြီးဆုံးစွန့်ခွာရတော့တာပေါ့။ တခြားရွာစဉ်တန်းတွေမှာလည်း ဒီရောဂါပျံ့နှံ့နေတာဆိုတော့ သူတို့ဟာ တောနက်ကြီးထဲကို ဝင်ပြေးကြရပါတယ်။

သုံးဦးသား တောနက်ကြီးထဲ ပြေးလွှားရင်းနဲ့ သူတို့ဟာ နယ်ကျွံပြီး နတ်ဘီလူးကြီးရဲ့ ပိုင်နက်ထဲရောက်သွားလေသတဲ့။ နတ်ဘီလူးကြီးက သူတို့ကို ဖမ်းဆီးပြီး သုံးယောက်ထဲက နှစ်ယောက်ကို သတ်မယ်၊ တစ်ယောက်ကို သာ အလွတ်ပေးမယ်လို့ အမိန့်ပေးပါတယ်။



အ ဖ တ် သ င့် စာ မျ က် နှာ

သူတို့သုံးယောက်စလုံးဟာ ချစ်ခင်သူတွေအတွက် အသက်ပေးဝံ့သူတွေချည်းပါပဲ။ သူအသေခံမယ်၊ ငါအသေခံမယ်နဲ့ ပြောဆိုနေကြတုန်း ဦးပိန်နဲ့မောင်ဗလတို့က ညှိနှိုင်းပြီး လှလွန်းသူလေးကို မေ့မြောအောင်ရိုက်လိုက်ပါတယ်။ သူတို့နှစ်ဦးပဲ အသေခံမယ်၊ လှလွန်းသူလေးကိုတော့ အသက်ချမ်းသာစေချင်လို့ပါ။

လှလွန်းသူ သတိရလာတော့ ခေါင်းနဲ့ကိုယ် အိုးစားကွဲနေတဲ့အလောင်းတွေကိုပဲ တွေ့ရပါတော့တယ်။ ရင်နင့်စွာငိုကြွေးလိုက်တဲ့ လှလွန်းသူလေးရဲ့ ငိုရှိုက်သံဟာ မဆုံးနိုင်အောင် ပေါ်လာတော့တာပေါ့။

နတ်ဘီလူးကြီးဟာ ဆိုးသွမ်းရက်စက်သလို အပြောင်အနောက်လည်း အလွန်သန်သတဲ့။ သူက ကောင်မလေးရဲ့ ချစ်ခြင်းမေတ္တာကို စမ်းသပ်ချင်တယ်။ ဒါနဲ့ အလွန်လှပချောမောတဲ့မင်းသားလေးအဖြစ် ဖန်ဆင်းပြီး လှလွန်းသူရဲ့အချစ်ကို တောင်းခံလေသတဲ့။ မိန်းမဆိုတာ သာတာတွေ့ရင် ယိမ်းယိုင်သွားမယ်လို့ သူ ထင်ထားပေမယ့် ထင်သလို ဖြစ်မလာပါဘူး။ တူးတူးခါးခါး ငြင်းဆိုခြင်းကို ခံရပါတော့တယ်။

နောက်ဆုံးကျတော့ နတ်ဘီလူးကြီးဟာ သနားသွားပြီး သေသူနှစ်ဦးကို အသက်ရှင်အောင် သူ့ရဲ့တန်ခိုးနဲ့ ပြန်ဖန်ဆင်းပေးပါတော့တယ်။ သို့သော်လည်း အနောက်အပြောင်သန်သူပီပီ ဦးခေါင်းချင်းကိုတော့ လဲလိုက်သတဲ့။ ဒီမှာ ပြဿနာစပြီပေါ့။

ဦးပိန်ရဲ့ခန္ဓာကိုယ်နဲ့ မောင်ဗလရဲ့ခေါင်း၊ မောင်ဗလခန္ဓာကိုယ်မှာတော့ ဦးပိန်ရဲ့ခေါင်း။ လှလွန်းသူလေး ဘယ်သူ့ကိုအဖေခေါ်ပြီး ဘယ်သူ့ကို ခေါင်းမလဲ။ ဘယ်လိုဖြစ်သင့်တယ်ဆိုတာ အဖြေပေးကြစေလိုပါတယ်။

ဒီပုံပြင်နဲ့ ခပ်ဆင်ဆင် ကမ္ဘာကျော်ပုံပြင် ရှိပါတယ်။ အဖြေကိုလည်း သိကြပါလိမ့်မယ်။ သို့သော်လည်း အဲဒီအဖြေမျိုးမဟုတ်ဘဲ ပိုမိုသင့်လျော်မယ့်အဖြေကို ခံစားချက်ပါပါ ပေးပို့နိုင်ကြပါစေဗျာ။

အုစ်လှကြီး

## အ ဖ တ် သ င် စာ မျ က် နှာ

ဟားခလုတ် အမှတ်စဉ်(၉) ဘယ်သူရသင့်လဲ အဖြေမှန်ကိုဖော်ပြ ပေးလိုက်ပါသည်။ အမှတ်စဉ်(၉)အတွက် ရင်ခုန်ပေးပို့ကြသူများ အနက်မှ အယ်ဒီတာအဖွဲ့၏ သဘောနှင့် တိုက်ဆိုင်သောအဖြေပေးပို့နိုင်သူကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

**မနှင်းသီတာ**

**အမှတ်-၂၁၉၊ရတနာလမ်း၊၁၄-ရပ်ကွက်၊ တောင်ဥက္ကလာ။**

အဖြေ။ ။ ကောင်မလေးကိုချစ်ကြတဲ့အထဲမှာတော့ သူမရဲ့အရိုးပြာနား ကနေ မခွာဘဲနေခဲ့တဲ့ပထမလူငယ်က အချစ်ဆုံးလို့ဆိုရမှာပါ။ ဒါပေမယ့် ဒီအရိုးပြာ နားမှာ နေနေရုံနဲ့ သူမ အသက်ပြန်မရှင်နိုင်ပါဘူး။ ဒုတိယလူငယ်ကလည်း သိပ်ချစ် တာပါပဲ။ ချစ်ခြင်းမေတ္တာကြောင့် ကျတဲ့မျက်ရည်ဟာ မြစ်ရေနဲ့ပေါင်းပြီး သွေး တွေတောင်ဖြစ်တဲ့အထိ ချစ်ခဲ့တာပဲ။ ဂါထာရလာတဲ့ တတိယလူငယ်ကတော့ သူမကို အသက်ပြန်သွင်းရာမှာ ကျေးဇူးအရှိဆုံးလို့ ဆိုရမယ်။ ဒါပေမယ့် ဂါထာတစ်ခုတည်းရွတ်ရုံနဲ့ အသက်ပြန်မသွင်းနိုင်ပါဘူး။ အရိုးပြာရယ်၊ ချစ် မေတ္တာသွေးမြစ်ရေရယ်၊ ဂါထာရယ်ပေါင်းမှ အသက်ပြန်ရှင်တာဆိုတော့ အားလုံး ကျေးဇူးရှိနေကြတာပါပဲ။

ဒီမှာ ဘယ်သူ့ကိုရွေးရမလဲ ဆိုတာကတော့ မိန်းမသားတစ်ယောက် ဖြစ်တဲ့ ကျွန်မအနေနဲ့ ခံစားပြီးဖြေရရင် ကိုယ်ကြိုက်တဲ့သူ ထာဝရမေတ္တာရှိနိုင် မယ့်သူကို ရွေးမှာပါ၊ ဒီအတွက် ဒီလူသုံးယောက်နဲ့ဆုံပြီး အကဲခတ်ဖို့တော့ လိုမယ်လေ။ ခေါ်ပေးပါလား။ အဟီး။

မနှင်းသီတာအတွက် ဟားခလုတ်(၉)စာအုပ်လက်ဆောင် စာတိုက်မှတစ်ဆင့် ပေးပို့လိုက်ပြီဖြစ်သည်။

**အဖတ်သင် အိမ်စာများ ပေးပို့လိုလျှင်ဖြင့်**

**အဖတ်သင်ကဏ္ဍ**

**ဟားခလုတ်အယ်ဒီတာအဖွဲ့**

အမှတ်(၁၁၃)၊ ကန်သာယာလမ်း၊ ၂၆ရပ်ကွက်၊

တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သို့ လိပ်မူ၍ပေးပို့နိုင်ပါသည်။